

ဝက္ကာအောင်
ရှောင်အင်း၏မြန့်ဟူရှ
ခြင်္သေ့ဟိန်းသံ
ပထမပိုင်း

ရိုးစာတ်ရေး-

ဝဏ္ဏအောင်

# ခြင်္သေ့ဟိန်းသံ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၇၈၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၉၁၁၂၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## သိုင်းပညာကျေးကျွန်

လျှောင်ဟွီပြည်နယ်...

လျှောင်ဟွီပြည်နယ်တွင် သိုင်းဆရာကြီး'ဟောင်စွမ်း'မှာ အလွန်ထင်ရှားကျော်ကြားသော သိုင်းဆရာကြီးတစ်ဦး ဖြစ်သည်။

သိုင်းပညာ ဝါသနာပါသူများသည် ဆရာကြီး'ဟောင်စွမ်း' ထံသို့ လာရောက်တပည့်ခံကြသည်။

သို့သော်...

ဆရာကြီးဟောင်စွမ်းက ရောက်လာသူတိုင်းကို တပည့် အဖြစ် လက်ခံသည်မဟုတ်ပါ။

စိတ်နေသဘောထားနှင့် ဖွဲလုံ့လ ဝီရိယ ရှိမရှိ၊ သိုင်းပညာ သင်နိုင်သော အရိုးအဆစ် အကြောအချဉ်များ ရှိမရှိ တိတိကျကျ စစ်ဆေးပြီး ထွန်းပေါက်အောင်မြင်နိုင်သည့် အရည်အချင်း ရှိသူများ ကိုသာလျှင် ရွေးချယ်ကာ သင်ကြားပေးခြင်း ဖြစ်လေသည်။

ဆရာကြီးဟောင်စွမ်းသည် သိုင်းပညာသင်ပေးရာတွင် အခ ကြေးငွေမယူပါ။ တန်ခိုးလက်ဆောင်မယူပါ။

တကယ့်ကို စေတနာထားကာ သူကပင် ကျွေးမွေးစောင့်ရှောက်ကာ ဆရာစားမချန်ဘဲ ကိုယ်ဖိရင်ဖိ သင်ကြားပေးသူ ဖြစ်လေသည်။

ဆရာကြီး၏စေ့စပ်သေချာမှုနှင့် စေတနာမှန်ကန်မှုကြောင့်လည်း သူ့ထံ၌ ပညာသင်ယူပြီး နောက်ပိုင်း သိုင်းလောကသို့ ဆင်းကာ ကျင်လည်ကျက်စားကြသူများသည် အများကြည်ညိုလေးစားရသည့် ထင်ရှားသော သိုင်းသမားများအဖြစ် ရပ်တည်သွားနိုင်ခဲ့သည်ချည့် ဖြစ်လေသည်။

ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသကဲ့သို့ ဆရာကြီးသည် တပည့်ကောင်းများ မွေးထုတ်ပေးနိုင်သူအဖြစ် ထင်ရှားလေတော့သည်။ တပည့်များလည်း ထင်ရှားလေတော့သည်။

ခေတ်အဆက်ဆက် နာမည်ကောင်းတွင်ခဲ့သော ဆရာကြီးဟောင်စွမ်းသည် တစ်နေ့တွင် တပည့်တစ်ယောက်ကြောင့် အကြီးအကျယ် အရှက်တကွဲ အကျိုးနည်း ဖြစ်ရလိမ့်မည်ဟု မည်သူမျှမမျှော်လင့်ခဲ့ပါချေ။

ဆရာကြီးကိုယ်တိုင်လည်း အလွန်အားထားမိသော တပည့်ဖြစ်သူက အမိုက်ဆုံးတပည့်တစ်ယောက် ဖြစ်နေလေသောအခါ...

တပည့်မိုက်မှာ 'ကျန်းလောင်ချန်း' ဖြစ်လေသည်။

◆ ◆ ◆



ကျန်းလောင်ချန်းသည် မိဘမဲ့တစ်ကောင်ကြွက် ဖြစ်လေသည်။

ဆရာကြီးဟောင်စွမ်းက ဂိုဏ်းချုပ်ကြီးတစ်ဦး၏ ဧည့်ခံပွဲတစ်ခုကို တက်ရောက်ပြီး အပြန်လမ်း၌ လမ်းဘေးတွင် အစာရေစာပြတ်ကာ လဲကျနေသော ကျန်းလောင်ချန်းကို တွေ့ရှိသွားပြီး ဂရုဏာသက်ကာ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

သူ၏ဂေဟာသို့ ပြန်ရောက်သောအခါ ဂေဟာထိန်းကြီးလက်ထဲအပ်ပြီး ပြုစုစောင့်ရှောက်စေခဲ့သည်။

ကျန်းလောင်ချန်း နေကောင်းလာပြီး အစာရေစာ ဝဝလင်လင် စားသောက်ရလေသောကြောင့် ကြံ့ခိုင်သန်စွမ်းလာသည်။

ရေခပ်၊ ထင်းခွဲ၊ တံမြက်လှည်းနိုင်သည့် အလုပ်မှန်သမျှအခြားအလုပ်သမားများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ကိုင်လေသည်။

ပြောစကားဆိုစကား နားထောင်ပြီး လွန်လိမ္မာသော ကလေးတစ်ယောက် ဖြစ်လာလေသည်။

ဆရာကြီးဟောင်စွမ်းသည် အလုပ်အလွန်များသူ ဖြစ်ရကား နောက်ပိုင်းတွင် ကျန်းလောင်ချန်းကို မေ့လျော့သွားတော့သည်။

ကျန်းလောင်ချန်းသည် ဂေဟာထိန်းကြီး၏ အုပ်ထိန်းမှုဖြင့် တဖြည်းဖြည်း ကြီးပြင်းလာခဲ့တော့သည်။

ဆရာကြီးဟောင်စွမ်းထံသို့ ကျန်းလောင်ချန်း ရောက်ရှိလာခဲ့သည်မှာ ငါးနှစ်တိုင်ခဲ့တော့သည်။

တစ်နေ့...

ထိုတစ်နေ့ကြောင့် ဆရာကြီးဟောင်စွမ်းသည် မေ့လျော့နေခဲ့သော ကျန်းလောင်ချန်းကို ပြန်လည်သတိရလာခဲ့ရလေတော့သည်။

◆ ◆ ◆

နေမွန်းတည့်တော့မည် ဖြစ်သည်။

ဆရာကြီးဟောင်စွမ်းသည် နံနက်စာ စားပြီး အနားယူနေ၏။ ထိုစဉ် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆရာကြီးဟောင်စွမ်း အံ့သြသွားလေသည်။

"ဘာတွေများ အချင်းများနေကြတာပါလိမ့်"

ဟု တွေးကာ အနားယူနေသော အဆောင်ထဲမှ ထွက်လာခဲ့လေသည်။

ဆူဆူညံညံ အသံများသည် သိုင်းလေ့ကျင့်သည့် နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

လာရောက်ပညာသင်ကြားနေကြသူ အချင်းချင်း စကားများ ရန်ဖြစ်နေသည်ဟု ဆရာကြီးဟောင်စွမ်း ထင်လိုက်မိလေသည်။

"ပညာသင်ဘက်ချင်း ရန်ဖြစ်တယ်ဆိုယင်တော့ ရှေ့ဆက်လက်ခံထားလို့ မဖြစ်တော့ဘူး"

စည်းကမ်းမလိုက်နာသူရှိလျှင် ရှေ့ဆက်လက်ခံမည် မဟုတ်ဘဲ ချက်ချင်းမောင်းထုတ်ပစ်မည်သာ ဖြစ်လေသည်။



"ဆရာကြီး လာနေပြီဟေ့"

တပည့်တစ်ယောက်က ပြောလိုက်သဖြင့် အားလုံးငြိမ်သက်သွားကြလေသည်။

စိတ်ဆိုးပြီး ရောက်လာသော ဆရာကြီးဟောင်စွမ်းကို ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။ ဆရာကြီးဟောင်စွမ်းက...

"ဘာကြောင့် ဆူဆူညံညံ ဖြစ်နေကြတာလဲ ပြောစမ်း"

တပည့်တစ်ယောက်က...

"သည်ကောင်လေးကြောင့်ပါ ဆရာကြီး"

ကောင်လေးတစ်ယောက်ကို ညွှန်ပြလိုက်လေသည်။

ဆရာကြီးဟောင်စွမ်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ကောင်လေးကို ကြည့်လိုက်သည်။

အသက်ဆယ့်သုံးနှစ်ခန့် ရှိသော ကောင်လေးတစ်ယောက် ဖြစ်သည်။

"မင်းက ဘယ်သူလဲ"

ဟု မေးလိုက်သောအခါ ကောင်လေးက...

"ကျွန်တော်က ကျန်းလောင်ချန်းပါ ဆရာကြီး"

"ကျန်းလောင်ချန်း ဟုတ်လား"

"ဟုတ်ပါတယ်၊ ဂေဟာထိန်းကြီးနဲ့ အတူနေတဲ့ ကျန်းလောင်ချန်းပါ ခင်ဗျာ"

"လက်စသပ်တော့ မင်းကိုး"

ဆရာကြီးဟောင်စွမ်း မှတ်မိသွားလေသည်။

"မင်းကို ငါမေ့နေလိုက်တာ၊ မင်းနေရထိုင်ရတာ အဆင်

ပြောတယ် မဟုတ်လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ခင်ဗျာ"

"ကောင်းတယ်..ကောင်းတယ်"

ဆရာကြီးဟောင်စွမ်းက ကျန်းလောင်ချန်းကို အကဲခတ်လိုက်လေသည်။

"နေပါဦး၊ သည်ကောင်လေးက ဘာဖြစ်လို့လဲ"

ပညာသင်တပည့်များကိုလည်း မေးလိုက်လေသည်။

တပည့်ကြီးတစ်ဦးက...

"သည်ကောင်လေးက ကျွန်တော်တို့ သိုင်းပညာ လေ့ကျင့်နေတာကို တိတ်တဆိတ် ချောင်းကြည့်နေလို့ပါ ဆရာကြီး"

"ဩော်"

ဆရာကြီးဟောင်စွမ်း အခြေအနေကို သဘောပေါက်သွားလေတော့သည်။ ကျန်းလောင်ချန်းကို သူက လမ်းဘေးမှ ကယ်တင်လာခဲ့သည်။

ဂေဟာထိန်းကြီး လက်ထဲ အပ်နှံကာ ကျွေးမွေးပြုစု စောင့်ရှောက်ထားစေခဲ့သည်။ နောက်ပိုင်းတွင် ကျန်းလောင်ချန်းကို သူ မေ့သွားသည် မဟုတ်ပါလား။

"မင်းတောင် အတော်ကြီးလာပြီကိုး၊ နေပါဦး၊ သည်ဘက်ကို မလာရဘူးလို့ ဂေဟာထိန်းကြီးက မင်းကို မှာမထားဘူးလား"

"မှာထားပါတယ် ခင်ဗျာ"

"အေး မှာထားလျက်နဲ့ မင်းက ဘာကြောင့် လာရတာလဲ ပြောပါဦး"



ကျန်းလောင်ချန်းက...

"ကျွန်တော် တစ်နေ့မှာ မမျှော်လင့်ဘဲ သည်ဘက်ကို ရောက်လာယင်း သိုင်းလေ့ကျင့်နေကြတာကို တွေ့လို့ စိတ်ဝင်စားပြီး ကြည့်မိတာပါ ခင်ဗျာ"

ဤတွင် တပည့်ကြီးတစ်ဦးက ဝင်ပြောလေသည်။

"ဆရာကြီးခင်ဗျား သည်ကောင်လေး မကြာခဏ လာပြီး ချောင်းကြည့်နေတာပါ၊ သူ့ကို မလာဖို့ ပြောလိုက်တာ နှစ်ခါ ရှိပါပြီ၊ သည်တစ်ခါလည်း လာပြီး ချောင်းကြည့်နေတာကြောင့် ဖမ်းပြီး ဆရာကြီးဆီကို ခေါ်လာမလို့ပါ ခင်ဗျာ"

ဆရာကြီးဟောင်စွမ်း မျက်မှောင်ကုပ်သွားသည်။

"မင်းက မကြာခဏ လာပြီး ချောင်းကြည့်နေတယ် ဟုတ်လား"

"ကျွန်တော်.."

"မှန်မှန်ပြောစမ်း"

"ဟုတ်..ဟုတ်ပါတယ် ခင်ဗျာ"

ကျန်းလောင်ချန်း မဝံ့မရဲဖြင့် အမှန်အတိုင်း ဝန်ခံလိုက်လေတော့သည်။

ဆရာကြီးဟောင်စွမ်းက...

"မင်း ဘာကြောင့် လာချောင်းကြည့်ရတာလဲ"

"ကျွန်..ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ"

"ဟေ"

ကျန်းလောင်ချန်း၏စကားကြောင့် ဆရာကြီးဟောင်စွမ်း

အံ့သြသွားလေသည်။

"မင်းသိုင်းပညာသင်ချင်တယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်း ဘာကြောင့် သင်ချင်တာလဲ"

ကျန်းလောင်ချန်း မဖြေတတ်ချေ။

မည်သို့ဆိုစေ သိုင်းပညာသည် အားကိုးအားထားရာ ပညာရပ်တစ်ခု ဖြစ်ကြောင်း သိရှိနေပြီ ဖြစ်သည်ကို ဆရာကြီးဟောင်စွမ်း ရိပ်မိထားလေသည်။

"မင်းက ငယ်သေးတယ်၊ ဒါပေမယ့် သိုင်းသင်ချင်တယ်ဆိုယင် ဂေဟာထိန်းကြီးနဲ့ ငါတိုင်ပင်လိုက်ဦးမယ်၊ ကဲ မင်း ပြန်တော့ လိမ်လိမ်မာမာနေ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာကြီးဟောင်စွမ်း လက်ဝှေ့ယမ်းပြလိုက်လျှင် ခပ်သွက်သွက် ပြေးထွက်သွားလေတော့သည်။

◆ ◆ ◆

ဆရာကြီးဟောင်စွမ်းက ကျန်းလောင်ချန်းကို မမေ့တော့ပါ။ ဂေဟာထိန်းကြီးနှင့် တွေ့ကာ ကျန်းလောင်ချန်းအကြောင်း စုံစမ်းမေးမြန်းလိုက်လေသည်။

ဂေဟာထိန်းကြီးသည် ကျန်းလောင်ချန်း မည်မျှ လိမ္မာရေးခြားရှိကြောင်း ရွှန်းရွှန်းဝေအောင် အမွှန်းတင် ပြောပြလေသည်။



ကျန်းလောင်ချန်းသည် မိဘဆွေမျိုး ညာတိမရှိ၊ ဘာအနှောင်အဖွဲ့မှ မရှိသော ကောင်လေးတစ်ယောက် ဖြစ်ရကား ဘဝရှေ့ရေးအတွက် သိုင်းသင်ပေးထားခြင်းက အကောင်းဆုံး ဖြစ်မည်ဟု ဆရာကြီးဟောင်စွမ်း တွေးမိလေသည်။

ဂေဟာထိန်းကြီးထံ၌ စုံစမ်းပြီးနောက် ကျန်းလောင်ချန်းကို ခေါ်ယူတွေ့ဆုံကာ သိုင်းပညာသင်၍ ရမရ စစ်ဆေးကြည့်လိုက်လေသည်။

ကျန်းလောင်ချန်း၏ အရိုးအဆစ်များကို စစ်ဆေးပြီးလျှင် ဆရာကြီးဟောင်စွမ်း မယုံနိုင်အောင် အံ့သြမိတော့သည်။

"သည်ကောင်လေးလောက် အရိုးအဆစ် အကြောအချဉ်ကောင်းတဲ့ လူစားမျိုး ငါတစ်ခါမှ မတွေ့ဖူးသေးဘူး"

ကျန်းလောင်ချန်းကို အလွန်သဘောကျသွားတော့သည်။

"ငါသာ ဂရုစိုက်ပြီး သင်ကြားပေးလိုက်မယ်ဆိုယင် လေးငါးဆယ်နှစ်အတွင်းမှာ ထိပ်တန်းသိုင်းပညာ ရသွားမှာ သေချာတယ်"

ဆရာကြီးဟောင်စွမ်းက ကျန်းလောင်ချန်းအား သိုင်းပညာသင်ပေးဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆

## မီးတိမ်လွှာ

ကျန်းလောင်ချန်းသည် လမ်းဘေး၌ စားရမဲ့ သောက်ရမဲ့ ဘဝဖြင့် လေလွင့်နေခဲ့ရသော ကောင်လေးတစ်ယောက် ဖြစ်သည်။

ဆရာကြီးဟောင်စွမ်းနှင့် ဆုံတွေ့ပြီးနောက် ဂေဟာထိန်းကြီး၏ အုပ်ထိန်းစောင့်ရှောက်မှုအောက်တွင် စည်းကမ်းရှိစွာ ကြီးပြင်းခဲ့ရလေသည်။

ထိုမှတဖန် သိုင်းပညာသင်ကြားခွင့် ရခဲ့ပြီ ဖြစ်ပါသည်။

ကျန်းလောင်ချန်းက သိုင်းပညာကို တကယ့်ကို ဝါသနာပါသူ ဖြစ်လေသည်။

သင်ပေးသမျှကို တစ်လုံးမကျန် မှတ်သားပြီး ခွဲလုံ့လဝီရိယစိုက်ထုတ်ကာ လေ့ကျင့်လေသည်။

အခြားတပည့်ကြီးများပင်လျှင် ကျန်းလောင်ချန်း၏ သိုင်းပညာ လေ့ကျင့်ရာ၌ ဇွဲကြီးမှု၊ အပင်ပန်းခံမှုများကို ချီးကျူးခဲ့ကြရလေတော့သည်။

ကျန်းလောင်ချန်းသည် သူများထက် ပိုပြီး ဉာဏ်ကောင်းသူလည်း ဖြစ်သည်။



မည်မျှရှုပ်ထွေး၊ မည်မျှခက်ခဲသည့် သိုင်းကွက် ဖြစ်ပါစေ တစ်ကြိမ်တစ်ခါ သင်ကြားပြသလိုက်သည်နှင့် ကျန်းလောင်ချန်း ရရှိသွားသည်ချည့် ဖြစ်လေသည်။

ဆရာကြီးဟောင်စွမ်းသာမက တပည့်ကြီးများပါ ကျန်းလောင်ချန်းကို တအံ့တသြ ဖြစ်ခဲ့ကြတော့သည်။

ကျန်းလောင်ချန်းသည် နှစ်များ မကြာမီ ထိပ်တန်းသိုင်းပညာများကို ရရှိလာခဲ့တော့သည်။

ကျန်းလောင်ချန်းသည် ဆရာကြီးဟောင်စွမ်း ယုံကြည်စိတ်ချပြီး အားကိုးအားထားပြုရသော အချစ်ဆုံးတပည့် ဖြစ်လာခဲ့လေတော့သည်။

◆ ◆ ◆

ဆရာကြီးဟောင်စွမ်းသည် ကျန်းလောင်ချန်းကို ယုံကြည်စိတ်ချကာ ချစ်မြတ်နိုးသည့်အလျှောက် ညဘက်ရောက်၍ အားလုံးအနားယူကြသောအချိန်တွင် ကျန်းလောင်ချန်းကို သူ၏အနီးသို့ ခေါ်ကာ နင်းပေးနှိပ်ပေးခြင်းဖြင့် ပြုစုစေသည်။

သူကလည်း စာပေပညာ၊ သိုင်းလောက ဗဟုသုတများ ပြောပြလေသည်။

ကြာသော် ကျန်းလောင်ချန်းသည် စာပေပညာကို ရေးတတ်ဖတ်တတ် အဆင့်သာမက ကဗျာလင်္ကာများ၊ ရှေးဟောင်း ပုရပိုဒ်ကျမ်းဂန်များ ဖတ်ရှုနိုင်သည်အထိ ကျွမ်းကျင်လာလေသည်။

ထိုမျှမကသေး...

သိုင်းလောကကို မရောက်ဖူးသေးသော်လည်း သိုင်းလောကအကြောင်း ခရေစေ့တွင်းကျ သိလာခဲ့တော့သည်။

ဆရာကြီးဟောင်စွမ်းက ကျန်းလောင်ချန်းအား တစ်ချိန်တွင် ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လာစေရန် ဂရုစိုက် ပြုစုပျိုးထောင်ပေးနေခြင်း ဖြစ်လေသည်။

တစ်ည...

ဆရာကြီးဟောင်စွမ်းက ကျန်းလောင်ချန်း၏ အခြေအနေကို အားရကျေနပ်စွာ ချီးကျူးလိုက်လေသည်။

"ကျန်းလောင်ချန်း၊ တစ်နေ့ကျယင် မင်းဟာ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လာရမယ်၊ မင်းကို ငါ့ပညာကုန် သင်ပေးမယ့်အပြင် 'မီးတိမ်လွှာ'သိုင်းကိုလည်း သင်ပေးလိုက်မယ်"

ကျန်းလောင်ချန်း စိတ်ဝင်စားသွားလေသည်။

'မီးတိမ်လွှာ'သိုင်းဆိုသည်က ကြားရသည်မှာ ထူးခြားနေသည် မဟုတ်ပါလား။

ဆရာကြီးဟောင်စွမ်းက...

"မီးတိမ်လွှာသိုင်းကိုသာ တတ်မြောက်သွားမယ်ဆိုယင် သိုင်းလောကမှာ မင်းကို ယှဉ်နိုင်တဲ့လူ အင်မတန် ရှားသွားလိမ့်မယ်"

ကျန်းလောင်ချန်း ဝမ်းသာသွားလေသည်။

မီးတိမ်လွှာသိုင်းကို ယခုချက်ချင်းပင် သင်ကြားလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။



ဆရာကြီးဟောင်စွမ်းက...

"မီးတိမ်လွှာသိုင်းက အတွင်းအားထက်မြက်မှ သင်ယူလို့ရမယ်၊ ဒါကြောင့် မင်းရဲ့အတွင်းအား ကောင်းမွန်လာအောင် အယင်ဆုံး ကြိုးစားသွားရဦးမယ်၊ နောက်ဆယ်နှစ် ဆယ့်ငါးနှစ်လောက်ဆိုယင် မင်းအတွက် အစစအရာရာ ပြည့်စုံသွားမှာပါ"

ကျန်းလောင်ချန်း စိတ်ဓာတ်တက်ကြွနေရာမှ ချက်ချင်း စိတ်ဓာတ်ကျသွားလေတော့သည်။

"နောက်ဆယ်နှစ် ဆယ့်ငါးနှစ်လောက် စောင့်ရဦးမယ်ဆိုပါလား"

ကျန်းလောင်ချန်း စိတ်မရှည်နိုင်အောင် ဖြစ်သွားလေသည်။

ထိုစဉ်...

"ဟောသည်မှာကြည့်"

ဆရာကြီးဟောင်စွမ်းက ယွန်းသေတ္တာလေးဖြင့် တရိုတသေ သိမ်းဆည်းထားသည့် သိုင်းကျမ်းတစ်ခုကို ထုတ်ပြလေသည်။

ဆရာကြီးဟောင်စွမ်းက...

"ငါက တစ်နေ့ကျယင် ငါ့ရဲ့စိတ်ကြိုက်အဖြစ်ဆုံးဆိုတဲ့ တပည့်ကို သည်မီးတိမ်လွှာသိုင်းကျမ်း ပေးအပ်မယ်လို့ ဆုံးဖြတ်ထားတာ၊ ငါ့မှာ တပည့်တွေ အများကြီး ရှိခဲ့ပေမယ့် စိတ်ကြိုက်တွေ့ခဲ့သေးတာ မဟုတ်ဘူး၊ မင်းနဲ့ကျမှ ငါသဘောကျသွားတယ်ဆိုတော့ မင်း တကယ်ပဲ ကံကောင်းတဲ့ လူငယ်လေးတစ်ယောက်ပေ့ါလေ"

ထို့နောက် မီးတိမ်လွှာသိုင်းကျမ်းကို ယွန်းသေတ္တာထဲ ပြန်

ထည့်ကာ စာအုပ်ဘီရိုထဲ၌ သိမ်းဆည်းထားလိုက်လေသည်။

ကျန်းလောင်ချန်း၏မျက်လုံးများက ထိုစာအုပ်ဘီရိုမှ မခွာနိုင်တော့ချေ။

ဆရာကြီးဟောင်စွမ်းက…

"ကဲ ကျန်းလောင်ချန်း၊ မင်းလည်း သွားပြီး အနားယူလိုက်ဦး၊ ခုချိန်ကစပြီး တစ်နေ့ကျယင် သိုင်းလောကရဲ့ ထိပ်ဆုံးနေရာကို ရောက်ရမယ်လို့ စိတ်ထဲမှတ်ထားပြီး အစွမ်းကုန်ကြိုးစားပေတော့"

ဟု မှာကြားလိုက်လေတော့သည်။

ကျန်းလောင်ချန်းလည်း ဆရာကြီးကို ဦးညွှတ်ဂါရဝပြုပြီး ထွက်သွားလေတော့သည်။

◆ ◆ ◆

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

တစ်လ…။

တစ်လဟူသောအချိန် မည်သို့ ကုန်ဆုံးသွားသည်ကို ကျန်းလောင်ချန်း မသိလိုက်ပါ။

သူကောင်းစွာ စားမဝင် အိပ်မပျော်ခဲ့သည်မှာလည်း ကြာပြီ ဖြစ်လေသည်။

သူ၏မျက်လုံးထဲ၌ 'မီးတိမ်လွှာ'သိုင်းကျမ်းကိုသာ မြင်ယောင်နေမိလေသည်။

မီးတိမ်လွှာသိုင်းကျမ်းကိုသာ ရမည်ဆိုပါက သိုင်းလောက



၌ လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းသမားတစ်ယောက် ဖြစ်လာပေမည်။

မိဘမဲ့တစ်ကောင်ကြွက် လူတကာအလယ် မျက်နှာငယ်ရသော ဘဝမှ လူတိုင်း ဦးညွှတ်ရမည့်သူ ဖြစ်လာလိမ့်မည် မဟုတ်ပါလား။

"ဆယ်နှစ် ဆယ့်ငါးနှစ်လောက် စောင့်ရဦးမှာ"

ကျန်းလောင်ချန်း ညည်းတွားလိုက်လေသည်။

ဆယ်နှစ် ဆယ့်ငါးနှစ်ဟူသည် နည်းနည်းနောနော အချိန် မဟုတ်ပါချေ။

ထိုကြာညောင်းလှသော အချိန်ကာလအတွင်း ဆရာကြီးဟောင်စွမ်းကသာ စိတ်နေသဘောထား ပြောင်းလဲသွားမည်ဆိုပါလျှင်…

"ငါ မရလို့ မဖြစ်ဘူး"

ကျန်းလောင်ချန်းသည် မီးတိမ်လွှာသိုင်းကျမ်းကို လိုချင်စိတ်ဝိုပြီး ပြင်းပျလာသည်။

မရ၍ မဖြစ်ဟု သဘောပိုက်လိုက်သည်။

"တခြားလူလက်ထဲ အရောက်ခံလို့ မဖြစ်ဘူး၊ မီးတိမ်လွှာသိုင်းကျမ်းဟာ ငါ့အတွက်ပဲ ဖြစ်ရမယ်"

ကျန်းလောင်ချန်းသည် မီးတိမ်လွှာသိုင်းကျမ်းကို မရမနေ ရယူဖို့ ဆုံးဖြတ်လိုက်သည်။

သူ၏အသက် ဆယ့်ငါးနှစ်ကျော်ကျော်သာ ရှိပါသေး၏။

မီးတိမ်လွှာသိုင်းကျမ်းကဲ့သို့ အလွန်တန်ဖိုးကြီးသော သိုင်း

ကျမ်းတစ်ခုကို ရယူပိုင်ဆိုင်ဖို့ဆိုသည်မှာ...

ကျန်းလောင်ချန်းသည် သိုင်းပညာနှင့် ပတ်သက်လျှင် အရူးအမူး စွဲလန်းမိနေပြီ ဖြစ်သည်။

သိုင်းပညာ၏ ကျေးကျွန်တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီ ဆိုနိုင်သည်။

ထို့ကြောင့် မှန်သည် မှားသည် ဘာကိုမှ မစဉ်းစားတော့ဘဲ မီးတိမ်လွှာသိုင်းကျမ်းကို အရယူဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆

ဆရာကြီးဟောင်စွမ်းသည် သိုင်းလေ့ကျင့်သည့် မြေကွက်လပ်သို့ ကြည့်လိုက်လေသည်။

တပည့်များက အားကြိုးမာန်တက် သိုင်းလေ့ကျင့်နေကြသည်မှာ ဆရာကြီးဟောင်စွမ်းအတွက် အားရကျေနပ်စရာကောင်းလှသည်။

ဆရာကြီးဟောင်စွမ်းက မြေကွက်လပ်တစ်ဘက်သို့ ကြည့်လိုက်လေသည်။

ထိုနေရာ၌ စက်ဝိုင်းပုံ ဖြစ်အောင် ပြုပြင်စိုက်ပျိုးထားသော မြက်ခင်းပြင်တစ်ခု ရှိလေသည်။

ထိုမြက်ခင်းပြင်သည် ကျန်းလောင်ချန်း သိုင်းလေ့ကျင့်ရန် သီးခြားပြုလုပ်ထားခြင်း ဖြစ်သည်။

စက်ဝိုင်းပုံ မြက်ခင်းပြင်မှာ စိမ်းလန်းစိုပြေ၏။



သို့သော် မြက်ခင်းပေါ်၌ သိုင်းလေ့ကျင့်နေသူတစ်ဦးတစ်ယောက်မှ မရှိပါချေ။

ကျန်းလောင်ချန်း၏ အရိပ်ရောင်ပင် မတွေ့ရပါချေ။

ဆရာကြီးဟောင်စွမ်း မျက်မှောင်ကုပ်သွားလေသည်။

"ကျန်းလောင်ချန်း မလာဘူးလား"

ဟု တပည့်ကြီးများအား မေးလိုက်လေသည်။

ဆရာကြီးဟောင်စွမ်း တာဝန်ယူ သိုင်းပညာသင်ပေးနေသည့် တပည့်ငါးယောက်ရှိလေသည်။

ထိုတပည့်ငါးယောက်အနက် အကြီးဆုံးတပည့်ဖြစ်သော 'ရှောင်တ'က....

"ကျန်းလောင်ချန်း သည်နေ့မလာပါဘူး ဆရာကြီး"

ဟုဦးညွှတ် အဖြေပေးလိုက်သည်။

ဆရာကြီးဟောင်စွမ်း သဘောမကျဖြစ်သွားသည်။

"သူက ဘာကြောင့် ပျက်ကွက်ရတာလဲ၊ သိုင်းလေ့ကျင့်တယ်ဆိုတာ ပေါ့ပေါ့ဆဆလုပ်လို့ မရဘူး"

အငယ်ဆုံးတပည့်ဖြစ်သော ရှောင်ဂူကို တာဝန်ပေးလိုက်လေသည်။

"ရှောင်ဂူ..မင်းသွားခေါ်လိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

ရှောင်ဂူး ခပ်သွက်သွက် ပြေးထွက်သွားလေသည်။

ဆရာကြီးဟောင်စွမ်းမှာ စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်နိုင်အောင် ဖြစ်နေမိလေသည်။

မကြာပါချေ။ ရှောင်ဂူ ပြန်ရောက်လာသည်။

ကျန်းလောင်ချန်း ပါမလာပါချေ။

ဆရာကြီးဟောင်စွမ်းက ဆီး၍မေးလိုက်လေသည်။

"ကျန်းလောင်ချန်းရော"

ရှောင်ဂူ ဦးညွှတ်လိုက်သည်။

"သူ့ကို ရှာလို့မတွေ့ပါဘူးခင်ဗျာ"

"ဘယ်လို၊ ရှာမတွေ့ဘူး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဂေဟာထိန်းကြီးကော"

"ဂေဟာထိန်းကြီးက ကျန်းလောင်ချန်းကို သည်နေ့မနက် လုံးဝမတွေ့သေးဘူး၊ သိုင်းသွားလေ့ကျင့်နေတာလို့ ထင်နေမိတယ်လို့ ပြောပါတယ်"

ဆရာကြီးလောင်စွမ်း တွေဝေသွားလေသည်။

"သည်ကောင်လေး ဘယ်ပျောက်နေတာလဲ၊ ကဲ မင်းတို့ လိုက်ရှာကြစမ်း၊ ဂေဟာထိန်းကြီးကိုလည်း အကြောင်းကြားလိုက်ကြဦး"

"ကောင်းပါပြီခင်ဗျာ"

တပည့်ငါးယောက်သည် သိုင်းဆက် မလေ့ကျင့်နိုင်တော့ဘဲ ကျန်းလောင်ချန်းအား လိုက်ရှာကြရတော့သည်။

ဂေဟာထိန်းကြီးနှင့်လည်း အလုပ်သမားများ၊ အိမ်ဖော်းကလည်း ဝိုင်းဝန်းရှာဖွေကြလေသည်။

ရှိသမျှလူအားလုံး အလုပ်ရှုပ်သွားကြတော့သည်။



သို့သော်...

ကျန်းလောင်ချန်း၏ အရိပ်အရောင်ကိုပင် ရှာမတွေ့ကြချေ။

ကျန်းလောင်ချန်းကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားလေတော့သည်။

◆ ◆ ◆

တစ်ရက်။

နှစ်ရက်။

သုံးရက်။

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ကျန်းလောင်ချန်းကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားလေသည်။

ဆရာကြီးဟောင်စွမ်း၏ ဂေဟာနှင့် ခြံဝင်းအတွင်း၌ တစ်လက်မမကျန် ရှာဖွေပြီးပြီဖြစ်သည်။

ထို့ကြောင့် ဂေဟာခြံဝင်းအပြင်ဘက် အနီးပတ်ဝန်းကျင်၌ လူခွဲကာ ရှာဖွေကြသည်။ သတင်းစုံစမ်းကြသည်။

သို့သော် မည်သည့်သတင်းမျှ မကြားရဘဲ ကျန်းလောင်ချန်း ပျောက်ဆုံးသွားသဖြင့် ပဟေဠိပမာ ဖြစ်ခဲ့ရတော့သည်။

◆ ◆ ◆

## သိုင်းလောကအန္တရာယ်

တစ်လ...။

ကျန်းလောင်ချန်း ပျောက်ဆုံးသွားသည်မှာ တစ်လရှိသွားပြီဖြစ်လေသည်။

ကျန်းလောင်ချန်းနှင့် ပတ်သက်ပြီး ဘာဆိုဘာမှ သတင်းမကြားရတော့ပါချေ။

ဆရာကြီးဟောင်စွမ်း နားမလည်နိုင်အောင် ဖြစ်နေ၏။

"သူဟာ တကယ့်ကို ရိုးသားကြိုးစားတဲ့ ကလေးတစ်ယောက်ပါ၊ တစ်နေ့ ကျိန်းသေ အောင်မြင်ကျော်ကြားလာမယ့် အလားအလာကောင်းတွေ ရှိနေတယ်၊ ငါ့ရဲ့ မီးတိမ်လျှာသိုင်းပညာ သူ့ကို သင်ကြားပေးမယ်ဆိုတာလည်း သူသိနေတာပဲ"

ကျန်းလောင်ချန်း အဘယ်ကြောင့် ပျောက်ဆုံးသွားရပါသနည်း။

ဆရာကြီးဟောင်စွမ်းက မီးတိမ်လျှာသိုင်းကျမ်းထည့်ထားသည့် ယွန်းသေတ္တာလေးကို ဘီရိုထဲမှထုတ်ယူကာ စစ်ဆေးကြည့်လိုက်လေသည်။



ထိုအခါမှ...

ကျန်းလောင်ချန်း ပျောက်ဆုံးသွားသော အကြောင်းရင်းကို တိတိကျကျ သိလိုက်ရလေတော့သည်။

◆ ◆ ◆

မီးတိမ်လျှာသိုင်းကျမ်း ယွန်းသေတ္တာလေးထဲ၌ ရှိနေတော့ပါ။

သိုင်းကျမ်း ပျောက်ဆုံးသွားချေပြီ။

သိုင်းကျမ်းသည် သက်မဲ့ပစ္စည်းဖြစ်သည့်အတိုင်း ခြေထောက်ပေါက်ကာ ထွက်သွားနိုင်မည် မဟုတ်ပါ။

တစ်ယောက်ယောက်က ယူသွားခြင်းကြောင့်သာ ပျောက်ဆုံးသွားခြင်း မဟုတ်ပါလား။

မည်သူ ယူသွားပါသနည်း။

"ကျန်းလောင်ချန်း"

ဆရာကြီးဟောင်စွမ်း ဒေါသချောင်းချောင်းထွက်သွားတော့သည်။

ကျန်းလောင်ချန်းသည် ကျေးမွေးပြုစုစောင့်ရှောက်ကာ လူတလုံးသူတလုံးဖြစ်အောင် သိုင်းပညာသင်ကြားပေးထားသည့် ကျေးဇူးကိုမှ မထောက်ထားဘဲ ကျေးဇူးကန်းခဲ့ချေပြီ။

ဂေဟာထိန်းကြီးကို ချက်ချင်းခေါ်ယူ တွေ့ဆုံလိုက်လေသည်။

"ဂေဟာထိန်းကြီး...ကျန်းလောင်ချန်းကို တွေ့အောင်ရှာမှ ဖြစ်တော့မယ်၊ မတွေ့တွေ့အောင် ရှာရမှာဗျ"

ဂေဟာထိန်းကြီးက...

"ကျန်းလောင်ချန်း တစ်စုံတစ်ခု ဖြစ်ယင်ဖြစ်၊ မဖြစ်လို့ သူ ထွက်ပြေးသွားတာဆိုယင့်တော့ သည်အရပ်ဒေသမှာရှိတော့မှာ မထင်ပါဘူး ဆရာကြီး'

"သူ ထွက်ပြေးသွားတာဗျ"

ဆရာကြီးဟောင်စွမ်းက အခွံသာကျန်တော့သည့် ယွန်းသေတ္တာလေးကို ဖွင့်ပြလိုက်လေသည်။

"သူက မီးတိမ်လွှာသိုင်းကျမ်းကို ခိုးပြီးထွက်ပြေးသွားတာ"

"ဒုက္ခပဲ"

ဂေဟာထိန်းကြီး မျက်လုံးပြူးသွားလေသည်။

ဆရာကြီးဟောင်စွမ်း၏ မီးတိမ်လွှာသိုင်းမှာ ပြိုင်ဘက်ကင်းသော သိုင်းပညာတစ်ရပ်ဖြစ်ကြောင်း သိုင်းလောကတစ်ခုလုံး သိရှိထားကြလေသည်။

ဆရာကြီးဟောင်စွမ်းက...

"မီးတိမ်လွှာသိုင်းကျမ်းအကြောင်း ကျုပ်က သူ့ကိုပြောပြလိုက်မိတယ်"

ကျန်းလောင်ချန်းသည် ကျေးဇူးသစ္စာကို မစောင့်ထိန်းဘဲ တစ်ကိုယ်ကောင်းဆန်စွာ သိုင်းကျမ်းကို ခိုးယူထွက်ပြေးသွားခဲ့ပြီ ဖြစ်ပါသည်။

ဂေဟာထိန်းကြီးက...



"သူက သိုင်းကျမ်းကို ခိုးယူထွက်ပြေးသွားတာ ဟုတ်လား ဆရာကြီး"

"ဟုတ်တယ် သိုင်းကျမ်းမရှိတော့ဘူး"

"ဒုက္ခပါပဲ"

ဂေဟာထိန်းကြီး မျက်စိမျက်နှာ ပျက်နေတော့သည်။

ဆရာကြီးဟောင်စွမ်းက...

"သူက ဓာလေးသာသာပဲ ရှိသေးတယ်၊ သူ့လက်ထဲမှာရှိနေတာက သိုင်းလောကတစ်ခုလုံး လိုချင်မက်မောနေတဲ့ သိုင်းကျမ်း၊ ကဲ ဘယ်လိုလုပ်မလဲ"

ဂေဟာထိန်းကြီးက...

"သူ့ဆီကနေ မသူတော်တစ်ယောက့်ယောက်ကသာ ရသွားမယ်ဆိုယင် ဒုက္ခပဲ"

"ဒါပေ့ါ သိုင်းလောကတစ်ခုလုံး ပျက်စီးသွားလိမ့်မယ်"

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"သူ့ကို မတွေ့တွေ့အောင် ရှာရမှာပေ့ါ"

ဂေဟာထိန်းကြီးက ဆရာကြီးဟောင်စွမ်းကို မျက်လုံးပြူးကာကြည့်လိုက်လေသည်။

ဆရာကြီးဟောင်စွမ်း၏မျက်နှာ တည်ကြည်လေးနက်နေပါတော့သည်။

"ကျန်းလောင်ချန်းကို တွေ့အောင်ရှာရမယ်"

"ဆရာကြီး သိုင်းလောကထဲ ဆင်းသွားတော့မယ်ပေ့ါ"

"ဟုတ်တယ်"

ဂေဟာထိန်းကြီးက...

"ဒါဆိုယင် ကျုပ်လည်း လိုက်ပါရစေ"

ဟုခွင့်တောင်းလိုက်ရာ ဆရာကြီးဟောင်စွမ်း ခေါင်းခါယမ်းလိုက်လေသည်။

"ဂေဟာထိန်းကြီး လိုက်လို့မဖြစ်ဘူး၊ ကျုပ် အပြင်သွားနေတဲ့အချိန်မှာ ဂေဟာထိန်းကြီးက သည်မှာ တာဝန်ယူစောင့်ရှောက်ထားရမှာပေါ့"

"ကောင်းပါပြီဗျာ"

ဆရာကြီးဟောင်စွမ်းသည် ရှောင်တတို့တပည့်ကြီးငါးယောက်ကိုလည်း ခေါ်ယူမှာကြားလိုက်လေသည်။

"ကျန်းလောင်ချန်းကြောင့် ငါခရီးထွက်ရလိမ့်မယ်၊ မင်းတို့နေရစ်ခဲ့ကြပြီး သိုင်းပညာဆက်ပြီး လေ့ကျင့်ကြပါ၊ ငါပြန်မလာမချင်း အပြင်ကို ဘယ်သူမှ မထွက်နဲ့၊ ကျန်းလောင်ချန်းအကြောင်း စကားတစ်လုံးမှ မဟနဲ့၊ တို့ရဲ့ကိစ္စ အပြင်ကိုပေါက်ကြားသွားလို့မဖြစ် ဘူး"

"ကောင်းပါပြီ ဆရာကြီး"

ရှောင်တတို့ ကတိပေးကြလေသည်။

ဆရာကြီးဟောင်စွမ်းလည်း အစစအရာရာ စီစဉ်ပြီးလျှင် ခရီးထွက်သွားလေတော့သည်။

◆ ◆ ◆



## အရပ်ရှစ်မျက်နှာ

တောင်ကုန်းလေးတစ်ခုပေါ်၌ စိမ်းလန်းသော သစ်ပင်များ ဖုံးလွှမ်းထားလေသည်။

သစ်ပင်များအလယ်တွင် မြေကွက်လပ်တစ်ခု ရှိနေပြီး ထိုမြေကွက်လပ်ပေါ်၌ သစ်လုံးအိမ်များဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိသည်။

မုဆိုးများ နေထိုင်လေ့ရှိသော အိမ်ကလေးမျိုးဖြစ်သည်။

သို့သော် မုဆိုးများကား တောထဲတောင်ထဲ၌ စခန်းချလေ့ရှိပေသည်။

ယခု သစ်လုံးအိမ်ကလေးမှာ စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့၏ အပြင်ဘက် မနီးမဝေး၌ ရှိနေခြင်း ဖြစ်ပါသည်။

ပတ်ဝန်းကျင်၌ စိုက်ပျိုးရေးမြေယာများ ဝိုင်းရံထား၍ အမဲလိုက်စရာသားကောင်ရှိမည် မဟုတ်ပါ။

သားကောင်မရှိဘဲ မုဆိုးအိမ်ကလေးရှိနေသည်မှာ 'ထိန်ဂူကျင်း' ကြောင့်ဖြစ်သည်။ 'ထိန်ဂူကျင်း'သည် ယခုအချိန်တွင် ကျိကျိတက်ချမ်းသာ ကြွယ်ဝသော သူဌေးကြီးတစ်ဦး ဖြစ်နေသော်လည်း

တစ်ချိန်က အလွန်ဆင်းရဲမွဲတေသည့် မုဆိုးတစ်ဦးဖြစ်ခဲ့သည်။

တောထဲတောင်ထဲ အသက်ရင်းကာ အမဲလိုက်ခဲ့ရသည်။

တစ်နေ့တွင် တောလမ်းမှ ဖြတ်သန်းလာသော မြင်းလှည်းတစ်စီးနှင့် ဆုံတွေ့ရသောအခါ မည်သူမှု မသိနိုင်သည်ကို အခွင့်ကောင်းယူပြီး လုယက်တိုက်ခိုက်ခဲ့လေသည်။

မြင်းလှည်းပေါ်၌ လိုက်ပါလာသူ အားလုံးကို သတ်ပစ်ခဲ့သည်။

လုယက်၍ရလာသော ပစ္စည်းများကို ထုခွဲရောင်းချပြီး မုဆိုးဘဝကိုစွန့်ကာ ဒုစရိုက်လုပ်ငန်းများ၌ အရင်းအနှီးစိုက်ကာ လုပ်ကိုင်ခဲ့ရာ တဖြည်းဖြည်း ကြီးပွားတိုးတက်လာပြီး နောက်ဆုံး ကျိုက်ကျိုတက် ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့လေတော့သည်။

ထိန်ဂူကျင်းသည် သူဌေးကြီးဘဝ ရောက်နေသည့်တိုင် မုဆိုး ဘဝကို မမေ့ဘဲ မြို့ပြင်တောင်ကုန်းလေးပေါ်၌ မုဆိုးအိမ်ကလေးတစ်လုံးဆောက်ကာ အနားယူအပန်းဖြေတတ်လေသည်။

ထိန်ဂူကျင်းက တပည့်ငယ်သားများနှင့်အတူ မုဆိုးအိမ်လေး၌ ရောက်ရှိနေလေသည်။

သူက အပန်းဖြေ အနားယူရန်လာခဲ့ခြင်း မဟုတ်ပါ။

အရေးကြီးသောကိစ္စတစ်ခုကို မိတ်ဆွေနှစ်ယောက်နှင့် တိုင်ပင်ဆွေးနွေးရန် ရောက်ရှိလာခြင်း ဖြစ်လေသည်။

◆ ◆ ◆



မုဆိုးအိမ်လေးထဲ၌ စားပွဲတစ်လုံးရှိနေပြီး လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ထိန်ဂူကျင်း၊ ချင်းလိနှင့် ကင်ယုံစမ်းတို့ ဖြစ်လေသည်။

ချင်းလိနှင့်ကင်ယုံစမ်းတို့သည်လည်း ထိန်ဂူကျင်းကဲ့သို့ ဒုစရိုက်ခေါင်းဆောင်များ ဖြစ်လေသည်။

ချင်းလိက ထိန်ဂူကျင်းကို ကြည့်လိုက်လေသည်။

"အရေးကြီးတဲ့သတင်း ပြောစရာရှိတယ်ဆိုတာ ဘာများလဲဗျာ"

ဟု မေးလိုက်လေသည်။

ထိန်ဂူကျင်းက…

"ကျုပ်တို့ကို ဒုက္ခပေးမယ့် လူတစ်ယောက် လာနေလို့ ခင်ဗျားတို့ကိုခေါ်ပြီး တိုင်ပင်ရတာဗျ"

ကင်ယုံစန်းက…

"ဘယ်သူက ဒုက္ခပေးမှာလဲဗျ"

ချင်းလိက…

"သည်နယ်ထဲမှာ ကျုပ်တို့ကို ဒုက္ခပေးဝံ့တဲ့လူကော ရှိသေးလို့လားဗျာ"

ထိန်ဂူကျင်း သက်ပြင်းချလိုက်သည်။

"သည်နယ်ထဲက ဘယ်သိုင်းသမားမှ ကျုပ်တို့ကို ဒုက္ခမပေးဝံ့ပါဘူးဗျာ၊ အခုရောက်လာတဲ့လူက တခြားတစ်နေရာကပါ"

သူတို့ ကြီးစိုးထားသော နယ်မြေအတွင်းရှိ သိုင်းသမားများအား သူတို့က ငွေနှင့်ဝယ်ထားသည်။

သို့မဟုတ် နည်းမျိုးစုံသုံးကာ ဒုက္ခပေးခြင်းဖြင့် ခေါင်းမ
ထောင်ဝံ့အောင် ချိုးနှိမ်ထားလိုက်သည်။

ထို့ကြောင့် ဘာဆိုဘာမှ မှုစရာမလိုခဲ့ကြပါချေ။

အခြားဒေသမှ လာသူဆို၍ ချင်းလိနှင့်ကင်ယုံစမ်းတို့ စိတ်
ဝင်စားသွားကြလေသည်။

"ဘယ်သူလဲ"

"ဘယ်က လာတာလဲ"

နှစ်ယောက်သား ပြိုင်တူ မေးလိုက်ကြလေသည်။

ထိန်ဂူကျင်းက...

"အရပ်ရှစ်မျက်နှာ သိုင်းသမားဆိုတာ ခင်ဗျားတို့ကြားဖူး
ကြသလား"

ချင်းလိနှင့် ကင်ယုံစမ်းတို့ အချင်းချင်းကြည့်လိုက်ကြလေ
သည်။ ထိန်ဂူကျင်းက...

"သူ့နာမည်က ဖုံးစုလို့ခေါ်တယ်"

ချင်းလိ ခေါင်းညိတ်လိုက်သည်။

"ကျုပ် ကြားဖူးတယ်၊ သူက အရပ်ရှစ်မျက်နှာကို သွားပြီ
မကောင်းသူပယ် ကောင်းသူကယ်တဲ့ နာမည်ကြီးအဖြူရောင် သိုင်း
သမားတစ်ယောက်ပဲဗျ"

ကင်ယုံစမ်းက...

"ရောင်လင်၊ ဂူတန်အစရှိတဲ့ ထိပ်သီးဂိုဏ်းကြီးတွေက
တောင် ရိုသေလေးစားကြတဲ့ ပြိုင်ဘက်ကင်းသိုင်းဆရာကြီး ဟော
စွမ်းရဲ့တပည့်မဟုတ်လား"



ထိန်ဂူကျင်း ခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့ဗျာ၊ ဆရာကြီးဟောင်စွမ်းရဲ့ တပည့်ဖြစ်
တဲ့အပြင် သိပ်ပြီးလက်စွမ်းထက်လို့ အမှောင်လောကသား အားလုံး
က သူ့ကိုကြောက်နေရတာ"

ချင်းလိက...

"သူက သည်ဘက်ကို ဘာလာလုပ်တာလဲ"

ထိန်ဂူကျင်းက...

"ဟိုတလောက ကျုပ်တို့လုပ်လိုက်တဲ့ကိစ္စက အတော်လေး
ဂယက်ရိုက်သွားတယ်၊ ဒါကြောင့် သတင်းကြားပြီး ရောက်လာတာ
ဖြစ်မှာပေါ့"

မကြာသေးမီက ထိန်ဂူကျင်း၊ ချင်းလိနှင့်ကင်ယုံစမ်းတို့သည်
မိန်းကလေးများအား ဖမ်းဆီးကာ နယ်ခြား၌ ရောင်းစားသည့် လူဆိုး
ဂိုဏ်းတစ်ခုနှင့် ဆက်သွယ်ခဲ့ကြလေသည်။

တပည့်တပန်းများအား မိန်းကလေးများကို လိုက်လံဖမ်း
ဆီးစေကာ နယ်ခြားသို့ ပို့ပေးခဲ့ကြသည်။

ထိုကိစ္စသည် အသုံးမကျသော တပည့်တစ်ယောက်ကြောင့်
သတင်းပေါက်ကြားသွားခဲ့ပြီး အတော်ကို ဂယက်ရိုက်သွားခဲ့လေ
သည်။ ချင်းလိနှင့်ကင်ယုံစမ်းတို့ အချင်းချင်းကြည့်လိုက်ကြ၏။

ထိန်ဂူကျင်းက...

"ဖုံးစု ရောက်လာယင် မလွယ်ဘူး၊ ဒါကြောင့် ခင်ဗျားတို့ကို
ခေါ်ပြီး တိုင်ပင်ရတာ"

ချင်းလိက...

"ဒါ လွယ်ပါတယ်၊ ကြေးစားတွေငှားပြီး ဖုံးစုအလာ လမ်းမှာစောင့်ပြီး လုပ်ကြံခိုင်းလိုက်တာပေါ့"

"ဟုတ်တယ်၊ သည်နည်းလမ်းက ရိုးစင်းပေမယ့် ထိရောက်တယ်ဗျ"

ကင်ယုံစမ်း ထောက်ခံလိုက်လေသည်။

ထိန်ပူကျင်းက...

"သူက ဆရာကြီးဟောင်စွမ်းရဲ့တပည့်နော်၊ တော်ရုံနဲ့ရမယ် မထင်ဘူး"

ချင်းလီက....

"ကြေးစားတွေမရတော့လည်း နောက်ဆုံး တစ်နည်းကြံကြတာပေါ့ဗျာ"

ကင်ယုံစန်းက...

"ကြေးစားေတွနဲ့မရယင် နယ်ခြားက ကျုပ်မိတ်ဆွေတွေကို ခေါ်လိုက်မယ်"

ထိန်ဂူကျင်းလည်း သဘောတူလိုက်ရလေတော့သည်။

"ကောင်းပြီလေ၊ ကြေးစားတွေက 'ဖုံးစု'ကို မဟန့်တားနိုင်ဘူးဆိုယင် နယ်ခြားကလူတွေကို အမြန်ဆုံးခေါ်နိုင်အောင် ကြိုတင်စီစဉ်ထားတာ မမှားဘူး"

ကင်ယုံစမ်း ခေါင်းညိတ်လိုက်သည်။

"သည်ကိစ္စကို ကျုပ်တာဝန်ထားပါဗျာ"

အရပ်ရှစ်မျက်နှာ သိုင်းသမားဖုံးစုအား ဆုံးမရန် တိုင်ပင်ဆွေးနွေးပြီးနောက် လူချင်းခွဲရန် ဟန်ပြင်လိုက်ကြ၏။



ထိုစဉ်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

အပြင်ဘက်မှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

ကြားလိုက်ရသော အော်ဟစ်သံများကြောင့် ထိန်ဂူကျင်းတို့သုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ထိုင်ရာမှထရန် ဟန်ပြင်မိလိုက်ကြသည်။

ထိုစဉ် တံခါးပွင့်သွားပြီး အစောင့်တစ်ယောက် ပြေးဝင်လာလေသည်။

"ဆရာကြီး..ရန်သူတစ်ယောက် ရောက်လာ.."

ပြေးလာပြီး သတင်းပို့ရန် ကြိုးစားယင်း မဟန်နိုင်ဘဲ မှောက်ခုံကြီးလဲကျသွားလေသည်။

သူ၏ကျောပြင်၌ ဓားတစ်လက် စိုက်ဝင်နေသည် မဟုတ်ပါလား။ ထိန်ဂူကျင်းက...

"ဒုက္ခပဲ၊ ဖုံးစု ရောက်လာပြီထင်တယ်"

ချင်းလီက...

"ရောက်လာတော့လည်း ဆုံးမလိုက်တာပေါ့ဗျာ"

"ဟုတ်တယ်၊ ကျုပ်တို့က သူ့ကိုကြောက်နေရမှာလား"

ကင်ယုံစမ်းက ထောက်ခံလိုက်လေသည်။

ခါးမှဓားကိုလည်း ခြွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာပင် မီးခိုးရောင်ဝတ်ဆင်ထားသူတစ်ယောက် အိမ်ထဲလှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသသည်။

ထိုလူကား မကောင်းသူပယ်၊ ကောင်းသူကယ်နေသည့် အရပ်ရှစ်မျက်နှာသိုင်းသမား ဖုံးစု ဖြစ်လေသည်။

ဖုံးစုသည် လူကောင်းများအပေါ် အကြင်နာတရားထားကာ ဆက်ဆံသကဲ့သို့ လူဆိုးများအပေါ်၌ အလွန်ရက်စက်ကြမ်းကြုတ်သူ ဖြစ်လေသည်။

ချင်းလီက....

"ခင်ဗျားက ဖုံးစုလား"

မီးခိုးရောင်ဝတ်ထားသူက...

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့ကတော့ သည်နယ်မှာ ထင်တိုင်းကျဲနေကြတဲ့ လူယုတ်မာသုံးယောက် မဟုတ်လား"

ချင်းလီက ပြေးဝင်တိုက်ခိုက်ခြင်းဖြင့် အဖြေပေးလိုက်လေသည်။

"ယား"

ကင်ယုံစမ်းကလည်း ညာသံပေးကာ ပြေးလိုက်သွားလေသည်။

မီးခိုးရောင်ဝတ်ထားသူ(ဝါ) ဖုံးစု၏လက်ထဲ ဓားတစ်လက်ရောက်ရှိလာသည်။



ထို့နောက်...

"အား"

"အမယ်လေး"

ကင်ယုံစမ်းနှင့် ချင်းလီတို့ စူးရှစွာ အော်ဟစ်ကာ လဲကျသွားကြလေတော့သည်။

ထိန်ဂူကျင်းသည် ဖုံးစုအား ရင်မဆိုင်ဝံ့ဘဲ နောက်ဖေးပေါက်မှ ထွက်ပြေးသွားလေသည်။

ဖုံးစုက...

"ခင်ဗျားပြေးလို့ မလွတ်ပါဘူး"

ထိန်ဂူကျင်း နောက်သို့ လိုက်ကာ သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်၏။

သို့သော်...

ထွက်ပြေးသွားသော ထိန်ဂူကျင်းကို လိုက်မရှာနိုင်တော့ပါ။

အကြောင်းမှာ...

ဖုံးစုသည် ထူးခြားသော သတင်းတစ်ခု ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ဖုံးစုလည်း ထိန်ဂူကျင်းကို လှစ်လျူရှုကာ အမြန်ဆုံး ထွက်ခွာသွားလေသည်။

သူကြားလိုက်ရသော သတင်းမှာ ဆရာကြီးဟောင်စွမ်းက သူ့အား လိုက်ရှာနေသည်ဟူသောသတင်း ဖြစ်လေသည်။

◆ ◆ ◆

## တာဝန်တစ်ရပ်

ဖုံးစု သူ၏အိမ်သို့ ပြန်ရောက်လာသောအခါ ဧည့်သည်တစ်ယောက် စောင့်ဆိုင်းနေသည်ကို တွေ့ရလေသည်။

ထိုဧည့်သည်ကား သူ့အား လူတစ်လုံး သူတစ်လုံး ဖြစ်လာစေရန် သိုင်းပညာ သင်ကြားပေးခဲ့သော ဆရာကြီး 'ဟောင်စွမ်း' ပင် ဖြစ်လေသည်။

ဟောင်စွမ်းက ဖုံးစု၏အိမ်ကို ရောက်လာကာ စောင့်ဆိုင်းနေသည်မှာ ခြောက်ရက်ခန့် ရှိသွားပြီ ဖြစ်သည်။

ဖုံးစု ခရီးရောက်မဆိုက် ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော် ခရီးလွန်နေလို့ နောက်ကျသွားတာပါ၊ ဆရာ လိုက်ရှာနေတယ်လို့ သတင်းကြားတာနဲ့ ချက်ချင်းပြန်လာခဲ့တာပါ"

ဆရာကြီးဟောင်စွမ်းက...

"အေး ငါက သိုင်းလောကထဲ မဆင်းဘူးလို့ ဆုံးဖြတ်ထားတာ၊ အခု မဖြစ်လို့ ဆင်းလာပြီး မင်းကို လိုက်ရှာတာ ဘာကြောင့်လဲဆိုတာ စဉ်းစားကြည့်ပေတော့"



ဖုံးစုက...

"ဆရာ သိုင်းလောကထဲဆင်းလာတယ်ဆိုတာနဲ့ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတယ်ဆိုတာ ကျွန်တော်သဘောပေါက်မိပါတယ် ဆရာ"

"အေး ငါ တစ်ချက်ကလေး မှားလိုက်တာနဲ့ ငါကိုယ်တိုင်မပြောနဲ့ သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်မယ့် အခြေအနေ ရှိနေပြီကွ"

ကျန်းလောင်ချန်းနှင့် မီးတိမ်လွှာသိုင်းကွက် အကြောင်းကို ပြောပြလိုက်လေသည်။

ဖုံးစု မျက်လုံးပြူးသွားလေသည်။

"ဒုက္ခပဲ ဆရာ"

"အေး ကျန်းလောင်ချန်းကို ရှာဖို့ အရေးကြီးတယ်၊ သူ့ဆီက သိုင်းကျမ်းကို ပြန်ရဖို့ အင်မတန် အရေးကြီးနေပြီ"

ဆရာကြီးဟောင်စွမ်းသည် ကျန်းလောင်ချန်းကို ရှာဖွေရန် သူ့အား လာရောက်တာဝန်ပေးခြင်း ဖြစ်ကြောင်း ဖုံးစု နားလည်လိုက်လေသည်။

"ဆရာ၊ ကျန်းလောင်ချန်းကို ကျွန်တော် တွေ့အောင် ရှာပေးပါ့မယ် ဆရာ"

ဟု ကတိပြုလိုက်လေသည်။

ဆရာကြီးဟောင်စွမ်း ဝမ်းသာသွားလေသည်။

"ဖုံးစု၊ မင်းကိုပဲ အားကိုးရတော့မယ်၊ သူ့ကို တွေ့အောင်ရှာပြီး သိုင်းကျမ်းကို ရအောင် ယူလာပေတော့"

ဖိုးစုသည် အရပ်ရှစ်မျက်နှာ ဂျင်ဂျင်လည်သူ ဖြစ်သည်။

သိုင်းလောက မိတ်ဆွေအပေါင်းအသင်းလည်း ပေါများလှပေသည်။

ဖိုးစုက ကျန်းလောင်ချန်းအား တွေ့အောင် ရှာပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားလိုက်လေတော့သည်။

◆ ◆ ◆



## ခြသေ့်နဲ့ ဖားပြုပ်

ဆရာကြီးဟောင်စွမ်း တာဝန်ပေးလိုက်သည်နှင့် ဖိုးစုသည် အနားမယူတော့ဘဲ ချက်ချင်း ခရီးထွက်သွားလေတော့သည်။

ဆရာကြီးဟောင်စွမ်းလည်း သူ၏ဂေဟာသို့ ပြန်လာခဲ့လေသည်။

သို့သော်...

ပြန်သာပြန်ခဲ့ရသော်လည်း စိတ်တထင့်ထင့် ဖြစ်နေပါတော့သည်။

"ဖိုးစုက တွေ့အောင် ရှာနိုင်ပါ့မလား"

ကျန်းလောင်ချန်းသည် မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက် ဖြစ်ပါသည်။

ဆွေမျိုးသားချင်းများလည်း မရှိပါ။

ထို့ကြောင့် အခြားသော အမြော်အမြင် ရှိသူများကဲ့သို့ ကွင်းဆက်များအတိုင်း လိုက်ကာ စုံစမ်းခြင်းဖြင့် သတင်းတစ်ခု မဟုတ်တစ်ခု ရနိုင်မည် မဟုတ်ပေ။

ကျန်းလောင်ချန်းကို ရှာဖွေရသည်မှာ ကောက်ရိုးပုံထဲ ကျပျောက်သည့်အပ်ကို ရှာဖွေရသည်ထက်ပင် ခက်ခဲနေမည် ဖြစ်လေသည်။

ဆရာကြီးဟောင်စွမ်းမှာ ဖုံးစုတစ်ယောက်ထဲနှင့် စိတ်မချနိုင်တော့ပါ။

မီးတိမ်လွှာသိုင်းကျမ်းအကြောင်း လူတိုင်းကိုလည်း အသိပေး၍ မဖြစ်ရာ အလွန်စိတ်ချ ယုံကြည်ရသော မိတ်ဆွေများကိုသာ ပြောပြအကူအညီ တောင်းနိုင်မည် ဖြစ်လေသည်။

ဆရာကြီးဟောင်စွမ်းက ခေါင်းခြောက်အောင် စဉ်းစားပြီးနောက် လူတစ်ယောက်ကို သတိရလာလေသည်။

"ဟုတ်ပြီ၊ ခြသေ့ကြီးဆီကို သွားရမယ်"

ဟု ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆

ခြသေ့ကြီးရှန်းထင်း...

ခြသေ့ကြီးရှန်းထင်းသည် အဖြူရောင်သိုင်းသမားလည်း မဟုတ်ပါ။

အနက်ရောင်သိုင်းသမားလည်း မဟုတ်ပါ။

အဖြူမကျ၊ အနက်မကျ၊ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေသော သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

လူက လုပ်ချင်ရာ လုပ်တတ်သော်လည်း သိုင်းပညာနှင့်



ပတ်သက်လာလျှင်ကား ထမင်းမေ့ဟင်းမေ့ ဖြစ်လေ့ရှိသူတစ်ယောက်ပင်။

စိတ်နေသဘောထား ထူးခြားသူ ဖြစ်သည့်အတိုင်း တစ်ခါတစ်ရံ အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ လနှင့်ချီပြီး နေတတ်သည်။

တစ်ခါတစ်ရံ၌လည်း ဘယ်ရပ်ဘယ်ဝယ် သွားလေသည်မသိ။ သွားချင်ရာ သွားနေတတ်သူတစ်ယောက် ဖြစ်လေသည်။

ခြသေ့ကြီးရှန်းထင်းသည် ယခုနောက်ပိုင်း နှစ်များတွင် အသက်အရွယ်ထောက်လာသည်ကတစ်ကြောင်း၊ သိုင်းလောက၌ စိတ်ဝင်စားလောက်သည့် ထူးခြားမှုများ မရှိခြင်းကတစ်ကြောင်းမို့ ဘယ်မှမသွားဘဲ အိမ်မှာပင် နေထိုင်လျက် ရှိသည်ဟူသော သတင်းများကြောင့် ဆရာကြီးဟောင်စွမ်း အားတက်မိလေသည်။

သူက ခြသေ့ကြီးထံသို့ သွားရကျိုးနပ်သွားလေသည်။

ခြသေ့ကြီးရှန်းထင်းက အိမ်မှာ ရှိနေခြင်းကြောင့် ဖြစ်လေသည်။

◆ ◆ ◆

ရှန်းထင်း အံ့သြနေသည်။

"ဆရာကြီးဟောင်စွမ်း၊ ခင်ဗျားက သိုင်းလောကထဲ မဆင်းတော့ဘူးဆို ဘယ်လိုဖြစ်ပြီး ကျုပ်ဆီကို ရောက်လာတာလဲဗျ"

ဆရာကြီးဟောင်စွမ်းက နီကျင်ကျင် ပွယောင်းယောင်းဆံပင်ပိုင်ရှင် လူသန်ကြီးရှန်းထင်းကို တစ်ချက်ကြည့်လိုက်လေသည်။

ရှန်းထင်းသည် အသက်ငါးဆယ်ကျော်ပြီ ဖြစ်သည့်တိုင် ကြံ့ခိုင်သန်စွမ်းကာ တကယ့် ခြင်္သေ့ကြီးတစ်ကောင်ကဲ့သို့ ရှိနေဆဲပင်။

"ကျုပ်က ခင်ဗျားကို အကူအညီ တောင်းချင်လို့ လာခဲ့တာဗျ"

"ဟင်"

ရှန်းထင်း အံ့သြသွားလေသည်။

"ခင်ဗျားလို လူတစ်ယောက်က ကျုပ်ဆီမှာ အကူအညီ တောင်းချင်တယ် ဟုတ်လား၊ အံ့သြစရာတောင် ကောင်းနေပါပြီဗျာ"

ဟောင်စွမ်းက…

"ကျုပ် တကယ် ပြောတာပါဗျာ"

ရှန်းထင်းက…

"ကျုပ် တသက်မှာ ခင်ဗျားနဲ့ မိတ်ဆွေ ဖြစ်ရမယ်ဆိုတာကော၊ တစ်ချိန်ချိန်မှာ ကျုပ်ဆီကို အကူအညီ လာတောင်းမယ်ဆိုတာကော ဘယ်လိုမှ မမျှော်လင့်ထားခဲ့တဲ့ ကိစ္စတွေပါပဲဗျာ"

ဟောင်စွမ်းက…

"ခုတော့ တကယ် ဖြစ်နေပြီဆိုတာ ခင်ဗျားယုံထားလိုက်ပေတော့ဗျို့"

သူတို့နှစ်ယောက်သည် သိုင်းလောကတွင် တစ်ယောက်တစ်မျိုး ထင်ရှားကျော်ကြားခဲ့ကြသူများ ဖြစ်လေသည်။

ဟောင်စွမ်း၏မီးတိမ်လွှာသိုင်းက ထက်မြက်သလို ခြင်္သေ့ကြီးရှန်းထင်း၏ ခြင်္သေ့ဟိန်းသံ သိုင်းကွက်ကလည်း ထက်မြက်လှပေသည်။



သိုင်းလောကတွင်…

မီးတိမ်လွှာ ဟောင်စွမ်း။

ခြင်္သေ့ဟိန်းသံ ရှန်းထင်း။

သံမဏိလက်ကောက် ကျင်းတုထွေး။

မှော်လှံတံ ဟွေ့လုံနှင့်။

လက်နက်မဲ့ ချောင်အိမ်းတို့သည် ခေတ်ပြိုင်ကျော်ကြားခဲ့သော ထိပ်သီးသိုင်းသမားကြီးများ ဖြစ်လေသည်။

ထို့အတူ…

မရဏတေးသံ ချိုစောက်က တောင်ပင်လယ်၌ ထင်ရှားခဲ့သော်လည်း သိုင်းလောကသို့ ခြေချခြင်း မပြုသဖြင့် သူ့အား ထည့်မတွက်ခဲ့ကြခြင်း ဖြစ်လေသည်။

ထင်ရှားခဲ့သော သိုင်းသမားကြီးများသည် နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးဖြင့် သိုင်းလောကမှ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ကြလေသည်။

ဆရာကြီးဟောင်နွမ်းနှင့် ခြင်္သေ့ကြီးရှန်းထင်းတို့သည် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်က တစ်ကြိမ် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြဖူးသည်။

နှစ်ယောက်သား သုံးရက်သုံးညတိုင်တိုင် ယှဉ်ပြိုင်ခဲ့ကြသော်လည်း မည်သူမျှ အသာစီးမရဘဲ လက်ရည်ညီမျှကာ သရေပွဲဖြစ်သွားခဲ့လေသည်။

ထိုသို့ ယှဉ်ပြိုင်ပြီးမှ တစ်ယောက်ကိုတစ်ယောက် လေးစားမှုရကာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားခဲ့ကြခြင်းပင်။

ခြသေ့်ကြီးရှန်းထင်းက…

“ပြောပါဦးဗျ၊ ကျုပ်က ဘာများကူညီရမှာလဲ”

ဟောင်စွမ်းက…

“ကျုပ်မှာ အခက်အခဲတစ်ခု ရှိနေလို့”

သူ၏အခက်အခဲကို ပြောပြလိုက်လေသည်။

ဟောင်စွမ်း၏စကားအဆုံးတွင်…

“ဟား..ဟား..ဟား”

ခြသေ့်ကြီးရှန်းထင်း ရယ်မောလိုက်လေသည်။

ဟောင်စွမ်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

“ဘာဖြစ်လို့လဲဗျ”

ခြသေ့်ကြီးရှန်းထင်းက…

“ခင်ဗျားတပည့်က ငယ်လည်းငယ်သေးတယ်၊ သိုင်းပညာလည်း မပြည့်စုံသေးဘူး၊ သူက ခင်ဗျားရဲ့ မီးတိမ်လွှာသိုင်းကျမ်းကို ဘယ်နည်းနဲ့မှ အသုံးပြုနိုင်မှာ မဟုတ်ပါဘူးဗျာ”

“သူအသုံးပြုနိုင်မှာ မဟုတ်ပေမယ့် မသူတော်တွေ လက်ထဲ သိုင်းကျမ်း ရောက်သွားမယ်ဆိုယင် အားလုံးခက်ကုန်မယ် မဟုတ်လား”

ခြသေ့်ကြီးရှန်းထင်းက…

“ကျုပ် တစ်ခုတော့ မေးချင်တယ်”

“မေးပါဗျာ”

“မီးတိမ်လွှာသိုင်းပညာကို အလွယ်တကူ လေ့ကျင့်အောင်မြင်နိုင်မှာလား”



ဟောင်စွမ်း ခေါင်းခါယမ်းလိုက်လေသည်။

“ဒါတော့ မဖြစ်နိုင်ပါဘူး”

“ခင်ဗျားကော”

“ကျုပ်က..”

ဟောင်စွမ်း ရုတ်တရက် အဖြေမပေးနိုင်အောင် ဖြစ်သွား၏။

ရှန်းထင်းက…

“မီးတိမ်လွှာကျမ်းဟာ ခက်ခဲနက်နဲလွန်းတာကြောင့် ခင်ဗျားကိုယ်တိုင်တောင် ဆုံးခန်းတိုင်အောင် လေ့ကျင့်နိုင်စွမ်း မရှိသေးဘူးလို့ ကျုပ်ကို ပြောပြခဲ့ဖူးတာ ကျုပ်မှတ်မိပါတယ်ဗျာ”

ဟောင်စွမ်းက…

“ဟုတ်ပါတယ်ဗျာ၊ လွယ်လွယ်နဲ့တော့ လေ့ကျင့်အောင်မြင်နိုင်မှာ မဟုတ်ပါဘူး”

“ဒါဖြင့် ဘာကို စိုးရိမ်နေတာလဲဗျ”

ဟောင်စွမ်း ငိုင်သွားလေသည်။

ရှန်းထင်းက…

“ခင်ဗျားတပည့်က သိုင်းလောကသား မဟုတ်တော့ သူ့ကို ဘယ်သူမှ သိကြမှာ မဟုတ်ဘူး၊ သူကလည်း သိုင်းကျမ်းရထားတာ ဘယ်သူ့ကိုမှ အသိခံမှာ မဟုတ်ဘူး၊ လူမသိ သူမသိတဲ့ တစ်နေရာရာကိုသွားပြီး လေ့ကျင့်မှာပဲ၊ သိုင်းကျမ်းက လေ့ကျင့်ဖို့ ခက်ခဲတဲ့ အပြင် လမ်းပြပေးမယ့် ဆရာသမားလည်း မရှိတော့ ကျန်းလောင်ချန်းဆိုတဲ့ ခင်ဗျားတပည့်လေးဟာ တစ်နေ့ တတ်မြောက်နိုးနဲ့ လေ့

ကျင့်ယင်းလေ့ကျင့်ယင်း နောက်ဆုံး 'အဆိပ်ဖားပြုပ်'တို့ ရွှေမိုးမျှော် သိုင်းသမားတို့လို ဖြစ်သွားမှာ သေချာတယ်"

ဟောင်စွမ်း ပင့်သက်ရှိုက်လိုက်လေသည်။

'အဆိပ်ဖားပြုပ်'နှင့် 'ရွှေမိုးမျှော်သိုင်းသမား'သည် သိုင်း လောက၌ ပြောစမှတ် တွင်ခဲ့သူများ ဖြစ်လေသည်။

သူတို့သည် ပြိုင်ဘက်ကင်း သိုင်းကွက်များကို မိမိတို့ ဘာ သာ တီထွင်ကြံဆကာ လေ့ကျင့်ခဲ့ကြသည်။

အဆိပ်ဖားပြုပ်က ဖားပြုပ်တစ်ကောင်၏ ပုံသဏ္ဌာန်ကို အတုခိုးကာ သိုင်းကွက်ထွင်သည်။

ရွှေမိုးမျှော်သိုင်းသမားကလည်း နာမည်နှင့်လိုက်အောင် မိုး ပေါ်မှ ကျဆင်းလာသူအား မျှော်ကြည့်ကြရသကဲ့သို့ ထူးခြားဆန်း ပြားသော သိုင်းကွက်ထွင်သည်။

ပုံမကျပန်းမကျ သဘာဝနှင့် ဆန့်ကျင်ကာ သိုင်းကွက်များ ထွင်ကာ နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့ကြသည်။

သို့သော် သဘာဝမကျသည့် သိုင်းကွက်များကြောင့် အောင်မြင်မှု မရခဲ့ကြချေ။

နေ့ကောညပါ အချိန်ရှိသရွေ့ သိုင်းလေ့ကျင့်နေခဲ့ရာ ကြာ သော် ကျန်းမာရေးချို့ယွင်းကာ စိတ်ဖောက်ပြန် ရူးသွပ်သွားပြီး သိုင်းလောကမှ လုံးဝပျောက်ကွယ်သွားကြလေသည်။

ရှန်းထင်းက ကျန်းလောင်ချန်းသည်လည်း တစ်ချိန်တွင် 'အဆိပ်ဖားပြုပ်'၊ 'ရွှေမိုးမျှော်သိုင်းသမား'တို့ကဲ့သို့ ဖြစ်သွားလိမ့်မည် ဟု သုံးသပ်လိုက်ခြင်း ဖြစ်လေသည်။



ရှန်းထင်း စကားဆက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားအကူအညီ တောင်းလာတယ်ဆို တော့လည်း ကျုပ်က လက်လှမ်းမီသလောက် စုံစမ်းပေးပါ့မယ်၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်က ထိထိရောက်ရောက် မစုံစမ်းပေးနိုင်ခဲ့ ယင်လည်း ကျုပ်ကို ဘယ်လိုမှ သဘောမထားစေချင်ဘူး"

ဟောင်စွမ်းက...

"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားကူညီမယ်ဆိုတာပဲ ကျေးဇူးတင် ရမှာပါ"

ရှန်းထင်းလည်း သက်ပြင်းချလိုက်သည်။

"အင်း ခင်ဗျားလိုပဲ ကျုပ်လည်း ပွင့်ပွင့်လင်းလင်း ပြောရ ဦးမယ်၊ ကျုပ်ရဲ့အငယ်ဆုံးညီမ ရှန်းရှန်းကို သိတယ် မဟုတ်လား"

ရှန်းထင်း၏အငယ်ဆုံးညီမ ရှန်းရှန်းကို ဟောင်စွမ်း ကောင်း စွာ သိထားပါသည်။

ဇတ်ဇတ်ကျဲစွာ တေးလန်မလေး ဖြစ်ပြီး ရှန်းထင်းပင်လျှင် ညီမဖြစ်သူကို အရှုံးပေး လက်မြှောက်ထားရလေသည်။

"သိပါတယ်ဗျာ၊ ရှန်းရှန်းက ဘာဖြစ်လို့လဲ"

ရှန်းထင်း နှာခေါင်းရှုံ့လိုက်သည်။

"သူက ဟို 'အရိုးပျော့ကြီးဂူကီး'ရဲ့သား 'ဂူကျဲ'ဆိုတဲ့ကောင် လေးနဲ့ ဘာလိုလို သတင်းကြားလို့ ကျုပ် အိမ်ကနေ ဘယ်မှ မသွား ဘဲ နေနေတာဗျ"

ဂူကီးဆိုသော သိုင်းသမားမှာလည်း အလွန်ထူးဆန်းသူ တစ်ယောက် ဖြစ်လေသည်။

ဂူကီးသည် 'အရိုးကျိုးအကြောပျော့ပညာ' တွင် တစ်ဘက်ကမ်းခတ် ကျွမ်းကျင်သူ ဖြစ်သည်။

သူ၏ပညာသည် ထူးခြားထက်မြက်မှု ရှိသော်လည်း ရှန်းထင်းကဲ့သို့ ခွန်အားဗလအားထားသော သိုင်းသမားများအတွက်ကား ဘာမှ အားရစရာ မရှိသော ပျော့ညံ့ညံ့ပညာဟု သဘောထားကာ နှစ်မြို့ခြင်း မရှိချေ။

မာကျောသော ရှန်းထင်း၏ညီမ အထွေးဆုံးလေးမှာ ပျော့တိပျော့ဖတ် ဂူကီး၏သားနှင့် ဘာလိုလို သတင်းထွက်နေခြင်းကြောင့် ရှန်းထင်း မကျေမနပ် ဖြစ်နေခြင်းပင်။

ရှန်းထင်းလည်း ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် ပူပင်သောက ချောက်စရာများ ရှိနေသောအခါ ဟောင်စွမ်း အတင်းအကြပ် အကူအညီ မတောင်းလိုတော့ပါ။

ထို့နောက်...

နှစ်ယောက်သား ထွေရာလေးပါး ပြောဆိုလိုက်ကြပြီးလျှင် ဟောင်စွမ်းက ရှန်းထင်းကို နှုတ်ဆက်လိုက်လေတော့သည်။

♦ ♦ ♦



ဟောင်စွမ်းက သူ၏အိမ်ဂေဟာသို့ ပြန်လာခဲ့လေသည်။

ကျန်းလောင်ချန်းအား အရပ်ရှစ်မျက်နှာ ဖုံးစုက လိုက်လံရှာဖွေလိမ့်မည် ဖြစ်သည်။

ဖုံးစုက တွေ့အောင် ရှာနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချထားလိုက်တော့သည်။

ကိုယ်တိုင် လိုက်မရှာတော့ပါ။

မည်သူ့ကိုမျှလည်း အကူအညီ မတောင်းတော့ပါ။

ကျန်းလောင်ချန်းအား ရှာတွေ့လျှင်တွေ့ မတွေ့လျှင် သိုင်းကျမ်းနှင့်အတူ လောကပေါ်မှ ပျောက်ကွယ်သွားပါစေဟု ဆုတောင်းနေလိုက်လေတော့သည်။

မှန်ပေသည်။

သိုင်းကျမ်းနှင့်အတူ ပျောက်ဆုံးသွားသော ကျန်းလောင်ချန်း၏သတင်းကို နောက်ထပ် နှစ်ပေါင်းလေးဆယ်နီးပါး ကြာမြင့်သည့်တိုင် မကြားရတော့ချေ။

♦ ♦ ♦

## နိယာမ

နွေ၊ မိုး၊ ဆောင်း ရာသီအလီလီ ပြောင်းလဲသွားသည်။

အချိန်ကာလ ရွေ့လျားသွားသည်နှင့်အမျှ သိုင်းလောကကြီး၌လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လာခဲ့လေသည်။

သိုင်းဆရာကြီးဟောင်စွမ်း ကွယ်လွန်သွားသည်။

သူ၏တပည့်ငါးယောက် သိုင်းလောကထဲ ဆင်းသွားပြီးနောက်ဆုံးတပည့် ကျန်းလောင်ချန်းကား 'မီးတိမ်လွှာ'သိုင်းကျမ်းနှင့်အတူ ပျောက်ဆုံးသွားလေသည်။

ထို့အတူ...

ခြင်္သေ့ကြီးရှန်းထင်းလည်း ကွယ်လွန်သွားသည်။

ထင်ရှားသော သိုင်းသမားကြီးများ ဖြစ်သည့် 'သံမဏိ' လက်ကောက်၊ မှော်လုံတံ စသူစသူများလည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားလေသည်။



သိုင်းသမားကြီးများ ကွယ်လွန်သွားသောအခါ မျိုးဆက်သစ် သိုင်းသမားများက နေရာယူလာကြလေသည်။

သို့ဖြင့်...

သိုင်းလောကကြီးမှာ အပြောင်းအလဲများစွာကို ဖြတ်သန်းယင်း ဆက်လက်တည်ရှိနေခဲ့လေသည်။

သိုင်းလောက တည်ရှိနေသဖြင့် သိုင်းလောက၏ ရှုပ်ထွေးပွေလီလှသော ပြဿနာများလည်း ဆက်လက်တည်ရှိနေခဲ့လေတော့သည်။

♦ ♦ ♦

## သော့ဝိဇ္ဇာ

ည…။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိနေသည်။

မှုန်ဝါးဝါး လရောင်သည် နက်ရှိုင်းလှသော အမှောင်ထုကို ဖယ်ရှားနိုင်စွမ်းမရှိဘဲ အရှုံးပေးထားရလေသည်။

လရောင် မှေးမှိန်နေသည့်တိုင်အောင် ခြံဝင်းကြီးအတွင်းမှ ခမ်းနားထည်ဝါလှသော စံအိမ်ကြီးကို ကောင်းစွာ တွေ့မြင်နေရပါသည်။

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက် အမှောင်ရိပ်ထဲတွင် လူနှစ်ယောက် ရှိနေသည်။

သော့ဝိဇ္ဇာဟုန်ပေါနှင့် တီပါချင်းတို့ ဖြစ်လေသည်။

နှစ်ယောက်သား အတန်ကြာအောင် အကဲခတ်ကြည့်နေပြီးမှ သော့ဝိဇ္ဇာဟုန်ပေါက တီပါချင်းကို မေးလိုက်လေသည်။

"သည်အဆောက်အဦးကြီး ပိုင်ရှင်မှာ ရွှေငွေရတနာပစ္စည်းတွေ အများကြီး ရှိတယ်ဆိုတာ သေချာတယ်နော်"



တီပါချင်းက…

"သေချာပါတယ်ကွာ၊ အိမ်ပိုင်ရှင်ဟာ တစ်ချိန်က အာမခံဌာန ဖွင့်ခဲ့တာ၊ အသက်ကြီးလာတဲ့အပြင် ခြေတစ်ဘက် မသန်စွမ်းတော့တာကြောင့် အာမခံဌာနကို ပိတ်ပြီး သည်မှာ လာအနားယူနေတာ"

သော့ဝိဇ္ဇာဟုန်ပေါက…

"မင်းပြောတဲ့အတိုင်းမှန်ယင် ငါတို့တော့ ပွပေါက်တိုးပြီကွ"

"ဒါပေါ့ကွာ"

"ကဲ..အားလုံး အေးအေးချမ်းချမ်းပဲ၊ ငါသွားတော့မယ်၊ မင်း သည်မှာနေရစ်ခဲ့၊ ထူးခြားတာ တစ်ခုခုရှိယင် ငှက်အော်သံသုံးချက်နဲ့ ငါ့ကိုအသိပေး"

"ကောင်းပြီ"

သော့ဝိဇ္ဇာဟုန်ပေါက အမှောင်ရိပ်များကို အကာအကွယ်ယူကာ အဆောက်အဦးကြီးဆီသို့ ချဉ်းကပ်သွားလိုက်လေသည်။

တီပါချင်းလည်း သစ်ပင်တစ်ပင်ပေါ်တက်ကာ ပုန်းနေလိုက်၏။ မကြာပါချေ။

သော့ဝိဇ္ဇာဟုန်ပေါသည် အဆောက်အဦးအတွင်းသို့ ရောက်ရှိပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

◆ ◆ ◆

ဟုန်ဟောသည် အလွန်ကျွမ်းကျင်သော သော့ဝိဇ္ဇာတစ်ယောက်ဖြစ်သည်။

သူ့အား မည်သည့်တံခါး၊ မည်သည့်သော့ခလောက်မှ တားဆီး၍မရနိုင်ပါချေ။

ဟုန်ဟော အပင်ပန်းခံ မကြိုးစားလိုက်ရပါ။

တံခါးသုံးချပ်၊ သော့ခလောက်သုံးခုကို ဖွင့်ပြီးသည်နှင့် အာမခံသေတ္တာထားရှိသည့် စာဖတ်ခန်းထဲသို့ ရောက်ရှိသွားလေသည်။

ဟုန်ဟော ပြုံးလိုက်သည်။

"သည်ညတော့ ပွပေါက်တိုးပြီထင်တယ်"

ထို့နောက်...

မီးခံသေတ္တာကြီးအား သော့တူအမျိုးမျိုး အသုံးပြု၍ ဖွင့်လေတော့သည်။

အကောင်းစားမီးခံသေတ္တာလည်း ဟုန်ဟောကို မကတ်နိုင်ခဲ့ပါချေ။

"ချောက်"

မြည်သံသဲ့သဲ့နှင့်အတူ တံခါးပွင့်သွားတော့သည်။

ဟုန်ဟောလည်း ဝမ်းသာအားရဖြင့် မီးခံသေတ္တာထဲ လက်နှိုက်လိုက်လေသည်။

သူ၏လက်ချောင်းကလေးများက ဘာဆိုဘာမှ ထိတွေ့မိခြင်းမရှိပါချေ။

"ဘယ်လိုဖြစ်တာလဲ"

ဟုန်ဟောက မီးခံသေတ္တာထဲ ခေါင်းလျှိုကြည့်လိုက်သည်။



"ဟာ"

မီးခံသေတ္တာထဲ၌ ဟောင်းလောင်းဖြစ်နေသည်။

ဟုန်ဟော မျက်လုံးပြူးသွားလေသည်။

လက်နှစ်ဘက်ဖြင့် မီးခံသေတ္တာထဲ လိုက်စမ်းသည်။

ရွှေငွေရတနာ မဆိုထားနှင့်ကြေးပြားတစ်ပြားပင် မတွေ့ရပါ။

"မင်း ဘာတွေ့သလဲ"

"ဘာမှ မတွေ့ဘူး"

အခန်းထောင့်မှ ထွက်ပေါ်လာသော အမေးစကားကြောင့် ဟုန်ဟော ဖြေလိုက်သည်။

ဖြေလိုက်ပြီးမှ ခေါင်းနပန်းကြီးသွားလေသည်။

မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ရုတ်တရက် ဖရောင်းတိုင်တိုတစ်တိုင်က မီးတောက်လာသည်။

မီးရောင်ကြောင့် လင်းလင်းချင်းချင်း ဖြစ်လာသည်။

ထိုအခါ...

ထိုင်ခုံတစ်လုံး၌ ခြေပစ်လက်ပစ် ထိုင်နေသည့် ခြေတစ်ဘက်ပြတ် ဒုက္ခိတတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဒုက္ခိတက...

"မင်း မတွေ့ဘူး မဟုတ်လား"

ဟုန်ဟောက...

"မတွေ့ဘူးဗျ"

ဒုက္ခိတက...

"ကြေးတစ်ပြားတောင်မရှိတာ ဘယ်လိုလုပ်တွေ့မှာလဲဗျာ"

ပြောယင်း ရယ်မောလိုက်လေသည်။

ဟုန်ပောက...

"ခင်ဗျား ဘယ်သူလဲ"

"ငါလား"

"ဟုတ်တယ်လေ"

"ငါက သည်အိမ်ပိုင်ရှင်ပေါ့"

ဟုန်ပော မယုံနိုင်အောင် ဖြစ်သွားလေသည်။

ဒုက္ခိတက...

"ငါက အာမခံပိုင်ရှင်ပေါ့"

ဟုန်ပော ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တာဗျာ"

ဒုက္ခိတက...

"ငါက အာမခံဌာနပိုင်ရှင်၊ သည်အိမ်ပိုင်ရှင်ဆိုတာ အယင်တုန်းက အခုမဟုတ်တော့ဘူး"

ဟုန်ပော ငြိမ်နေလိုက်၏။

ဒုက္ခိတက...

"ငါ့ရဲ့အာမခံဌာနက တာဝန်ယူပြီး ပို့ပေးခဲ့တဲ့ပစ္စည်းတွေ လမ်းမှာ ဓားပြတိုက်ခံလိုက်ရလို့ ငါက အလျော်ပေးရတယ်၊ အာမခံဌာနကို ပိတ်လိုက်ရတယ်၊ ငါ့မှာ တစ်ပြားတစ်ချပ်တောင်မရှိတော့ဘူး၊ သည်အိမ်ကိုလည်း ပစ္စည်းပိုင်ရှင်က သိမ်းလိုက်ပြီ၊ ဓားပြလက်ချက်နဲ့ ခြေတစ်ဘက်ဖြတ်လိုက်ရလို့ ငါ့ကို သနားပြီး သည်အိမ်အစောင့်သဘောမျိုးနဲ့ ပြန်စောင့်ခိုင်းထားတာ"



ဟုန်ပောက...

"ကျုပ်က ခင်ဗျားကို အထင်ကြီးနေတာ"

"ကျေးဇူးတင်ပါတယ်ကွာ"

"ကျုပ် သွားလိုက်ပါဦးမယ်"

"အေး...တခြား ကျုပ်ကို အထင်ကြီးနေတဲ့လူတွေရှိနေယင်လည်း ပြောပြလိုက်ဦး၊ တော်ကြာ သူတို့ပင်ပန်းနေဦးမယ်၊ ငါလည်း အိပ်ရေးပျက်တယ်ကွ"

"ကောင်းပါပြီဗျာ"

ဟုန်ပော အပြေးတပိုင်း ထွက်ခဲ့လေတော့သည်။

◆ ◆ ◆

ဟုန်ပောသည် ဒရောသောပါး ပြေးလာယင်း တီပါချင်းနေရစ်ခဲ့သည့် သစ်ပင်အောက်သို့ ပြန်လည်ရောက်ရှိလာလေသည်။

သစ်ပင်အောက်၌ လူတစ်ယောက်ရှိနေ၏။

ဟုန်ပောက...

"သည်ည အတော်ကို ကံကောင်းတာကွ"

ဒုက္ခိတနှင့် တွေ့ရပုံကို ပြန်ပြောပြလိုက်သည်။

တဖန်...

"မင်းက တိတိကျကျ သတင်းစုံစမ်းထားတယ်ဆိုပြီး ငါ့ကို ချောက်ချလိုက်တာပေါ့လေ၊ ကဲကွာ"

လက်သီးဖြင့် ထိုးလိုက်လေသည်။

အမှောင်ရိပ်ထဲမှလူ၏ တုန့်ပြန်မှုက ပိုပြီးလျင်မြန်နေပါသည်။

ထိုလူ၏လက်သီးက ဟုန်ဟော၏မေးရိုးဆီသို့ ဦးတည်ရောက်သွားလေသည်။

"ခွပ်"

"အား"

ဟုန်ဟော မြေပေါ်ဖင်ထိုင်ကျသွားတော့သည်။

မျက်လုံးထဲ၌ ကြယ်များ၊ လများမြင်ယောင်လိုက်လေသည်။

နာကျင်သွားသောမေးစေ့ကို ပွတ်ယင်း...

"မင်း..မင်း..ဘယ်လိုလုပ်လိုက်တာလဲ"

ထိုလူက...

"စကားမရှည်နဲ့ အေးအေးဆေးဆေး လိုက်ခဲ့စမ်း"

အေးစက်စက် ဝေါက်လိုက်သည်။

တီပါချင်းမဟုတ်ဘဲ လူစိမ်းတစ်ယောက် ဖြစ်နေပါသည်။

"ခင်..ခင်ဗျား"

"မင်း သေသွားချင်သလား"

အလွန်ပါးလွှာထက်မြက်သော ရဲဒင်းတစ်လက်က ဟုန်ဟော၏လည်ပင်းပေါ် ရောက်လာသည်။



ရဲဒင်းက တစ်ပေလောက်သာရှိပြီး အသွား၊ အရိုးတံ ခပ်သေးသေး ကစားစရာအရုပ်နှင့်ပင် တူနေ၏။

သို့သော်...

ထိုရဲဒင်းလေးက သူ၏လည်ပင်းကို တိခနဲပြတ်သွားစေနိုင်လောက်သည်ကို ဟုန်ဟော ကောင်းစွာနားလည်ထား၏။

"ကျုပ်က အသက်ရှည်ရှည် နေချင်ပါတယ်ဗျာ"

"ဒါဆို ငါနဲ့လိုက်ခဲ့"

"ကောင်းပါပြီဗျာ"

ထိုလူက ရဲဒင်းကို ရုပ်သိမ်းကာ ဝေါက်လိုက်သည်။

"ရှေ့ကသွား"

"ဟုတ်ကဲ့"

ဟုန်ဟော ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လှမ်းသွားလိုက်လေသည်။

ထိုလူသည် ဟုန်ဟောကို တွန်းထိုးခေါ်ဆောင်သွားရာ မကြာပါချေ လမ်းဘေးတစ်နေရာ၌ ရပ်ထားသော မြင်းလှည်းတစ်စီးကို တွေ့လိုက်ရလေသည်။

မြင်းလှည်းအနီး၌ လူသုံးလေးယောက် ရှိနေ၏။

တစ်ယောက်က လှမ်းမေးလိုက်သည်။

"သော့ဝိဇ္ဇာကြီးပါလာပြီလား"

"ဟုတ်တယ် ပါလာပြီ"

"မြင်းလှည်းပေါ်တက်ခိုင်း"

"ကောင်းပြီ"

ဖမ်းဆီးခေါ်လာသူက ဟုန်ဟောကို ငေါက်လိုက်သည်။

"မြင်းလှည်းပေါ် တက်လိုက်စမ်း"

"ဟုတ်ကဲ့"

ဟုန်ဟော မြင်းလှည်းပေါ် ရောက်သွားသောအခါ တီပါချင်းကို တွေ့လိုက်ရလေသည်။

"ဟုန်ဟော၊ မင်းရောက်လာပြီနော်"

ဟုန်ဟောသည် တီပါချင်းကို တွေ့လိုက်ရသဖြင့် အားတက်သွားလေသည်။

"တီပါချင်း ဘယ်လိုဖြစ်တာလဲကွ"

"ငါလည်း မသိဘူး၊ ဒါပေမယ့် သူတို့လူစုက လူတိုင်းလိုလို ရဲဒင်းတွေ ကိုင်ထားကြတာ နာမည်ကြီးနေတဲ့ ရဲဒင်းဂိုဏ်းက ဖြစ်မယ် ထင်တယ်"

"ဟိုက်"

ဟုန်ဟော မျက်လုံးပြူးသွားလေသည်။

ရဲဒင်းဂိုဏ်း...

ရဲဒင်းဂိုဏ်းသည် တစ်နယ်လုံးကို ဩဇာလွှမ်းမိုးထားသော ဒုစရိုက်ဂိုဏ်းကြီး ဖြစ်လေသည်။

ရဲဒင်းဂိုဏ်းဆိုသည်နှင့် လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားတတ်လေသည်။

တကယ့် လူဆိုးဂိုဏ်းကြီးတစ်ဂိုဏ်းနှင့်မှ လာတွေ့ပြီဟု တွေးကာ ထိတ်လန့်သွားခြင်း ဖြစ်လေသည်။

တီပါချင်းကို မကျေမနပ် ဖြစ်သွား၏။



"မင်း ဘာတွေ လျှောက်လုပ်ခဲ့တာလဲ"

တီပါချင်းက...

"ငါ ဘာလုပ်လို့လဲ"

"မင်း ဘာမှမလုပ်ယင် ရဲဒင်းဂိုဏ်းနဲ့ ပတ်သက်စရာရှိပါ့မလားကွ"

"ဟာ...ငါ ဘာမှမလုပ်ဘူး၊ ဘယ်လိုလာပြီး ပတ်သက်တာလဲ ငါမသိဘူး၊ မင်းကြောင့် မဟုတ်လား"

"မဟုတ်ဘူး၊ ငါလည်း ဘာမှမလုပ်ဘူး"

"ဒါဖြင့်.."

"အေး...အချိန်တန်တော့ သိရမှာပေါ့ကွာ"

မှန်ပေသည်။ ယခု မသိရသေးသော်လည်း မကြာမီ သိရလိမ့်မည်ဖြစ် သည်။

မြင်းလှည်းက စတင်မောင်းနှင် ထွက်ခွာသွားပြီ ဖြစ်သည်။

ဟုန်ဟောနှင့် တီပါချင်းတို့ သို့လော သို့လောတွေးယင်း မြင်းလှည်းခေါ် ဆောင်ရာသို့ လိုက်ပါသွားကြရလေတော့သည်။

◆ ◆ ◆

မိုးလင်းတော့မည် ဖြစ်သည်။

အရှေ့ဘက်မှ အာရုံဦး၏ရောင်နီများ ထွက်ပေါ်လာသည်။

မြင်းလှည်းသည် အဆောက်အဦးကြီးတစ်ခုရှေ့၌ ရပ်တန့်သွားလေသည်။

ရဲဒင်းဂိုဏ်းသားများသည် ဟုန်ဟောနှင့် တီပါချင်းတို့အား မြင်းလှည်းပေါ်မှ ဆွဲချကာ အဆောက်အဦးအတွင်းသို့ တွန်းထိုးခေါ် ဆောင်သွားကြလေသည်။

အဆောက်အဦးအတွင်းရှိ မီးရောင်များ ထိန်ထိန်လင်းနေအောင် ထွန်းညှိထားသော အခန်းတစ်ခုအတွင်းသို့ ရောက်လျှင် နှုတ်ခမ်းမွေးစစနှင့် အသက်လေးဆယ်ခန့်ရှိသူတစ်ယောက်က ဦးဆောင်သောလူတစ်စုကို တွေ့လိုက်ရလေသည်။

"ဆရာကျောက် သည်ကောင်တွေကို ခေါ်လာခဲ့ပါပြီ"

ဟုန်ဟောတို့အား ခေါ်လာသူတစ်ယောက်က ဦးညွှတ်ကာ ပြောလိုက်လေသည်။

နှုတ်ခမ်းမွေးစစရှိသည့် ဆရာကျောက်ဆိုသူ၏အမည်ရင်းမှာ ကျောက်ပါးဖြစ်လေသည်။

ကျောက်ပါးက...

"သူတို့ကို ထားခဲ့"

ဟုပြောလိုက်ရာ ဟုန်ဟောတို့အားခေါ်လာသည့် ရဲဒင်းဂိုဏ်းသားများလည်း ဟုန်ဟောတို့ကို ထားခဲ့ပြီး ပြန်ထွက်သွားကြလေသည်။

ပြီးမှ ကျောက်ပါးက...

"မင်းတို့နှစ်ယောက်မှာ ဘယ်သူက သော့ဝိဇ္ဇာရဲ့တပည့်လည်း ပြောစမ်း"

ဟုန်ဟောနှင့် တီပါချင်းကို ကြည့်ပြီး မေးလေသည်။

တီပါချင်းကော ဟုန်ဟောကပါ...



"ကျုပ်ပါ"

ပြိုင်တူ အဖြေပေးလိုက်ကြလေသည်။

ကျောက်ပါး၏မျက်နှာကြီး ခက်ထန်သွားလေသည်။

"မင်းတို့ကောင်းကောင်းဖြေကြစမ်း"

"ကျုပ်တို့ကောင်းကောင်းဖြေတာပါဗျာ"

"ဘာကွ"

ကျောက်ပါး၏လက်ပြန်ရိုက်ချက်များက ဟုန်ဟောနှင့် တီပါ ချင်းတို့၏ ပါးပြင်နှစ်ဘက်ပေါ်သို့ ကျရောက်သွားတော့သည်။

"ဖြန်း..ဖြန်း"

"အမယ်လေးဗျ"

ဟုန်ဟောတို့ ပါးပြင်နှစ်ဘက် ပူထူသွားသဖြင့် အော်လိုက်မိကြလေသည်။

"ကောင်းကောင်း ဖြေကြစမ်း"

ကျောက်ပါးက အော်ငေါက်ပြီး ထပ်မေးလိုက်သည်။

"မင်းတို့နှစ်ယောက် ဘယ်သူက သော့ဝိဇ္ဇာရဲ့တပည့်လည်း ပြောစမ်း"

ဟုန်ဟောက...

"ကျုပ်ပါဗျာ"

"မင်းက.."

"ကျုပ်က အကျဉ်းထောင်ထဲမှာ သော့ဝိဇ္ဇာနဲ့ တွေ့ခဲ့ပါတယ်၊ သူက သော့နဲ့ ပတ်သက်ပြီး အားလုံး သင်ပေးသွားတာပါဗျာ၊ ဒါကြောင့် ကျုပ်ဟာ သော့ဝိဇ္ဇာတပည့်ပါ"

ဟုန်ပောဓါစကားဆုံးလျှင် ကျောက်ပါးက တီပါချင်းကို လှမ်းကြည့်လိုက်လေသည်။

တီပါချင်းက...

"သူက သော့ဝိဇ္ဇာပါပဲ"

ဟုန်ပောကို ညွှန်ပြလိုက်သည်။

တဖန်...

"ကျုပ်က သူ့တပည့်ဆိုတော့ သော့ဝိဇ္ဇာရဲ့တပည့်ပဲပေါ့ ဗျာ"

"ဖြန်း"

စကားအဆုံးတွင် ကျောက်ပါး၏လက်ဝါးက ပါးပြင်ပေါ် ကျရောက်သွားခြင်းကြောင့် တီပါချင်း ခေါင်းမူးသွားလေတော့သည်။

ကျောက်ပါးက တီပါချင်းကို ဂရုမစိုက်တော့ဘဲ ဟုန်ပော ဘက်သို့ လှည့်လိုက်လေသည်။

"မင်းကို သော့ဝိဇ္ဇာက သူ့ပညာတွေ အကုန်သင်ပေးသွား တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဘယ်လိုသော့မျိုးမဆို မင်းဖွင့်နိုင်တော့ပေါ့"

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ ငါနဲ့ လိုက်ခဲ့"

"ဟုတ်ကဲ့"

ကျောက်ပါး ခေါ်သွားရာ ဟုန်ပောလည်း လိုက်သွားရ၏ တီပါချင်းက လိုက်သွားရန် ဟန်ပြင်လိုက်ရာ...



"မင်းနေခဲ့စမ်း"

ကျောက်ပါး၏လူများက ဝိုင်းရံဟန့်တားထားလိုက်သဖြင့် တီပါချင်းလည်း မလှုပ်မယှက် ရပ်နေလိုက်ရတော့သည်။

◆ ◆ ◆

ဟုန်ပောက ကျောက်ပါးနောက်သို့ လိုက်သွားရာ အခန်း တစ်ခုအတွင်းသို့ ရောက်သွားပြန်လေသည်။

ထိုအခန်းသည် အခိုင်အခံ့ ဆောက်လုပ်ထားသော အခန်း ဖြစ်သည်။

အခန်းထဲ၌ ပရိဘောဂပစ္စည်း ဘာတစ်ခုမှမရှိဘဲ ကြေး သေတ္တာကြီးတစ်လုံးသာ ရှိနေသည်။

ကျောက်ပါးက...

"မင်း သည်သေတ္တာကို ဖွင့်ရမယ်"

ဟုန်ပော ပြုံးလိုက်သည်။

"ရပါတယ်ဗျာ"

သူက ကြေးသေတ္တာကို စစ်ဆေးကြည့်ပြီး လက်စွမ်းပြလိုက် လေသည်။

မကြာပါချေ။

"ချက်"

မြည်သံသဲ့သဲ့နှင့်အတူ ကြေးသေတ္တာပွင့်သွားတော့သည်။

ဟုန်ပော နောက်ဆုတ်လိုက်လေသည်။

"ရပါပြီဗျာ"

"မင်း မဆိုးဘူး"

ကျောက်ပါးက ချီးကျူးပြီးကြေးသေတ္တာတံခါးဖွင့်ကာ စစ်ဆေးကြည့်လိုက်လေသည်။

ကြေးသေတ္တာထဲ၌ ငွေတုံးကလေးများ အပြည့်ရှိနေပါတော့သည်။ ကျောက်ပါး ဦးခေါင်းတညိတ်ညိတ်ဖြင့်...

"ကောင်းတယ်..ကောင်းတယ်"

ဟု ရေရွတ်နေ၏။ တဖန်...

"လာခဲ့ကြစမ်းဟေ့"

လက်ခုပ်တစ်ချက်တီးကာ အသံပြုလိုက်လျှင် တပည့်သုံးဦး ရောက်လာလေသည်။

"သူတို့ကို ပြန်ပို့ပေးလိုက်"

ကျောက်ပါးက အမိန့်ပေးပြီးလျှင် ဟုန်ပောကို ချီးကျူးလိုက်ပြန်သည်။

"မင်းမဆိုးဘူး၊ နောက် ငါခိုင်းစရာရှိယင် မင်းကို ခေါ်လိုက်မယ်၊ ငါခိုင်းတဲ့အတိုင်း အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ယင် မင်းကို ဆုချီးမြှင့်မယ်"

"ကောင်းပါပြီဗျာ"

ကျောက်ပါးက ငွေတုံးလေးအချို့ ဟုန်ပောကို ပေးပြီး ပြန်ခိုင်းလိုက်လေတော့သည်။

◆ ◆ ◆



## အရုပ်မုန့်

ဟုန်ပောနှင့် တီပါချင်းတို့က ဘုံကျောင်းလေးနှင့် မလှမ်းမကမ်းရှိ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှ ခုံတန်းလျားလေး၌ ထိုင်နေကြ၏။

တီပါချင်းမှာ တစ်ညလုံး အိပ်ရေးပျက်ထားခြင်းကြောင့် ခုံတန်းလျားကို ကျောမှီကာ ငိုက်မြည်းနေ၏။

ဟုန်ပောကား အိပ်မပျော်နိုင်အောင် ဖြစ်နေသည်။

မလှမ်းမကမ်းရှိ လမ်းမကြီးပေါ်၌ ဥဒဟို သွားနေကြသူများကို ငေးမောကြည့်နေမိလေသည်။

လူတိုင်းလူတိုင်း လွတ်လပ်ပျော်ရွှင်စွာ သွားလာလှုပ်ရှားနေကြပါသည်။

တစ်ယောက်ကတော့သူ၏ဘဝမှာ လွတ်လပ်ခြင်း မရှိဘဲ လှောင်ချိုင့်ထဲက ငှက်ငယ်လေးတစ်ကောင်နှင့် တူနေသည်ဟု ခံစားနေရလေသည်။

သူ့အား မည်သူကမျှ ချုပ်ခြယ်ထားသည်တော့ မဟုတ်ပါ။

သွားချင်ရာသွား၊ စားချင်ရာစား၊ အိပ်ချင်ရာအိပ်၊ နေချင်သလိုနေ၍ ရပါသည်။

ဟုန်ပောက လွတ်လပ်မှုမရှိဟု ခံစားရသည်မှာ သူ၏ရည်ရွယ်ချက် မပြည့်ဝနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

သူ၏ရည်ရွယ်ချက်က မည်သို့နည်း။

ဟုန်ပောက ကြီးပြင်းလာသည့် တစ်နေ့တွင် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာရမည်ဟု ငယ်စဉ်ကပင် သန္နိဋ္ဌာန်ချထားခဲ့လေသည်။

သူရည်ရွယ်ထားသည့်အတိုင်း ဖြစ်လာနိုင်သော အခွင့်အရေးတစ်ခုလည်း ရရှိခဲ့သည်။

သို့သော်...

ထိုအခွင့်အရေးကို ယခုတိုင် သူအသုံးချနိုင်စွမ်း မရှိသေးပါ။

ဟုန်ပောက စဉ်းစားယင်း သူ၏လက်မှ အကြောအချင်များကို စမ်းသပ်လိုက်လေသည်။

သူက လူငယ်တစ်ယောက် ဖြစ်သည်။

လူငယ်ပီပီ ကျန်းမာသန်စွမ်းသူ ဖြစ်သည်။

သို့ပါလျက် သိုင်းပညာ လေ့ကျင့်ဖို့ကား သူ၏သွေးကြောများက ပိတ်ဆို့နေပြီး စိတ်ရှိတိုင်း လေ့ကျင့်မရနိုင်တော့ပါ။

သိုင်းပညာ ထက်မြက်ဖို့ရာ အတွင်းအား ထက်မြက်မှ ဖြစ်ပေမည်။ သွေးကြောများ ပိတ်ဆို့နေခြင်းကြောင့် အတွင်းအားလည်း ထက်မြက်နိုင်မည် မဟုတ်တော့ပါ။



"ဘာကြောင့် ငါ့ရဲ့သွေးကြောတွေ ပိတ်ဆို့နေရတာလဲ"

"သွေးကြောတွေ ပွင့်သွားအောင် ငါ ဘယ်လိုလုပ်ရပါ့မလဲ"

သူ့အား မည်သူကမျှ သွေးကြောပိတ်ထားခဲ့သည် မဟုတ်ပါ။

ငယ်စဉ်ကတည်းက ထိုဝေဒနာ ခံစားခဲ့ရခြင်း ဖြစ်သည်။

ထူးဆန်းသော ထိုဝေဒနာက သူ၏မျှော်လင့်ချက်များကို ဖျက်ဆီးပစ်ခဲ့ပါတော့သည်။

ဟုန်ပောာ မည်မျှကြာအောင် အတွေးလွန်နေမိမှန်းမသိ။

"မင်း ဘာတွေ တွေးနေတာလဲကွ"

တီပါချင်း၏အသံ ကြားရတော့မှ ဟုန်ပော သတိဝင်လာလေသည်။

တီပါချင်းကား တစ်ရေးကောင်းကောင်း ရခဲ့ချေပြီ။

ဟုန်ပော ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မဟုတ်ပါဘူးကွာ"

တီပါချင်းက...

"မဟုတ်ဘူးဆိုယင်လည်း 'အရှုပ်'ဆိုင်ကို သွားကြမယ်"

"ဘာသွားလုပ်မှာလဲ"

"ခေါက်ဆွဲကြော် သွားစားကြမယ်လေ"

"ဟော"

ဟုန်ပော မျက်လုံးပြူးသွားသည်။

"မင်းက တဝတပြ စားသောက်ပြီး တစ်ရေးအိပ်လိုက်တာ မဟုတ်လား"

"အေးလေ"

"မင်းစားပြီးပြီဆိုတော့"

တီပါချင်းက…

"ဘာဆိုင်လို့လဲကွ၊ တစ်ရေးအိပ်လိုက်တော့ ဗိုက်ချောင်သွားပြီလေကွာ"

ဟုန်ပော သက်ပြင်းချလိုက်တော့သည်။

တီပါချင်းက…

"လာစမ်းပါကွာ"

ဟုန်ပော၏လက်ကို ဆွဲကာ ခေါ်သွားလေသည်။

ဟုန်ပောလည်း မတတ်သာတော့ဘဲ လိုက်ပါသွားရလေတော့သည်။

◆ ◆ ◆



## ပဋိပက္ခ

အရှုပ်ဆိုင်…

အရှုပ်ဆိုင်မှ ခေါက်ဆွဲကြော်သည် အခြားမည်သည့်ဆိုင်မှ လိုက်မမီအောင် အရသာထူးကဲလှသည်။

ဈေးလည်း သက်သာသည်။

ဟုန်ပောနှင့် တီပါချင်းတို့က အရှုပ်၏ဖောက်သည်များ ဖြစ်လေသည်။

ယနေ့…

ဟုန်ပောတို့ ရောက်သွားချိန်တွင် အရှုပ်ဆိုင်၌ လူစည်ကားနေလေသည်။

တီပါချင်းက ခေါက်ဆွဲကြော်နှစ်ပွဲနှင့် အရက်တစ်အိုး မှာလိုက်လေသည်။

နှစ်ယောက်သား စားကြယင်း…

"လက်ထဲ ငွေလေး မကုန်ခင် စားရတာ၊ ဝအောင်စားထားကွ"

တီပါချင်းက ရယ်ရယ်မောမော ပြောလေသည်။

ဟုန်ပော စားမဝင်နိုင်အောင် ဖြစ်သွား၏။

သူတို့၏ဘဝသည် ဘာဆိုဘာမှ မသေချာ မရေရာသော ဘဝ ဖြစ်လေသည်။

အလှုံပယ်စားသောက်ရသောနေ့ ရှိသကဲ့သို့ ရေသောက် ဗိုက်မှောက်နေရသော နေ့များလည်း မနည်းချေ။

တီပါချင်းက...

"ဒါပေမယ့် သိပ်တော့ မပူပါနဲ့ကွာ၊ မကြာခင် ငါတို့ အဆင် ပြေသွားမှာပါ"

ဟုန်ပောက...

"ဘယ်လို အဆင်ပြေမှာလဲ ပြောစမ်းပါဦး"

တီပါချင်းက...

"ငါတို့ သည်အတိုင်း နေမယ့်အစား ရဲဒင်းဂိုဏ်းဖြစ်ဖြစ်၊ မိကျောင်းဂိုဏ်းဖြစ်ဖြစ်၊ တစ်ဂိုဏ်းဂိုဏ်း ဝင်လိုက်ယင် ဘာမှ ပူစရာ မလိုတော့ဘူးပေါ့"

ပြောပြီး ရယ်မောလိုက်လေသည်။

ဟုန်ပောက...

"သူတို့က တကယ့် လူဆိုးတွေကွ"

"အေးလေ လူဆိုးဆိုတော့ကော ဘာဖြစ်သလဲ၊ မင်းပဲ စိတ် ကောင်းထားပြီး လူကောင်းလုပ်ယင် ဒုက္ခရောက်တယ်၊ ဒါကြောင့် လူဆိုးလုပ်တာပဲ ကောင်းမယ်လို့ ခဏခဏ ပြောနေတာပဲ မဟုတ် လား"



ဟုန်ပော ပါးစပ်ပိတ်ထားလိုက်လေသည်။

တီပါချင်းက...

"မင်းလိုက်မယ် မဟုတ်လား"

ဟုန်ပောက...

"ဘယ်ကို သွားရမှာလဲ"

တီပါချင်းက...

"မိကျောင်းဂိုဏ်းဖြစ်ဖြစ်၊ ရဲဒင်းဂိုဏ်းကိုဖြစ်ဖြစ် သွားကြတာ ပေါ့"

ဟုန်ပော ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်သေးပါဘူးကွာ"

"ဘာကြောင့်လည်းကွ"

"ငါတို့ အေးအေးဆေးဆေး နေရတော့မှာ မဟုတ်လို့ပေါ့ ကွာ"

ထိုအချိန်မှာပင်...

"ချက္က"

"သေဖို့ပြင်ထား"

ဆိုင်အပြင်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရလေသည်။

ဟုန်ပောတို့ လှမ်းကြည့်လိုက်လျှင် ဆိုင်အပြင်ဘက် လမ်း ပေါ်၌ ရန်ပွဲတစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ဟုန်ပောက...

"မိကျောင်းဂိုဏ်းသားတွေနဲ့ ရဲဒင်းဂိုဏ်းသားတွေကွ"

တီပါချင်းက…

"သူတို့က ပြိုင်ဘက်တွေပဲ၊ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ တိုက်ခိုက်ကြတော့တာပဲ"

မှန်ပေသည်။ သောင်းကျန်းနေသော ရဲဒင်းဂိုဏ်းနှင့် မိကျောင်းဂိုဏ်းတို့သည် မဆုံမိလိုက်နှင့် ဆုံမိလိုက်သည်နှင့် တိုက်ခိုက်ကြတော့သည်။

တဂိုဏ်းနှင့်တဂိုဏ်း မဟာရန်ဘက်များ ဖြစ်နေသည်။

တဂိုဏ်းကို တဂိုဏ်း ချေမှုန်းရန် ကြိုးစားနေကြသည်။

ဟုန်ဟောက…

"တို့က ရဲဒင်းဂိုဏ်းထဲဝင်ယင် မိကျောင်းဂိုဏ်းက ဒုက္ခပေးမှာပဲ၊ မိကျောင်းဂိုဏ်းထဲ ဝင်ယင်လည်း ရဲဒင်းဂိုဏ်းက ဒုက္ခပေးမှာကဲ ဘယ်လိုလုပ်မလဲ"

တီပါချင်းက…

"ဘာပဲဖြစ်ဖြစ် ရဲဒင်းဂိုဏ်းထဲ ဝင်တာ ပိုကောင်းမယ်ကွ၊ သူတို့မှာ ကျောထောက်နောက်ခံတွေ ရှိတယ်၊ ရဲဒင်းဂိုဏ်းကို တည်ထောင်ခဲ့တဲ့ ခေါင်းဆောင်ကြီးဟာ သိုင်းလောကတစ်ခုလုံးတောင် ကြောက်ရွံ့ရတဲ့ လူဆိုးကြီးလို့ ပြောတယ်၊ ရဲဒင်းဂိုဏ်းသား တစ်ခုခုဖြစ်ကြည့်၊ သူ ချက်ချင်း ရောက်လာပြီး ရဲဒင်းဂိုဏ်းရဲ့ ရန်သူတွေကို တစ်ယောက်မကျန် သတ်ပစ်လိုက်မှာ သေချာတယ်"

ဟုန်ဟောက…

"မင်းပြောတဲ့အတိုင်းဆိုယင် ရဲဒင်းဂိုဏ်းက မိကျောင်းဂိုဏ်းကို ချေမှုန်းနိုင်ရမှာပေါ့"



"သေချာတာပေါ့ကွာ၊ မင်းစောင့်ကြည့်နေ၊ မကြာခင် မိကျောင်းဂိုဏ်း ပျက်စီးသွားလိမ့်မယ်ကွ"

တီပါချင်း သေချာပေါက်ပြောလိုက်သည်။

ဟုန်ဟော ဘာမှမပြောတော့ဘဲ ခေါက်ဆွဲကြော် စားနေလိုက်လေတော့သည်။

တီပါချင်းက ရဲဒင်းဂိုဏ်းထဲ ဝင်လိုသော်လည်း ဟုန်ဟော စိတ်မပါ ပါချေ။

သို့သော်…

တစ်ချိန်တွင် ရဲဒင်းဂိုဏ်းနှင့် ပတ်သက်လာရမည်ဟု သူ၏ စိတ်ထဲ အလိုလို ခံစားနေရလေသည်။

"ဟော မိကျောင်းဂိုဏ်းသားတွေ ပြေးကုန်ပြီကွ"

ဝမ်းသာအားရ ပြောလိုက်သော တီပါချင်း၏အသံကြီး ထွက်ပေါ်လာလေတော့သည်။

◆ ◆ ◆

## တစ်ဂူထဲအောင်း ကျားနှစ်ကောင်

ယောင်ကျန်းနယ်...

ဒုစရိုက်မှု၊ မကောင်းမှုမျိုးစုံ ဖြစ်ပေါ်နေလျက် ရှိသော အနက်ရောင်နယ်မြေကြီးတစ်ခု ဖြစ်သည်။

ယောင်ကျန်းနယ်အား အနက်ရောင်နယ်မြေအဖြစ် အရောင်ဆိုးခဲ့သည်မှာ ရဲဒင်းဂိုဏ်းနှင့် မိကျောင်းဂိုဏ်းပင် ဖြစ်သည်။

ရှိရှိသမျှ ဒုစရိုက်မှုများ၊ မကောင်းမှုများမျိုးစုံ လုပ်ကိုင်နေသော ယင်းဂိုဏ်းနှစ်ဂိုဏ်း၏ ပြိုင်ဆိုင်မှုမှာလည်း ပို၍ ပြင်းထန်နေ၏။

သို့သော်...

အမြဲတစေ ရဲဒင်းဂိုဏ်းက နှာတစ်ဖျား သာနေခဲ့သည်ချည်းပင်။

တစ်ဂူထဲ ကျားနှစ်ကောင် ခိုအောင်းရိုးထုံးစံ မရှိသည့်အတိုင်း မိကျောင်းဂိုဏ်းနှင့် ရဲဒင်းဂိုဏ်းတို့သည် အမြဲတစေ ရင်ဆိုင်တိုက်ပွဲများ ဖြစ်နေကြ၏။



အမြဲတမ်းပင် ရဲဒင်းဂိုဏ်းက အသာရခဲ့သည်ချည်းပင်။

ထို့ကြောင့်...

ရဲဒင်းဂိုဏ်းခေါင်းဆောင် 'ချမ်းမင်း'သည် မိကျောင်းဂိုဏ်းအား အပြီးတိုင် ဖြိုခွဲပြီး ယောင်ကျန်းနယ်အား လက်ဝါးကြီးအုပ်ရန် ကြံစည်နေခဲ့တော့သည်။

◆ ◆ ◆

အာဏာသားရုံး...

အာဏာသားခေါင်းဆောင်ရဲ့မာသည် အစဉ်အမြဲ ခေါင်းကိုက်နေသူ ဖြစ်သည်။

တစ်နေ့တစ်နေ့ ဖြေရှင်းရသော မကောင်းမှုဒုစရိုက်များမှာ လက်မလည်အောင်ပင်။

အဆိုးဆုံးမှာ မိကျောင်းဂိုဏ်းနှင့် ရဲဒင်းဂိုဏ်း ပတ်သက်သော ဒုစရိုက်မှုများ ဖြစ်သည်။

မြို့စားကိုယ်တိုင် ကြောက်ရွံ့ရပြီး ခေါင်းရှောင်နေရာ သူတို့လည်း လက်ပိုက်ကြည့်နေရလေသည်။

ယောင်ကျန်းနယ်ရှိ ရဲဒင်းဂိုဏ်းနှင့် မိကျောင်းဂိုဏ်း ဩဇာသည် မြို့စားနယ်စားများထက်ပင် ဩဇာအရှိန်အဝါ ကြီးမားသည်ဟု ဆိုရပေတော့မည်။

◆ ◆ ◆

ရှဲ့မာ ခေါင်းရှုပ်နေ၏။

ကင်းလှည့်အဖွဲ့တစ်ဖွဲ့သည် ညက လုယက်မှု ကျူးလွန်သူတစ်ဦးအား ဖမ်းဆီးလာခဲ့သည်။

ထိုလူအား ရိုက်နှက်စစ်မေးကြသည်။

ထိုလူသည် မိကျောင်းဂိုဏ်း၏ ဌာနမှူးတစ်ဦး ဖြစ်နေ၏။

ထိုလူကြောင့် မိကျောင်းဂိုဏ်း ပါဝင်ပတ်သက်လာတော့မည်ဟု သူက နားလည်ထားသည်။

ပြဿနာ ဖြစ်တော့မည်ကို ကြောက်ရွံ့၍ သီးသန့်ခန်းတံခါးအား ပိတ်ကာ ပုန်းအောင်းနေလိုက်၏။

မကြာပါချေ။

လူတစ်စု ဝင်ရောက်လာသည်။

ရှဲ့မာ တွေးထင်ထားသည့်အတိုင်း မိကျောင်ဂိုဏ်းမှ အရေးပါသူများနှင့် ကိုယ်ရံတော်သိုင်းသမားများပင် ဖြစ်သည်။

◆ ◆ ◆

ဝါကျောင်း....။

မိကျောင်းဂိုဏ်း၏ အရေးပါသော ဒုဂိုဏ်းချုပ် ဖြစ်၏။

အလွန်ဒေါသကြီးပြီး ထစ်ခနဲဆို တိုက်ခိုက်တတ်သူတစ်ဦးလည်း ဖြစ်သည်။

ယခု...

ဌာနမှူးအား ဖမ်းဆီးထားသည် သတင်းကြား၍ ကိုယ်ရံတော်များ ခေါ်ဆောင်ကာ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။



အာဏာသားများ မျက်စိမျက်နှာ ပျက်နေ၏။

ဝါကျောင်းက အသံဝါကြီးဖြင့်...

“ငါတို့ဂိုဏ်းရဲ့ ဌာနမှူးကို ဖမ်းထားတယ်ဆို”

ဟု မေးလိုက်သည်။

လက်ထောက်အာဏာသားက မျက်နှာချိုသွေးယင်း...

“ကင်းလှည့်အဖွဲ့က လူမှားပြီး ခေါ်လာခဲ့တာပါ၊ ပြန်လွှတ်ပေးဖို့ စီစဉ်နေပါပြီ”

ဟု ကပျာကယာ ပြောလိုက်သည်။

ဝါကျောင်းက...

“ဘယ်မှာလဲ”

“လာပါပြီ”

မကြာမီ...

အာဏာသားနှစ်ဦးသည် လူတစ်ယောက်အား တွဲခေါ်လာကြ၏။

ထိုလူကား မိချောင်းဂိုဏ်းဌာနမှူးပင် ဖြစ်သည်။

ဌာနမှူး၏မျက်နှာတစ်ခုလုံး ဖူးယောင်နေ၏။

ဝါကျောင်း၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွား၏။

“ဘယ်သူက ဒီလို နှိပ်စက်ထာတာလဲ”

ဝမ်းခေါင်းသံကြီးဖြင့် မေးလိုက်၏။

ဌာနမှူးက မကျေနပ်ဖြင့်...

“သူပေါ့”

လက်ထောက်အာဏာသားအား ညွှန်ပြလိုက်၏။

လက်ထောက်အာဏာသား မျက်လုံးပြူးသွားသည်။

"ကျုပ်..ကျုပ်က.."

ဝါကျောင်းက အံတစ်ချက်ကြိတ်ကာ...

"မင်းက အလုပ်ပြုတ်ချင်ရုံတင်မကဘူး၊ အသက်ပျောက်ချင်နေပြီ ထင်တယ်"

ပြောယင်း မျက်နှာအား လက်သီးဖြင့် သုံးလေးချက်မျှ ထိုးကြိတ်လိုက်သည်။

"ဝုန်း"

"အား"

လက်ထောက်အာဏာသား စားပွဲပေါ် ပစ်ကျသွား၏။

သူ၏နှုတ်ခမ်းထောင့်တွင် သွေးများ စီးကျနေပြီး မျက်နှာတစ်ခုလုံး ဖူးယောင်သွား၏။

ဝါကျောင်းက လက်ညှိုးထိုးယင်း...

"ဒီတစ်ခါ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို မလွယ်ဘူး"

ဟု မာန်မဲလိုက်၏။

လက်ထောက်အာဏာသား တုတ်တုတ်မျှ မလှုပ်ရဲချေ။

ဝါကျောင်းက လက်ဝှေ့ယမ်းကာ...

"သွားကြမယ်ဟေ့"

အော်ပြောလိုက်၏။

ထို့နောက်...

အဖွဲ့သားများအား ခေါ်ဆောင်ကာ ထွက်သွား၏။



ထိုအခါမှ ရှဲ့မာ ပုန်းကွယ်ရာမှ ထွက်လာတော့၏။

ထိုစဉ် အစောင့်တစ်ယောက်က ပြူးပြူးပျာပျာ ဝင်ရောက်လာပြီး...

"ဆရာ..ဆရာ အခြေအနေတော့ မကောင်းတော့ဘူး"

ထိတ်လန့်တကြား အော်ဟစ်လာ၏။

ရှဲ့မာက...

"ဘာဖြစ်လို့လဲ၊ မိကျောင်းအဖွဲ့ ပြန်လာလို့လား"

အစောင့်က...

"မ..မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ မြန်မြန်ပြောစမ်း"

ရှဲ့မာက စိုးရိမ်ဟန်ဖြင့် မေးလိုက်သည်။

အစောင့်က...

"ရဲဒင်းဂိုဏ်းက လူတွေ အုပ်စုလိုက်ဖွဲ့ပြီး လာနေကြပြီ"

"ပေါ"

ထိုစကားကြားလျှင် ရှဲ့မာမှာ ငယ်ထိပ် မိုးကြိုးပစ်ခံရသလို ဖြစ်သွား၏။

လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး...

"ဒုက္ခပဲ၊ မိုးမီးလောင်တော့မယ်"

ညည်းညူ ရေရွတ်လိုက်သည်။

အစောင့်က...

"ရဲဒင်းဂိုဏ်းနဲ့ မိကျောင်းဂိုဏ်းက လူတွေ ထိပ်တိုက်တွေ့တော့မှာ သေချာတယ်"

"မဖြစ်ဘူး...မဖြစ်ဘူး"

ရှဲ့မာ တုန်လှုပ်ချောက်ချားနေသည်။

ချက်ချင်းပင်...

"ကဲ တံခါးတွေ အကုန်လုံး လုံခြုံအောင်သာ ပိတ်ထားလိုက်ကြပေတော့"

အမိန့်ပေးကာ သီးသန့်ခန်းအတွင်း ပြေးဝင်သွားပြီး တံခါးကို ဂုန်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်လေတော့သည်။

◆ ◆ ◆

ဝါကျောင်းသည် သူ၏လူများအား ခေါ်ကာ ထွက်လာ၏။

အာဏာသားရုံးနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ မျက်မှောင်ကုပ်သွား၏။

ခြေလှမ်းများလည်း အလိုလို ရပ်တန့်သွားသည်။

ထူးခြားချက်အား သတိပြုမိလိုက်သောကြောင့်ပင်။

လမ်းတစ်လျှောက် လူရိပ်လူယောင် မပြောနှင့် ခွေးတစ်ကောင် ကြောင်တမြီးမျှပင် မရှိပါချေ။

အိမ်တိုင်းလိုလို တံခါးပိတ်ထား၏။

အဘယ်ကြောင့်နည်းဟု စဉ်းစားနေစဉ်မှာပင် လူတစ်စုသည် လမ်းထဲသို့ ရုတ်ခြည်းရောက်လာ၏။

အားလုံးသည် အနက်ရောင်ဝတ်စုံကို တူညီစွာ ဝတ်ဆင်ထားကြ၏။



ဝါကျောင်း မျက်နှာပျက်သွား၏။

"ရဲဒင်းဂိုဏ်းကပါလား"

ဟု ရေရွတ်လိုက်၏။

သူ၏ရေရွတ်သံနှင့် မရှေးမနှောင်းမှာပင် ရဲဒင်းဂိုဏ်းမှ လူတစ်စုသည် တစ်ဘက်ထိပ်မှ ထွက်ပေါ်လာကြပြန်သည်။

ဝါကျောင်းသည် လမ်းကြားထဲ၌ ရှေ့နောက်ညှပ်ပိတ်ခြင်း ခံလိုက်ရပြီဟု နားလည်လိုက်ရာ ဇောချွေးများ ပြန်လာ၏။

အာဏာသားရုံးမှာလည်း တံခါးများ တင်းကြပ်စွာ ပိတ်ကာ တိတ်ဆိတ်နေပြီ ဖြစ်သည်။

ဝါကျောင်း အံကြိတ်လိုက်၏။

ရှောင်၍ မလွတ်သည့် အတူတူ ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆

ရဲဒင်းဂိုဏ်းမှ လူများသည် ရှေ့နောက်ညှပ်လျက် ရောက်ရှိလာပြီ ဖြစ်သည်။

ရဲဒင်းဂိုဏ်းခေါင်းဆောင် ချန်းမင်းကိုယ်တိုင် လိုက်ပါလာခြင်း ဖြစ်၍ ဝါကျောင်း ရင်ထိတ်သွားသည်။

ချန်းမင်း...။

ဒုစရိုက်ရာဇဝ (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်သော ရဲဒင်းဂိုဏ်း၏ခေါင်းဆောင် ဖြစ်သည်။

ချန်းမင်းသည် မကောင်းမှု အကုန်လုပ်သည်။

ရက်စက်သည်။ ကြမ်းကြုတ်သည်။

သူ၏နောက်ကွယ်တွင် ကျောထောက်နောက်ခံ ပြုသူများလည်း ရှိသည်။

ချန်းမင်းသည် အဆိပ်ပြင်းသော မြွေတစ်ကောင်ပင် ဖြစ်ပေသည်။

"ဝါကျောင်း၊ မင်း ဒီကို လာတာ ကံဆိုးသွားပြီကွ"

ဝါကျောင်း အံကြိတ်လိုက်၏။

အကူအညီ များစွာ ခေါ်မလာသည်ကိုလည်း နောင်တရလာမိသည်။

သို့သော် သူက မာန်မလျှော့ဘဲ...

"ငါက ကြောက်နေရမှာလား"

ဟု ပြောလိုက်သည်။

ချန်းမင်း ဟားတိုက်ရယ်မောလိုက်သည်။

ပြီးမှ...

ခေါင်းကို အသာအယာခါယမ်းယင်း...

"အေးလေး ဘယ်ကြောက်မလဲ၊ မင်းက လူသေ ဖြစ်တော့မှာကိုး"

ခပ်ရိရိ ပြောလိုက်၏။

ဝါကျောင်း ဒေါသထွက်သွား၏။

"ဟေ့ မိကျောင်းဂိုဏ်းဝင်တွေဟာ သတ္တိမကြောင်ဘူးဆိုတာ ပြလိုက်စမ်း"



တပည့်များအား အမိန့်ပေးလိုက်သည်။

"ခြွမ်း...ခြွမ်း"

မိကျောင်းဂိုဏ်းဝင်များက လက်နက်များ အသီးသီး ဆွဲထုတ်လိုက်ကြ၏။

ချန်းမင်း ဘာမှမပြောပါ။

လက်တစ်ဖက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ...

အဖွဲ့သားများအားလုံး သေးငယ်ထက်မြက်သော ရဲဒင်းကိုယ်စီ ထုတ်ယူလိုက်ကြသည်။

ယင်းနောက်...

"ယား"

ညာသံပေးကာ မိကျောင်းဂိုဏ်းဝင်များအား ရှေ့နောက်ညှပ်၍ တိုက်ခိုက်လိုက်ကြသည်။

မိကျောင်းဂိုဏ်းသားများကလည်း ပြန်လည်တိုက်ခိုက်လိုက်ကြသည်။

ဤသို့ဖြင့်...

လမ်းမပေါ်ဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်းပင် ဖြစ်ပေါ်လာလေတော့သည်။

◆ ◆ ◆

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိကျောင်းဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲ
ကျကုန်သည်။

ရဲဒင်းဂိုဏ်းသည် အင်အားများသည့်အပြင် တရစပ် တိုက်
ခိုက်နေသောကြောင့် မိကျောင်းဂိုဏ်းမှာ အထိနာလျက် ရှိသည်။

"တောက်"

မိမိလူများ ခံနေရသည်ကို မြင်လျှင် ဝါကျောင်း ဒေါသ
ခြောင်းခြောင်း ထွက်လာသည်။

ချန်းမင်းမှာ သူ၏လူအချို့နှင့်အတူ လက်ပိုက်လျက် တိုက်
ပွဲအား အေးအေးဆေးဆေးပင် ကြည့်နေ၏။

"ခွမ်း"

ဝါကျောင်းက ခါးမှဓားကောက်ကြီးအား ဆွဲထုတ်လိုက်ပြီး

"ဟေ့ကောင် ချန်းမင်း သတ္တိရှိယင် ငါနဲ့ယှဉ်"

ဟု အော်ပြောလာ၏။

ချန်းမင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းတာပေါ့"

သူက လှမ်းထွက်ရန် ပြင်၏။

သို့သော်...

လူတစ်ယောက်က ကြို့ထွက်လိုက်၏။



ထိုလူမှာ ရဲဒင်းဂိုဏ်းဌာနမှူး ကျောက်ပါဆိုသူပင် ဖြစ်၏။

ကျောက်ပါက ဦးညွှတ်ယင်း...

"ဆရာချန်းလို ဂိုဏ်းချုပ်အနေနဲ့ သူ့ကို ယှဉ်ဖို့ မသင့်တော်
ပါဘူး၊ သိက္ခာကျသွားနိုင်ပါတယ်"

ဟု ပြောလာ၏။

ချန်းမင်း မျက်မှောင်ကုပ်ပြီးမှ ခေါင်းညိတ်သွားသည်။

"ဒါလဲ ဟုတ်တာပဲ"

ဌာနမှူးကျောက်ပါက...

"သူ့ကို ကျွန်တော်ပဲ ဆုံးမလိုက်ပါ့မယ်"

ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် ချန်းမင်း သဘောကျသွားသည်။

"ကောင်းတယ်..ကောင်းတယ်"

ကျောက်ပါက ရှေ့သို့ လှမ်းထွက်သွားသည်။

ဝါကျောင်းက စူးရဲသော မျက်လုံးအစုံဖြင့် ကြည့်ကာ...

"မင်းက သူများကိုယ်စား သေပေးချင်နေတာကိုး၊ ကောင်း
ပြီလေ၊ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ ပြေးဝင်လာ၏။

ကျောက်ပါက ခါးမှ ရဲဒင်းနှစ်လက် ထုတ်ယူကာ ဘယ်ညာ
လွှဲ၍ ပစ်ပေါက်လိုက်သည်။

ရဲဒင်းအရိုးတွင် သံမဏိကြိုးတစ်ချောင်း ချည်နှောင်ထား၍
ပစ်ခတ်တိုက်ခိုက်နိုင်ခြင်း ဖြစ်သည်။ ရဲဒင်းနှစ်လက်သည် အရှိန်ပြင်း
စွာဖြင့် ပြေးထွက်သွားသည်။

"ငါ့ကို ဒီလို စမ်းလို့ရမယ် ထင်သလား"

ပြောယင်း ဓားဖြင့် ခတ်ထုတ်လိုက်၏။

ရဲဒင်းတစ်ပတ် လည်သွားသည်နှင့် ကျောက်ပါထံ ခုန်ဝင်ကာ ဓားဖြင့် ခုတ်ချလိုက်သည်။

ထိုအချိန် သံမဏိကြိုးဖြင့် ပြန်လည်ဆွဲယူလိုက်သော ရဲဒင်းနှစ်လက်မှာ ကျောက်ပါ၏လက်ထဲ ပြန်လည်ရောက်ရှိနေပြီ ဖြစ်သည်။

ကျောက်ပါက ရဲဒင်းနှစ်လက်ဖြင့် ဝါကျောင်း၏ဓားချက်အား ခုခံလိုက်၏။

"ခြွမ်း"

သံ,သံချင်း ထိခတ်မိသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

နှစ်ယောက်သား ပြိုင်တူပင် ခြေသုံးလှမ်းမျှ ဆုတ်သွားရ၏။

ဝါကျောင်း၏ရင်ထဲ မသိမသာ လှုပ်ရှားသွားရ၏။

ရဲဒင်းဂိုဏ်းမှ ဌာနမှူးပင်လျှင် သိုင်းပညာသာမက အတွင်းအားပါ ထက်မြက်ကြောင်း နားလည်သွား၍ ဖြစ်သည်။

သူက မပေါ့ဆဝံ့တော့ပါ။

သတိကြီးစွာ ထားယင်း တိုက်ခိုက်လိုက်သည်။

ကျောက်ပါကလည်း ပြန်လည် ခုခံတိုက်ခိုက်လိုက်သည်။

တခဏချင်းမှာပင် သိုင်းကွက်နှစ်ဆယ်ကျော်မျှ ယှဉ်ပြိုင်ပြီးသား ဖြစ်သွား၏။



ကျောက်ပါက မဲ့ပြုံးပြုံးယင်း...

"မိကျောင်းဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ် လုပ်နေပြီး ဂျူပ်ကိုတောင် အနိုင်မတိုက်နိုင်ဘူးလားဗျ"

လှောင်ပြောင်လိုက်၏။

နဂိုကတည်းကပင် အသာမရသေး၍ ဒေါပွနေသော ဝါကျောင်းမှာ ကျောက်ပါ၏စကားကြောင့် မခံမရပ်နိုင်အောင်ပင် ဖြစ်သွားသည်။

သူက ဒေါသအိုး ပေါက်ကွဲသွားပြီး...

"တွေ့ကြသေးတာပေါ့"

ဒေါသတကြီးဖြင့် ပြောကာ ဂမူးရှူးထိုး တိုက်ခိုက်လာလေသည်။

ဝါကျောင်းသည် ဒေါသကြီးသူ ဖြစ်ရကား မဆင်မခြင် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ကျောက်ပါ ပြုံးလိုက်သည်။

ဝါကျောင်း၏တိုက်ခိုက်မှုများ၌ ဟာကွက်အချို့ ရှိနေကြောင်း သူက တွေ့မြင်သွား၏။

ချက်ချင်းပင် ရင်ဝသို့ ရဲဒင်းတစ်လက် ပစ်လွှင့်လိုက်၏။

တဆက်တည်းပင်...

"ယား"

ညာသံတစ်ချက်ပေးကာ ခုန်ဝင်သွား၏။

ကိုယ်ကို စောင်းလှဲချကာ ဝါကျောင်း၏ညာဘက်ခြေအား ရဲဒင်းဖြင့် ခုတ်ချလိုက်သည်။

သူ၏လှုပ်ရှားမှုမှာ လွန်စွာလျှင်မြန်လွန်းလှပေသည်။

ဝါကျောင်းက ပစ်လွှင့်လာသော ရဲဒင်းအား ဓားဖြင့်ခုတ်ထုတ်လိုက်သည့်ခဏမှာပင် အားနည်းချက်များ ဖြစ်ပေါ်လာသော ညာခြေမှာ ရဲဒင်းခုတ်ချက် ထိမှန်သွားလေသည်။

"ဒုတ်"

"အား"

ဝါကျောင်း နာကျင်စွာ အော်ဟစ်လိုက်၏။

ခန္ဓာကိုယ် ရပ်တန့်ရန် မဟန်နိုင်တော့ပါ။

ဒူးထောက်ကျသွား၏။

ဝါကျောင်းက တစ်ဘက်သို့ လှိမ့်ထွက်သွားပြီး ကြိုးတပ်ရဲဒင်းနှစ်လက်အား ဘယ်ညာခွဲကာ ပစ်လွှတ်လိုက်၏။

ဝါကျောင်း ရင်ထိတ်သွားသည်။

ချက်ချင်းပင် ခန္ဓာကိုယ်လှဲ၍ ဓားဖြင့်ခုတ်ချလိုက်သည်။

"ချွမ်း"

ရဲဒင်းရိုးကျွတ်ကာ မြေပေါ်ကျသွား၏။

ကျန်တစ်ခုကား သူ၏ခါးဆီသို့ တန်းတန်းမတ်မတ် တိုးဝင်လာသည်။

ဝါကျောင်းက ခုန်ထပြီး ရှောင်တိမ်းရန်ပြင်လိုက်၏။

သို့သော်...

ခြေထောက်မှ ဒဏ်ရာနာကျင်မှုကြောင့် တုန့်ဆိုင်းသွားရသည်။

ထိုအခါ..



"အား"

ဝါကျောင်းမှာ ဝုန်းခနဲပစ်လဲကျသွား၏။

ဝါကျောင်း ဒဏ်ရာပြင်းထန်စွာ ရရှိကာ မြေပေါ်လဲကျနေပြီဖြစ်လေတော့သည်။

◆ ◆ ◆

"ဝုန်း"

"အား"

"အမယ်လေး"

ရူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာ၏။

ထို့နောက်...

တဖြည်းဖြည်း တိုးလျော့သွားကာ နောက်ဆုံးတွင် အော်သံများရပ်တန့်ပျောက်ကွယ်သွားသည်။

တိုက်ပွဲ ရပ်တန့်သွားပြီ ဖြစ်သည်။

မိကျောင်းဂိုဏ်းသားများမှာ မြေပေါ်ဝယ် အတုံးအရုံးလဲကျနေပြီဖြစ်သည်။

ရဲဒင်းဂိုဏ်းသားများမှာ အောင်ပွဲခံနေကြပြီဖြစ်သည်။

ဝါကျောင်းမှာ သွေးအိုင်ထဲဝယ် လက်ဖြင့်ထောက်ကာ လဲကျနေ၏။

ချန်းမင်း သဘောကျစွာ ပြုံးလိုက်သည်။

ကျောက်ပါအား ပခုံးတစ်ချက်ပုတ်ယင်း...

"မင်းတော်တယ်၊ အနားယူလိုက်ဦး၊ ငါလက်စသတ်ပေးလိုက်မယ်"

ပြောယင်း ဝါကျောင်းအနီး လျှောက်သွားလိုက်၏။

ဝါကျောင်းက မလှမ်းမကမ်း၌ ကျနေသော သူ၏ဓားအားကောက်ယူရန် ကြိုးစားနေ၏။

ချန်းမင်း ခေါင်းယမ်းလိုက်သည်။

"မင်း ဘာမှမတတ်နိုင်တော့သလို မိကျောင်းဂိုဏ်းလည်းကျဆုံးရတော့မှာပါ"

သူက ဝါကျောင်း၏ဓားအား ကန်ထုတ်ပစ်လိုက်၏။

ဝါကျောင်းမှာ လက်နက်မရှိ၊ ဒဏ်ရာပြင်းစွာရထားပြီးဖြစ်သည့်အပြင် ကယ်သူဝေးနေချေပြီ။

ဝါကျောင်း အံတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်ကို သတ်ပစ်လိုက်"

ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်၏။

ချန်းမင်းက အေးတိအေးစက် ပြုံးကာ...

"ဖြည်းဖြည်းပေါ့၊ မင်း သေရမှာပါ၊ ဒါပေမယ့် ငါပြောချင်တာတွေ ပြောဦးမှာပေါ့"

ဝါကျောင်းက မုန်းတီးစက်ဆုပ်ဟန်ဖြင့် ကြည့်နေသည်။

ချန်းမင်းက...

"မင်းတို့ သေသွားပြီဆိုယင် မင်းတို့ဂိုဏ်းချုပ်'ပြောင်းဂူ'က ငြိမ်နေမှာ မဟုတ်ဘူး၊ ကျိန်းသေတုန့်ပြန်လာမှာပဲ၊ အဲဒီအခါမှာ ငါက ထောင်ချောက်ဆင်ပြီး ဖြိုခွဲလိုက်ယင် မိကျောင်းဂိုဏ်းဆိုတာ လော



ကပေါ်မှာ ပျောက်ကွယ်သွားမှာပဲ၊ ဟား ဟား ဟား"

ချန်းမင်းက ဟားတိုက်ရယ်မောလိုက်သည်။

ဝါကျောင်း အံကြိတ်ကာ...

"မင်း...မင်း"

ဒေါသထွက်လွန်း၍ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။

ချန်းမင်းက နောက်သို့လှည့်ကာ...

"ပေးစမ်း"

ဟု အော်ပြောလိုက်၏။

အဖွဲ့သားတစ်ဦး ချက်ချင်းပြေးထွက်လာကာ ရဲဒင်းတစ်လက် ရိုသေစွာပေးလိုက်၏။

ချန်းမင်း ခေါင်းယမ်းကာ..

"နောက်တစ်လက်ပေးဦး၊ သူ့ကို သွားကာနီးပြည့်ပြည့်စုံစုံ ထည့်ပေးလိုက်ချင်တယ်"

နောက်ထပ် ဂိုဏ်းသားတစ်ဦးက ရဲဒင်းတစ်လက် ယူလာပေးသည်။

ချန်းမင်း ကျေနပ်သွားသည်။

ရဲဒင်းနှစ်လက်အား လက်ထဲတွင် ဝှေ့ယမ်းကစားလိုက်၏။

ဝင်းလက်သော အလင်းရောင်တန်းများ တလက်လက် ထွက်ပေါ်လာသည်။

ဝါကျောင်း မျက်လုံးပြူးနေ၏။

တကယ်တမ်း သေဘေးနှင့်ရင်ဆိုင်ရတော့မည်ကို သိရသောအခါ ကြောက်ရွံ့လာမိသည်။

ထိတ်လန့်မှုကြောင့် ဈေးချွေးများပင်ပျံလာ၏။

ချန်းမင်းက သူ၏အနီး၌ထိုင်ချလာသည်။

တဖန်…

သဘောကျဟန်ဖြင့် ပြုံးကာ…

"မင်းဟာ ဒုဂိုဏ်းချုပ်ဆိုတော့ ရဲဒင်းတစ်လက် အပိုပေးလိုက်ပါ့မယ်"

စကားဆုံးလျှင် ရဲဒင်းတစ်လက်ဖြင့် ခုတ်ချလိုက်၏။

"မလုပ်နဲ့"

ဝါကျောင်း၏အော်သံမှာ နာကျင်မှုကြားဝယ် နစ်မြုပ်ပျောက်ကွယ်သွားလေသည်။

နောက်ထပ် ရဲဒင်းတစ်ချက် ကျရောက်လာပြန်သည်။

ဝါကျောင်း၏ အသိတရားများ လုံးဝပျောက်ကွယ်သွားလေတော့သည်။

◆ ◆ ◆

မိကျောင်းဂိုဏ်းသားများ အတုံးအရုံး လဲကျနေ၏။

ဝါကျောင်းသည်လည်း သွေးအိုင်ထဲဝယ် အသက်ပျောက်ကာ ငြိမ်သက်နေ၏။

လူတကာအပေါ် အနိုင်ကျင့် ဆိုးသွမ်းရက်စက်ခဲ့သော ဝါကျောင်းမှာ သူ့ထက် ဆိုးမိုက်သူနှင့်တွေ့သောအခါ တိရစ္ဆာန်တစ်ကောင်နှင့်မထူးခြား လမ်းပေါ်၌ပင် သေဆုံးနေရ၏။



သံဝေဂ ရစရာပင် ကောင်းနေတော့၏။

အနိုင်ရသူမှာလည်း ပြုံးပျော်နေသည်မှာ မထူးဆန်းလှပါချေ။

ချန်းမင်း ကျေနပ်စွာ ပြုံးနေ၏။

သူက ထရပ်လိုက်ပြီး…

"ကဲ..မိကျောင်းဂိုဏ်းတစ်ခုလုံး မကြာခင် ပြိုကွဲသွားရမယ်မှတ်"

ဝင့်ကြွားစွာဖြင့် ပြောလိုက်သည်။

တဖန်…

အာဏာသားရုံးဘက်လှည့်ကာ…

"ဟေ့..အာဏာသားတွေ ပုန်းမနေနဲ့ ဒီကအလောင်းတွေ လာရှင်းလိုက်ဦး"

ဟု ပြောကာ လှမ်းထွက်သွား၏။

သူ၏ခြေလှမ်းများသည် အောင်မြင်သူတစ်ဦးကဲ့သို့ ဝံ့ပါး လန်းဆန်းနေပေသည်။

ရဲဒင်းဂိုဏ်းသားများသည် သူ၏နောက်မှ အုပ်စုလိုက် လိုက်ပါသွားကြသည်။

မကြာမီ…

လမ်းအတွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

◆ ◆ ◆

## သွေးစွန်းရဲဒင်း

ဝက်ဝံတောင်…။

မြင့်မားခြင်းမရှိသော တောင်တစ်လုံးဖြစ်သည်။

ဝက်ဝံတောင်ခြေတွင် ကြီးမားသော လိုဏ်ဂူတစ်ခုရှိနေ
သည်။

ထိုလိုဏ်ဂူသည် လူငါးဆယ်ကျော် ဝင်ထွက်သွားလာနိုင်
အောင်ကျယ်ဝန်းလှ၏။

ထို့ကြောင့်…

ထိုလိုဏ်ဂူအား ဒုစရိုက်သမားများက သဘောကျနေကြ
ပေတော့သည်။

◆ ◆ ◆



ဝက်ဝံတောင်လိုဏ်ဂူ…။

လိုဏ်ဂူနှင့် မလှမ်းမကမ်းသစ်ပင်ချုံနွယ်များတွင် လူအများအပြား ပုန်းအောင်းနေကြသည်။

ထိုလူများကား မိကျောင်းဂိုဏ်းမှ လူများပင်ဖြစ်သည်။

ရဲဒင်းဂိုဏ်းချုပ်သည် ငယ်သားသုံးဆယ်နှင့်အတူ လိုဏ်ဂူအတွင်း ဝင်ရောက်သွားကြောင်း သတင်းကြား၍ ချေမှုန်းရန် မိကျောင်းဂိုဏ်းချုပ်ပြောင်းပူသည် ရှိသမျှ အင်အားစုစည်းကာ လာရောက်ခဲ့ခြင်းဖြစ်ပေသည်။

ပြောင်းပူသည် ထွားကျိုင်းသော လူသန်ကြီးတစ်ဦးဖြစ်သည်။

ထွေထွေထူးထူး မစဉ်းစားတတ်ဘဲ ပြတ်သားစွာ လုပ်ဆောင်တတ်သူဖြစ်သည်။

တွေဝေတုန့်ဆိုင်းခြင်းမရှိ၊ စိတ်မြန်လက်မြန် ပြတ်ပြတ်သားသားလုပ်ဆောင်တတ်၍လည်း ရဲဒင်းဂိုဏ်းနှင့်အပြိုင် ကျော်ကြားလာခဲ့ရခြင်းဖြစ်သည်။

ပြောင်းပူက လိုဏ်ဂူဝအား မမိုတ်မသုန်ကြည့်ကာ…

“စွန်ထောင်း”

“အမိန့်ရှိပါ ဆရာ”

လူတစ်ယောက် ဘေးနားရောက်လာ၏။

စွန်ထောင်းသည် ပြောင်းပူ အားကိုးရသော ဌာနမှူးတစ်ဦးပင်ဖြစ်သည်။

ပြောင်းပူက…

"မင်းသတင်း သေချာလား၊ လူရိပ်လူယောင်တောင် မတွေ့ရသလိုပဲ"

စွန်ထောင်းက...

"သေချာပါတယ်ဆရာ၊ ရဲဒင်းဂိုဏ်းက ခေါင်းဆောင်တစ်ဦးကိုဖမ်းပြီး စစ်မေးခဲ့တာပါ၊ ချန်းမင်းဟာ ငယ်သားသုံးဆယ်နဲ့အတူ ဒီဂူထဲမှာ ရှိနေတယ်"

ပြောင်းဂူ မျက်မှောင်ကုပ်ယင်း...

"သူတို့ ဘာကြောင့် ရောက်လာကြတာလဲ"

စွန်ထောင်းက...

"ချန်းမင်းဟာ လှို့ဝှက်စုဆောင်းထားတဲ့ ရတနာတွေကို ရတနာကုန်သည်အချို့နဲ့ လှို့ဝှက်ဆက်သွယ်ပြီး ဒီဂူထဲမှာ အရောင်းအဝယ်လုပ်မယ်လို့ သိရပါတယ်"

ပြောင်းဂူ၏မျက်နှာပေါ်ဝယ် လောဘရောင်များ တဖိတ်ဖိတ် တောက်ပလာလေသည်။

သူသည် ချန်းမင်းအား ရှင်းပစ်နိုင်မည့်အပြင် ရတနာပစ္စည်းများကိုလည်း ရဦးမည် မဟုတ်လား။

ပြောင်းဂူ တစ်ချက်ရယ်ယင်း...

"ချန်းမင်း ကိစ္စတုံးသွားယင် ရဲဒင်းဂိုဏ်းက ဦးကျိုးသွားမှာပဲ သူတို့ဂိုဏ်းရဲ့ပစ္စည်းတွေ သိမ်းပြီး ငါဟာ အဆမတန် အင်အားကြီးတဲ့ ဂိုဏ်းဖြစ်အောင် လုပ်ရမယ်"

စွန်ထောင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဘဏ္ဍာရေးပြည့်ဝတဲ့နောက် လူသူအင်အား



စုဆောင်းဖို့ဆိုတာ မခဲယဉ်းတော့ပါဘူး"

ပြောင်းဂူက...

"အခု သူတို့တွေ ဂူထဲမှာ အရောင်းအဝယ် ဆွေးနွေးနေကြပြီလားမသိဘူး"

စွန်ထောင်း တစ်ချက်စဉ်းစားကာ...

"သူတို့ဟာ အစည်းအဝေးပွဲကို အာရုံရောက်နေတုန်း ကျွန်တော်တို့က အလစ်ဝင်တိုက်ယင် ကောင်းမယ်"

ပြောင်းဂူ ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့"

စွန်ထောင်းက...

"ကျွန်တော်တို့ အဆိပ်မှိုင်းတိုက်ပြီးမှ ဝင်ယင် ပိုအန္တရာယ်ကင်းမယ်၊ ကျွန်တော်တို့အတွက် ငှက်ပျောသီးအခွံနွှာသလို လွယ်လွယ်လေးပဲ"

ပြောင်းဂူ သဘောကျသွား၏။

"သိပ်ကောင်းတဲ့အကြံပဲ၊ ကောင်းပြီ မင်းဦးဆောင်ပြီး လုပ်ပေတော့"

ဂိုဏ်းချုပ်ကိုယ်တိုင်က လုပ်ပိုင်ခွင့်အပြည့်အဝ ပေးလိုက်ပြီဖြစ်၍ စွန်ထောင်း ကျေနပ်သွားမိလေတော့သည်။

◆ ◆ ◆

စွန်ထောင်းအပါအဝင် ငယ်သားနှစ်ဆယ်ကျော်သည် ဂူအ တွင်းသို့ အဆိပ်မီးခိုးများ လွှတ်လိုက်ပြီဖြစ်သည်။

မကြာမီ...

အဆိပ်ငွေ့များ ဂူထဲပျံ့နှံ့သွားကာ တဖြည်းဖြည်း လွင့်ပါး ပျောက်ကွယ်သွား၏။

စွန်ထောင်းသည် အားရကျေနပ်ဟန်ဖြင့် ကြည့်လိုက်သည်။

ထိုစဉ်...

ပြောင်းဂူမှာ အင်အားအလုံးအရင်းဖြင့် အလောတကြီး ရောက်လာသည်။

သူက စွန်ထောင်းအားကြည့်ကာ...

"အခြေအနေ ဘယ်လိုလဲ"

ဟုမေးလိုက်သည်။

စွန်ထောင်းက....

"အဆိပ်ငွေ့တွေ လွှတ်လိုက်ပြီ၊ သူတို့ ဘာမှမတတ်နိုင် ကြတော့ပါဘူး"

ပြောင်းဂူ သဘောကျသွား၏။

"ကောင်းတယ်၊ ချန်းမင်း ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပြီ"

စွန်ထောင်းက ဖြေဆေးသောက်ထားသော ငယ်သားသုံး ဆယ်ခန့်အား စုစည်းကာ...

"ကဲ..ဂူထဲဝင်မယ်၊ တွေ့တဲ့လူ အကုန်သတ်ပစ်"

အမိန့်ပေးလိုက်ပြီး ရှေ့မှဦးဆောင်ကာ ဝင်သွား၏။

ငယ်သားများလည်း ပြေးလိုက်သွားကြသည်။



ပြောင်းဂူက ငယ်သားများအား ဂူပတ်ပတ်လည်တွင် စောင့် ကြည့်နေခိုင်းပြီး...

"ရန်သူထွက်လာတာမြင်ယင် တစ်ခါတည်းသာ အပြတ် ရှင်းပစ်လိုက်"

အမိန့်ပေးပြီး ဂူဝနှင့်မလှမ်းမကမ်းမှ အခြေအနေကို စောင့် ကြည့်နေလိုက်လေတော့သည်။

♦ ♦ ♦

စွန်ထောင်းတို့လူစု ဝင်ရောက်သွားပြီဖြစ်သည်။

အတော်လေးကြာသည့်တိုင် တိုက်ခိုက်သံများ မကြားရ ချေ။

ပြောင်းဂူ ဇဝေဇဝါဖြစ်သွားသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

သူ တွေးတောစဉ်းစားနေဆဲမှာပင်...

"ဝုန်း"

"ဝုန်း"

"ဝေါ...ဝေါ"

လိုဏ်ဂူအတွင်းမှာ ကျယ်လောင်သော ပေါက်ကွဲသံများ ဆက်တိုက်ထွက်ပေါ်လာ၏။

မြေပြင်တစ်ခုလုံး တုန်ဟည်းသွားသလို ကျောက်တုံး ကျောက်ခဲများ လွင့်စဉ်ပြုတ်ကျလာ၏။

ဂူပေါက်အနီး ဝန်းကျင်၌ စောင့်ကြပ်နေသူများမှာ ကျောက်တုံးကျောက်ခဲများ ပိကျသွား၏။

ခပ်လှမ်းလှမ်းမှလူများမှာလည်း အရှိန်ပြင်းစွာဖြင့် လွင့်စဉ်ထွက်လာသော ကျောက်ခဲကျောက်စများထိမှန်သွားတော့သည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တခဲနက်ပင် ထွက်ပေါ်လာတော့၏။

မိကျောင်းဂိုဏ်းသားများမှာ သေသူသေ၊ ဒဏ်ရာရသူရဖြင့် ကစဉ့်ကလျား ဖြစ်သွားကြလေတော့သည်။

◆ ◆ ◆

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ပြောင်းဂူ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဂူထဲ ဝင်ရောက်သွားသူများနှင့် ဂူပေါက်ဝ၌ ရှိနေသူများ၏အခြေအနေမှာ တွေးဝံ့စရာပင် မရှိချေ။

သူက ထောင်ချောက်ဟု နားလည်လိုက်သည့်ခဏမှာပင်နောက်ဆုတ်ရန် စိတ်ကူးလိုက်မိသည်။

ထိုခဏမှာပင်...



ပြိုကျလာသော ဝက်ဝံတောင်တစ်ခုလုံးမှ ကျောက်တုံးကျောက်ခဲ အပိုင်းအစများစွာသည် ပတ်ဝန်းကျင်အနှံ့သို့ အရှိန်ပြင်းစွာ လွင့်ပျံ့ထွက်လာ၏။

"ဒုတ်"

"အား"

ကျောက်ခဲ အပိုင်းအစတစ်ခုသည် ပြောင်းဂူ၏ ဒူးခေါင်းရိုးတည့်တည့် အရှိန်ပြင်းစွာဖြင့် လာရောက်ထိမှန်သွားတော့သည်။

ပြောင်းဂူ နာကျင်စွာ အော်ဟစ်ယင်း လဲပြိုကျသွား၏။

သူ၏ခြေတစ်ဖက်မှာ သွေးချင်းချင်း နီရဲသွားပြီး လှုပ်ရှား၍ပင် မရတော့ချေ။

ပြောင်းဂူမှာ နာကျင်မှုကြောင့်တစ်ကြောင်း၊ ကြုံတွေ့လာမည့် အန္တရာယ်ကို ရိပ်စားမိ၍တစ်ကြောင်း မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

ထိုအချိန်မှာပင်...

ရဲဒင်းကိုယ်စီ ကိုင်ဆောင်ထားကြသူများ နေရာအနှံ့အပြားမှ အလျှိုလျှို ထွက်ပေါ်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

"ရဲဒင်းဂိုဏ်း"

ပြောင်းဂူက တုန်လှုပ်ချောက်ချားစွာဖြင့် ရေရွတ်လိုက်မိလေတော့သည်။

◆ ◆ ◆

ချွန်းမင်းက လက်နှစ်ဘက် နောက်ပစ်ကာ ရပ်နေ၏။

မိကျောင်းဂိုဏ်းမှာ သူ၏ထောင်ချောက်မိကာ ကစဉ့်ကလျား ဖြစ်နေ၏။

သူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

ကျောက်ပါ ဦးဆောင်သော ရဲဒင်းဂိုဏ်းသားများသည် ကစဉ့်ကလျား ဖြစ်နေသော မိကျောင်းဂိုဏ်းဝင်များအား တရကြမ်းပင် တိုက်ခိုက်လိုက်ကြတော့သည်။

မိကျောင်းဂိုဏ်း အင်အားတစ်ဝက်မှာ ကျဆုံးသွားပြီ ဖြစ်သည်။

ကျန်တစ်ဝက်မှာလည်း ဒဏ်ရာရသူ များပြားနေ၏။

ထိုသို့သော အခြေအနေမျိုးတွင် ရဲဒင်းဂိုဏ်းက အလုံးအရင်းဖြင့် တိုက်ခိုက်လာကြခြင်း ဖြစ်သည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများသည် ငရဲပွက်သံအလား တခဲနက် ထွက်ပေါ်နေလေတော့သည်။

◆ ◆ ◆



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်နေသည်။

မိကျောင်းဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျနေ၏။

ခြေထောက်တစ်ဖက် ဒဏ်ရာပြင်းထန်စွာ ရရှိထားသော ပြောင်းဂူမှာ မြင်ကွင်းအား ကြည့်ကာ အံတကြိတ်ကြိတ် ဖြစ်နေ၏။

ပြိုလဲပျက်စီးသွားသော ဝက်ဝံတောင်နှင့်အတူ သူ၏ မိကျောင်းဂိုဏ်းသည်လည်း တစ်စစီ ပြိုကွဲသွားပြီဟု နားလည်လိုက်သည်။

သူက ဝေဒနာအား အံကြိတ်ခံကာ ထရပ်လိုက်၏။

ယင်းခဏမှာပင် ဝင်းလက်သော အလင်းရောင်နှင့်အတူ သူ၏ရင်ဘတ်တစ်ခုလုံး ပူခနဲ ဖြစ်သွား၏။

"အား"

ပြောင်းဂူ လွတ်ခနဲ အော်လိုက်၏။

ရင်ဘတ်တစ်ခုလုံး ပူခနဲ ဖြစ်သွားကာ ဝုန်းခနဲ ပြန်လည် လဲကျသွား၏။

အားအင်တစ်ခုလုံး ဆုတ်ယုတ်သွားကာ အသက်ကိုပင် ခဲယဉ်းစွာ ရှူလိုက်ရ၏။

ထိုစဉ်...

သူ၏အပေါ် လူတစ်ယောက်က အုပ်မိုး၍ ကြည့်လာ၏။

ထိုလူ၏မျက်နှာသည် သရော်လှောင်ပြောင်သလိုဟန်ဖြင့် ရှိနေသည်။

ထိုသူကား ရဲဒင်းဂိုဏ်းချုပ် ချန်းမင်းပင် ဖြစ်နေ၏။

ချန်းမင်းက ပြုံးစစဖြင့်...

"ဘယ်လိုလဲ မိကျောင်းဂိုဏ်းချုပ်ကြီးရဲ့ နေသာရဲ့လား"

ပြောင်းဝူ အံကြိတ်လိုက်သည်။

သူ၏ရင်ဘတ်၌ စိုက်ဝင်နေသော ရဲဒင်းမှာ ချန်းမင်း၏လက်ချက် ဖြစ်ကြောင်း နားလည်သွားသည်။

"မင်း...မင်း လူယုတ်မာ"

ချန်းမင်းက ဟားတိုက်ရယ်မောယင်း...

"ယုတ်မာတယ် ဟုတ်လား၊ အဲဒါ ဘာဖြစ်လဲ ခင်ဗျားတို့ စဉ်းစားဉာဏ် မရှိလို့သာ ကျုပ်ထောင်ချောက်မိသွားတာပေါ့၊ အခုဆို ရဲဒင်းဂိုဏ်းကို ဘယ်သူအာခံဝံ့တော့မှာလဲ ဟား...ဟား...ဟား"

ပြောင်းဝူမှာ တိုက်ခိုက်လိုစိတ် ဖြစ်ပေါ်နေ၏။

သို့သော်...

သူ၏တစ်ကိုယ်လုံး အားအင်မဲ့သလိုဖြင့် လှုပ်ရှား၍ပင် မရချေ။

ဝန်းကျင်အနှံ့ မိကျောင်းဂိုဏ်းသားများ၏ အော်ဟစ်သံများ ထွက်ပေါ်နေ၏။

မကြာမီ...

အသံများ တဖြည်းဖြည်း တိုး၍တိုး၍ သွားပြီး လုံးဝပင် ပျောက်ကွယ်သွားလေတော့သည်။



မိကျောင်းဂိုဏ်းကား လုံးဝပြိုကွဲသွားပြီဟု ပြောင်းဝူ နားလည်လိုက်သည်။

သူ့ထံ၌ မျှော်လင့်ချက်၊ ယုံကြည်ချက်များ ပျောက်ဆုံးသွားရနေပြီ။

သူက တင်းထားသမျှ စိတ်ကို ဖြေလျှော့လိုက်၏။

သူ၏ဦးခေါင်းတစ်ခုလုံး ချာချာလည်လာပြီးနောက် မှောင်အတိကျသွားသည်။

သူ၏ခန္ဓာကိုယ်နှင့် ဝိဉာဉ် မကင်းကွာသေးမီ အချိန်ခဏလေး၌ ချန်းမင်း၏ ကျယ်လောင်သော ရယ်မောသံကြီးအား နောက်ဆုံးအနေနှင့် ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

မိကျောင်းဂိုဏ်း...

ရဲဒင်းဂိုဏ်းနှင့် ပြိုင်ဘက် မိကျောင်းဂိုဏ်းမှာ ပြိုကွဲပျက်စီးသွားရချေပြီ။

ရဲဒင်းဂိုဏ်းသည် မိကျောင်းဂိုဏ်းအား အပြီးတိုင် ဖြိုခွဲလိုက်ပြီ ဖြစ်သည်။

ရဲဒင်းဂိုဏ်းသည် ကြောက်စရာကောင်းသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်လာခဲ့၏။

မိကျောင်းဂိုဏ်းအား ဖြိုခွဲလိုက်ပြီးနောက် ရဲဒင်းဂိုဏ်း၏ အရှိန်အဝါမှာ တဟုန်ထိုး ကြီးမားလာခဲ့သည်။

မိကျောင်းဂိုဏ်း ကျက်စားရာ ပတ်ဝန်းကျင်ဒေသတွင် ရဲဒင်းဂိုဏ်းဝင်များ နေရာယူလာကြသည်။

ရဲဒင်းဂိုဏ်းသည် နေရာအနှံ့ မင်းမူသောင်းကျန်းလာ၏။

နောက်ဆုံးတွင် ယောင်ကျန်းနယ်တစ်ခုလုံးအား ရဲဒင်းဂိုဏ်း၏အရှိန်အဝါ ဖြန့်ကျက်စိုးမိုးထားနိုင်ခဲ့လေတော့သည်။

မိကျောင်းဂိုဏ်း ပြိုကွဲသွားပြီး နောက်ပိုင်း မကောင်းမှုဒုစရိုက်လုပ်ငန်းများမှ ရရှိသော ဝင်ငွေသည် နှစ်ဆခန့် ပိုလာ၏။

ငွေကြေးကြွယ်ဝလာသော ရဲဒင်းဂိုဏ်း၏အင်အားသည်လည်း တဟုန်ထိုး ကြီးထွားလာခဲ့၏။

ရဲဒင်းဂိုဏ်း၏မကောင်းမှု လုပ်ရပ်များသည် ယောင်ကျန်းနယ်တစ်ခုလုံး ခါးစည်းခံခဲ့ကြရတော့သည်။

♦ ♦ ♦



## တကယ့်နေရာ

နေခြစ်ခြစ်တောက် ပူပြင်းနေသည်။

လမ်းဘေး သစ်ပင်ရိပ်တစ်ခု၌ လူနှစ်ယောက် ထိုင်ကာ အနားယူနေကြသည်။

ထိုလူနှစ်ဦးကား သော့ဝိဇ္ဇာဟုန်ပောနှင့် တီပါချင်းတို့ပင် ဖြစ်ကြလေသည်။

ဟုန်ပော၏တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေ၏။

ဝမ်းဗိုက်မှာလည်း တကြုတ်ကြုတ် ဆာလောင်နေ၏။

မျက်နှာပေါ်တွင်လည်း စိတ်ပျက်လက်ပျက် အမူအရာများ ဖြစ်ပေါ်နေသည်။

တီပါချင်းကား ပင်စည်အား ကျောမှီကာ မျက်လုံးမှိတ်ထားသည်။

သူက အိပ်တော့မည်ဟု ဟုန်ပော ရိပ်စားလိုက်၏။

ထို့ကြောင့်...

တံတောင်ဖြင့် ကွတ်လိုက်၏။

တီပါချင်း မျက်လုံးပွင့်လာသည်။

"ဘာဖြစ်တာလဲကွ"

ဟုန်ပောက...

"ငါတို့ ဒီလိုပဲ စခန်းသွားကြတော့မှာလား၊ ငတ်တလှည့် ပြတ်တလှည့်နဲ့ လက်ထဲမှာ ငွေလဲ ခြူးတစ်ပြားတောင် မရှိဘူး"

ဟု အလောသုံးဆယ် ပြောလိုက်၏။

တီပါချင်းက...

"ငါနားလည်တာပေါ့၊ ဒါကြောင့်လဲ ကြံစည်တွေးတောနေတာပေါ့ကွ"

ဟုန်ပောာ မဲ့လိုက်၏။

"မင်းအကြံဉာဏ်က ဘယ်အချိန်များမှ ထွက်လာမှာလဲ၊ ငါ အခု ဗိုက်အရမ်းဆာနေပြီ"

တီပါချင်းက အရေးမကြီးဟန်ဖြင့်...

"ဒါလွယ်ပါတယ်၊ တစ်ညအိပ် ခရီးသွားယင် ဂူထိုင်းမြို့ ရှိတယ်၊ အဲဒီရောက်ယင် စားကြတာပေါ့"

ဟု ပြောလိုက်သည်။

"ဘာလဲ၊ မင်းမှာ ဝှက်ထားတဲ့ ငွေတွေများ ရှိနေသေးလို့လား"

တီပါချင်း ခေါင်းယမ်းလိုက်၏။

"တစ်ပြားမှ မရှိပါဘူး"

ထိုစကားကြားလျှင် ဟုန်ပောာ၏မျက်နှာ ရှုံ့မဲ့သွား၏။



"ငါက အကောင်းမှတ်လို့ ဝမ်းသာသွားတာ၊ မင်းဟာ တော်တော်ပြောင်တဲ့ကောင်ပဲ၊ တော်ပြီကွာ၊ မင်းနဲ့ စကားပြောရတာ အာခြောက်တယ်"

တီပါချင်း ပြုံးလိုက်၏။

"မင်းက အတော့်ကို စိတ်လျော့တတ်တာကိုး၊ များများ တွေးပြီး အကြံထုတ်ရတယ်ကွ"

"တော်ပါပြီကွာ၊ မင်းအကြံက ဗိုက်ပြည့်လာမှာ မဟုတ်ပါဘူး"

"မင်းက အထင်သေးနေတာကိုး၊ ဗိုက်လဲပြည့်မယ်၊ လက်ထဲ ငွေလဲရွှင်မယ့် အကြံမျိုး ငါတွေးတောကြံစည်နေတာကွ"

ဟုန်ပောာ နှာခေါင်းရှုံ့လိုက်၏။

တစ်ဘက်သို့လည်း မျက်နှာလွှဲထားလိုက်လေသည်။

တီပါချင်းက ထရပ်လိုက်သည်။

ဟုန်ပောာ၏လက်အား ဆွဲကာ ထူလိုက်ယင်း...

"ကဲ လာ ငါ့အကြံ အကောင်အထည်ဖော်တော့မယ်"

ဟုန်ပောာက ကြောင်အမ်းအမ်းဖြင့် ထရပ်ယင်း...

"မင်း ဘာတွေလုပ်မလို့လဲ"

ဟု မေးလိုက်၏။ တီပါချင်းက...

"ဗိုက်ဖြည့်မယ်၊ လက်ထဲ ငွေရမယ့် နည်းလမ်း ငါတွေးမိပြီ"

သူက အကြံအစည်များအား ပြောပြလိုက်သည်။

သူ၏စကားဆုံးသွားသောအခါ...

"ဟာ"

ဟုန်ဟော ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မျက်လုံးအစုံ ပြူးကျယ်ကာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

တီပါချင်းအား ကြည့်ကာ...

"မင်း...မင်း"

တီပါချင်းက...

"လာပါကွာ၊ ဘာမှ မဖြစ်စေရဘူး၊ ငါတာဝန်ယူတယ်"

ပြောယင်း အတင်းပင် ဆွဲခေါ်သွား၏။

ဟုန်ဟောမှာ ယက်ကန်ယက်ကန်ဖြင့် လိုက်ပါသွားရ၏။

သူတို့ ဦးတည်ချက်ကား ဂူထိုင်းမြို့သို့ပင် ဖြစ်လေတော့သည်။

◆ ◆ ◆

ဂူထိုင်းမြို့...။

စီးပွားရေး သာမန်အဆင့်မျှသာ ရှိသော မြို့ငယ်လေးတစ်ခုပင် ဖြစ်သည်။

ဂူထိုင်းမြို့သို့ ရောက်လျှင် ခြသေ့်ခြံဝင်း(ဝါ)လေလွင့်ခြံဝင်း အကြောင်း မသိသူမရှိပါ။

ခြသေ့်ခြံဝင်းသည် ဂူထိုင်းမြို့ထက်ပင် ကျော်ကြားနေ၏။

ခြသေ့်ခြံဝင်းသည် မြို့တစ်ဝက်နီးပါးမျှပင် ကျယ်ဝန်းသည်



ဟု အချို့က ဆိုကြ၏။

ခြသေ့်ခြံဝင်း၌ တစ်နယ်တစ်ကျေးမှ ပြောင်းရွှေ့လာသူများ၊ ဆင်းရဲသူဆင်းရဲသားများ၊ ငွေကြေးမတတ်နိုင်သူများ၊ လေလွင့်များ စတည်းချရာ ဘူမိနက်သန်ပင် ဖြစ်သည်။

ခြသေ့်ခြံဝင်းအတွင်း အခန်းပေါင်းများစွာ ဆောက်လုပ်ထားပြီး အိမ်ခန်းငှားစားလေသည်။

ထို့ကြောင့်...

ငွေကြေးမတတ်နိုင်သည့် ဆင်းရဲသားလေလွင့်များ ငှားရမ်းနေထိုင်ကြ၏။

အချို့က ခြသေ့်ခြံဝင်းအတွင်း အိမ်ငှားယင်း အပေါစား ဈေးဆိုင်များ ဖွင့်လှစ်ထားကြသည်။ ဤသို့ဖြင့်...

ခြသေ့်ခြံဝင်းသည် လူပေလူတေ လေလွင့်များနှင့် စုစည်းရာ ဆင်းရဲသားရပ်ကွက်ပမာ ဖြစ်လာခဲ့၏။

ထို့ကြောင့် ခြသေ့်ခြံဝင်း အမည်ပင် ပျောက်ကာ လေလွင့်ခြံဝင်းဟု လူအများက ခေါ်ဝေါ်လာခဲ့ကြလေတော့သည်။

◆ ◆ ◆

နေခြည်ဖြာကျနေသည်။

လောကကြီးတစ်ခုလုံး နိုးထလာသည်နှင့်တူ လေလွင့်ခြံဝင်းတစ်ခုလုံးလည်း လှုပ်ရှားသက်ဝင်လာပြီ ဖြစ်သည်။

လေလွင့်ခြံဝင်းရှိ ဂျုံမုန့်နှင့် လှက်ရည်ရောင်းချသော ဆိုင်

ဝယ် လူတစ်ဦးထိုင်ကာ ရေနွေးကြမ်း သောက်နေ၏။

ထိုလူသည် ပိန်လှီသေးကွေးကာ ပျော့တိပျော့ဖတ်ပုံ ရှိသည်။

သို့သော်...

ဆိုင်ရှင်အားကျွေသာမက ခြံဝင်းတစ်ခုလုံး သူ့အား မလေးမစား မလုပ်ဝံ့ကြပါချေ။

အကြောင်းမှာ...

ထိုလူသည် လေလွင့်ခြံဝင်းပိုင်ရှင် ဂူကျဲ ဖြစ်နေခြင်းကြောင့်ဖြစ်၏။

အမှန်စင်စစ် ဂူကျဲထက် ဂူကျဲကတော်အဒေါ်ကြီးရှန်းအားပို၍ကြောက်ကြရသည်။

အဒေါ်ကြီးရှန်းသည် အလွန်အပေါက်ဆိုးပြီး စွာကျယ်နိုင်လှသည်။

အားလုံးက ကွယ်ရာတွင် ဒေါ်စွာကျယ်ကြီးဟုပင် ခေါ်ဝေါ်ကြသည်။

ဂူကျဲကိုယ်တိုင် ဇနီးဖြစ်သူ အဒေါ်ကြီးရှန်းအား ကြောက်ရွံ့ရလေသည်။

လူအများက သူ့အား လေးစားသည်ကို ဂုဏ်ယူတတ်သူဖြစ်၏။ တကယ်တမ်းတွင် အဒေါ်ကြီးရှန်းအား ကြောက်ရွံ့သောကြောင့်သာ သူ့အား ဖားနေကြခြင်း ဖြစ်သည်။

ယခုလည်း အားကျွေထံတွင် ဇနီးဖြစ်သူ စားသောက်ရန်အသားလွတ်ပေါက်စီ လာဝယ်နေခြင်း ဖြစ်သည်။



"ဦးလေးဂူ ဟောသည်မှာ ရပါပြီ"

အားကျွေက ပေါက်စီကြမ်းနှစ်လုံးအား အိတ်တစ်လုံးထဲထည့်၍ ယူလာပေးသည်။

ဂူကျဲက ထရပ်ယင်း...

"ဘယ်လောက်ကျသလဲ"

ဟု မေးလိုက်သည်။

အားကျွေက ပြုံးယင်း...

"အိမ်ရှင်ကတော်အတွက် စေတနာနဲ့ ကျွေးမွေးလိုက်တာပါ"

ဂူကျဲ၏မျက်နှာ ပြုံးဖြီးဖြီး ဖြစ်သွား၏။

"အားကျွေ၊ မင်း မဆိုးဘူး၊ အိမ်ငှားတွေထဲမှာ မင်းကအလိုက်သိတတ်ဆုံးပဲ၊ ဒါကြောင့် ငါ့မိန်းမက မင်းကိုဆိုယင် ဘာမှမပြောတာ"

အားကျွေ၏မျက်နှာ ပြုံးရွှင်သွားသည်။

ဂူကျဲက...

"ကဲ...ငါသွားမယ်"

အားကျွေ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

ဂူကျဲသည် ပေါက်စီထုပ်ဆွဲကာ လျှောက်ထွက်လာ၏။

"ဦးလေးဂူ လမ်းလျှောက်ထွက်လာတာလား"

"ဦးလေးဂူ ပေါက်စီလာဝယ်တာလား"

လမ်းတစ်လျှောက် တွေ့သူတိုင်းက ဖော်ရွေစွာ နှုတ်ဆက်

ကြလေသည်။

ဂူကျဲက ပြန်လည်လက်ပြ နှုတ်ဆက်ယင်း ထွက်လာခဲ့၏။

သူ၏ခြေလှမ်းများသည် အပေါစားအဝတ်အထည်များ ရောင်းချသော ဆိုင်စုတ်လေးရှေ့၌ ရပ်တန့်သွားသည်။

အထည်ဆိုင်ပိုင်ရှင် ဆရာစိန်သည် တပတ်နွမ်း အဝတ်များအား အကောင်းစားပိုးထည်များသဖွယ် တယုတယကိုင်ယင်း သီချင်းညည်းကာ ချိတ်ဆွဲနေ၏။

ဂူကျဲ သဘောကျသွားသည်။

ဆရာစိန်ကဲ့သို့ အေးအေးလူလူသမားကို စတင်ပြောင်းရွှေ့ကတည်းက သူက သဘောကျခဲ့သည်မှာ အမှန်ပင် ဖြစ်၏။

သူက ဆရာစိန်ထံ လှမ်းသွားလိုက်၏။

ဆရာစိန်က ဂူကျဲ ရောက်လာသဖြင့် ကပျာကယာ နှုတ်ဆက်လိုက်၏။

"ဦးလေးဂူ အစောကြီးနိုးနေပါလား"

ဂူကျဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ညက အစောကြီး အိပ်ယာဝင်ခဲ့လို့ ထတယ်"

တဖန် ချိတ်ဆွဲထားသော အဝတ်အထည်အချို့အား ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့်...

"ဆရာစိန်၊ ခင်ဗျားရဲ့ အထည်ကုန်တိုက်ကတော့ ကျုပ်တို့ခြံဝင်းအတွက် မရှိမဖြစ်ဘဲဗျို့၊ မြို့ထဲ သွားစရာ မလိုဘူး၊ ဒီဆိုင်မှာတင် ကိစ္စပြတ်တယ်"



ဆရာစိန် သဘောကျသွား၏။

"ဟဲ..ဟဲ၊ ဒီလောက်လဲ မဟုတ်သေးပါဘူး၊ ဦးလေးဂူရယ်"

ဂူကျဲက...

"ဘာပဲဖြစ်ဖြစ် ဒီခြံဝင်းက လူတွေ အဝတ်အစားအတွက် မပူပင်ရတာတော့ အမှန်ပဲ"

သူက ဆရာစိန်၏ပခုံးအား တရင်းတနှီး ပုတ်လိုက်ပြီး ဆက်ပြောလိုက်သည်။

"ကျုပ်ဇနီးအတွက် ခင်ဗျားဆီက အထည်တစ်စုံလောက် လာဝယ်ပေးဦးမယ်"

ဆရာစိန် သွားပေါ်အောင်ပြုံးကာ...

"အိမ်ရှင်ကတော်အတွက်ဆိုတော့ ကျုပ်က ဂုဏ်ယူစွာနဲ့ ကြိုဆိုနေပါ့မယ်ဗျာ"

ဂူကျဲ ပြုံးလိုက်၏။

ယင်းနောက် သူက နှုတ်ဆက်ကာ ထွက်သွား၏။

တစ်နေရာ အရောက်တွင် ကုန်ထမ်းသမားတစ်ဦးနှင့် တွေ့ဆုံမိသည်။

ထိုလူသည် သန်မာထွားကျိုင်းသော လူသန်ကြီးတစ်ဦး ဖြစ်သည်။

သူက ဆန်လေးအိတ်အား ဆင့်ကာ ထမ်းနေ၏။

ဂူကျဲ ခေါင်းညိတ်လိုက်သည်။

"စုလိချန်းဟာ တကယ် သန်မာတဲ့ လူငယ်ပဲ၊ စရောက်ကာစကတော့ သူ့အကြောင်း မသိခဲ့ဘူး၊ နောက်ပိုင်းမှ သူဟာ

သာမန်လူတွေထက် တောင့်တင်းကြံ့ခိုင်တယ်ဆိုတာ အားလုံး လက်ခံသွားကြတော့တယ်"

စုလိချန်းသည် ဆန်အိတ်များအား ထမ်းလာယင်း...

"ဦးလေးဂူ ဘယ်က ပြန်လာတာလဲဗျ"

ဟု မေးလိုက်၏။

ဂူကျဲက လက်ထဲမှ ပေါက်စီထုပ်အား မြှောက်ပြယင်း...

"မင်းရဲ့အဒေါ်ကြီးရှန်း စားဖို့ ပေါက်စီ သွားဝယ်တာလေ"

စုလိချန်း ပြုံးလိုက်၏။

"ဒါဖြင့် မြန်မြန်သွားပို့လိုက်ဦး၊ တော်ကြာ နောက်ကျလို့ အဆူခံနေရဦးမယ်"

ဂူကျဲက...

"အံမယ်၊ ဆူကြည့်ပါလား၊ ကျုပ်အကြောင်း သိသွားမှာ ပေါ့"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဂူကျဲ...ရှင် ဘာလုပ်နေတာလဲ"

ဟူးရှပြီး နားဝင်ဆိုးသော အသံတစ်ချက် ထွက်ပေါ်လာ သည်။

"ဟင်"

ဂူကျဲ ဆတ်ခနဲ ဖြစ်သွားသည်။

ထိုအသံသည် သူ၏ဇနီးသည်၏အသံဆိုးပင် မဟုတ်ပါ လား။ ဂူကျဲမှာ စုလိချန်းအား နှုတ်ဆက်ရန် မေ့လျော့သွားပြီး သုတ် ခြေတင် ထွက်သွားတော့သည်။



သူ၏အဖြစ်အားကြည့်ယင်း စုလိချန်းမှာ ရယ်လိုက်မိလေ တော့သည်။

◆ ◆ ◆

"လာခဲ့..ဒီခရီးနဲ့ဒီခရီး အလေလိုက်နေသေးတယ်၊ ကျွန်မ ဆာနေပြီဆိုတာ မသိဘူးလား"

ဂူကျဲ၏နားထဲ ငှက်ဆိုးထိုးသံပမာ ဝင်ရောက်လာ၏။

အဒေါ်ကြီးရှန်းက သူ၏နားရွက်တစ်ဘက်အား လိမ်ဆွဲကာ အခန်းထဲ ဆွဲခေါ်လာသည်။

ဂူကျဲက မျက်နှာချိုသွေးယင်း...

"မိန်းမဖို့ အထည်လေးဝင်ကြည့်မိတာပါ၊ ပြီးတော့ စုလိချန်း နဲ့စကားလေးနည်းနည်း ပြောမိတာပါ"

ဟု ဖြေရှင်းချက်ပေးလိုက်သည်။

"ဘိတ်စမ်း..ဘာဆင်ခြေမှ မပေးနဲ့"

ဂူကျဲ ပါးစပ်ပိတ်သွား၏။

အဒေါ်ကြီးရှန်းက...

"ရှင်က အိမ်အလုပ်မလုပ်ချင်လို့ အချိန်ဆွဲနေတာ မဟုတ် လား"

ဂူကျဲ ခေါင်းယမ်းလိုက်၏။

"မဟုတ်ပါဘူးကွာ၊ မိန်းမ မခိုင်းယင်တောင် ငါကလုပ်ပေး မှာပါ"

အဒေါ်ကြီးရှန်းက လိမ်ဆွဲထားသော နားရွက်အား လွှတ်ပေးလိုက်၏။

"သွား..မီးဖိုချောင်ဝင်၊ ပြီးယင် အဝတ်လျှော် ရေဖြည့်ထားလိုက်"

"အေးပါကွာ"

ဝူကျဲ ညောင်နာနာလေသံဖြင့် ပြောကာ ထွက်သွားဟန်ခြေလှမ်းပြင်လိုက်၏။

"နေဦး"

အဒေါ်ကြီးရှန်းက ဟန့်တားလိုက်၏။

ဝူကျဲ ခြေလှမ်းရပ်သွားသည်။

အဒေါ်ကြီးရှန်းက...

"ပေါက်စီထုပ်ပေးခဲ့"

"ဩော်..အေး..အေး"

ဝူကျဲက ပေါက်စီထုပ်အား လှမ်းပေးလိုက်၏။

"အတော်အသုံးမကျတဲ့ ယောကျ်ား"

အဒေါ်ကြီးရှန်းက နှုတ်မှ ပွစိပွစိဖြင့် ရေရွတ်လိုက်၏။

ဝူကျဲ မကြားချင်ဟန်ဆောင်ကာ မီးဖိုခန်းထဲ ခပ်သွက်သွက်ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



## လူလိမ်

လေလွင့်ခြံဝင်း...။

ဟုန်ဟောနှင့်တီပါချင်းတို့ လေလွင့်ခြံဝင်းရှေ့သို့ ရောက်ရှိလာသည်။

ဟုန်ဟော၏မျက်နှာ ရှုံ့မဲ့နေ၏။

တီပါချင်းက...

"ဒီမှာက လေလွင့်တွေများတယ်၊ ငါတို့ ကလိန်ကကျစ်ကျတာကို ဘယ်သူမှ ဖော်ထုတ်ကြမှာမဟုတ်ဘူး၊ နောက်ကြောင်း ရှင်းတယ်ကွ"

သူက ပြောယင်း လှမ်းဝင်သွား၏။

ဟုန်ဟောလည်း စိတ်ပျက်လက်ပျက်ဖြင့် လိုက်ပါသွားလေသည်။

တစ်နေရာအရောက်တွင် ခေါက်ဆွဲပြုတ်ဆိုင်အား တွေ့လိုက်ရ၏။

ခေါက်ဆွဲနံ့များ မွှေးကြိုင်နေ၏။

တီပါချင်းက လှည့်ကြည့်လာသည်။

ဟုန်ဟောက ဟံတွေးတစ်ချက် မျိုချလိုက်၏။

တီပါချင်းက...

"သူငယ်ချင်း...မင်းရဲ့ဆာနေတဲ့ဗိုက်ကို စိတ်ကြိုက်သာဖြည့် ပေတော့"

ပြောယင်း ဟုန်ဟောအား လက်ဆွဲကာ ခေါ်သွား၏။

သူ၏ခြေလှမ်းကား ခေါက်ဆွဲပြုတ်ဆိုင်သို့ ဦးတည်နေလေ တော့သည်။

◆ ◆ ◆

ခေါက်ဆွဲပြုတ်...။

ငွေတစ်ပြားတန် အပေါစားခေါက်ဆွဲပြုတ်ဖြစ်သည်။

သို့သော်...

ဆာလောင်နေသော ဟုန်ဟောနှင့်တီပါချင်းတို့သည် အရ သာရှိသည် မရှိသည်ကိုပင် မစဉ်းစားအားဘဲ မြိန်ယှက်စွာ စား သောက်နေကြ၏။

မကြာမီ...

သူတို့ရှေ့တွင် ပန်းကန်ဆယ်ချပ်မျှ စုပုံသွား၏။

ထိုအခါမှ ဗိုက်ပြည့်သွားသလို ခံစားလိုက်ကြရသည်။

ဟုန်ဟောက နှုတ်ခမ်းကို အကျီလက်ဖြင့် သုတ်ကာ တီပါ



ချင်းအားကြည့်လိုက်သည်။

တီပါချင်းက အသာငြိမ်နေရန် မျက်ရိပ်ပြလိုက်၏။

ထို့နောက်...

အကြံထုတ်ကာ စဉ်းစားနေ၏။

ဆိုင်ရှင်ကိုလည်း အကဲခတ်ကြည့်နေ၏။

ဆိုင်ရှင်သည် အပေါစားဖျင်ကြမ်းအကျီ ဝတ်ဆင်ထား၏။

ဝက်တစ်ကောင်ကဲ့သို့ ဝလွန်းနေ၏။

တီပါချင်းက...

"အင်း...ဒီဝတုတ်ဟာ နကန်းတစ်လုံးမှ နားမလည်ဘဲ ကြောက်တတ်မယ့်ပုံရတယ်၊ ဘယ်လိုလှိမ့်ရမလဲ"

စိတ်ထဲ အကွက်ချနေမိသည်။

ထိုစဉ်...

ဆိုင်ရှင်ဝတုတ်က ဆိုင်ထဲဝင်လာသည့် ခွေးဝဲစားတစ် ကောင်အားတွေ့၍ တုတ်တစ်ချောင်းကောက်ယူကာ...

"ဟဲ့ခွေး...သွားစမ်း"

အော်ငေါက်ယင်း ပစ်ပေါက်လိုက်၏။

"ကိန်"

ခွေးဝဲစားမှာ နာကျင်စွာအော်ဟစ်ယင်း ပြေးထွက်သွား သည်။ ခွေးဝဲစားအား ထိမှန်သွားသည့်တုတ်မှာ ပြန်ကန်ထွက်လာ ပြီး တီပါချင်းတို့စားပွဲအား ဒေါက်ခနဲ ထိမှန်သွားလေသည်။

တီပါချင်းမှာ ပြဿနာရှာရန် အခွင့်အရေးရသွား၍ ဝမ်း သာသွား၏။

သူက မျက်နှာကို ခပ်တင်းတင်းထားလိုက်၏။

"ဘုန်း"

စားပွဲအား လက်ဝါးဖြင့် ပုတ်ချလိုက်၏။

အသံကြောင့် ဆိုင်ရှင်ဝတုတ်က လှမ်းကြည့်လာသည်။

သူက ငွေရှင်းမည်ထင်သွားပြီး ခပ်သွက်သွက်ပင် လှမ်းသွားလိုက်သည်။

တီပါချင်းက လေသံမာမာဖြင့်…

"ဟေ့…မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဟု ဆီး၍ငေါက်လိုက်သည်။

ဝတုတ် မျက်မှောင်ကုပ်ကာ…

"ကျုပ်က ဘာလုပ်လိုက်လို့လဲ"

ပြန်မေးလိုက်၏။

တီပါချင်းက…

"မင်းပစ်လိုက်တဲ့တုတ်က ငါတို့စားပွဲကို လာမှန်တယ်လေ"

ဝတုတ်က…

"ဩော်..ဒါလား ကျုပ်က ခွေးဝဲစားကို ပေါက်လိုက်တာဗျ"

"လူကိုလာမှန်ယင် ဘယ်လိုလုပ်မလဲ၊ မင်းက သက်သက်မဲ့ စော်ကားချင်တာလား"

"ဗျာ"

ဝတုတ်က ကြောင်အမ်းအမ်းဖြင့် ကြည့်လာသည်။

တီပါချင်းက အရှိန်မသတ်နိုင်ဘဲ စွတ်၍ဖိဟောက်တော့သည်။



"မင်းက ငါတို့အကြောင်း မသိသေးဘူးထင်တယ်၊ ရဲဒင်းဂိုဏ်းက ခေါင်းဆောင်ရှေ့မှာ ဒီလိုမဖွယ်မရာလုပ်တာဟာ မင်းဒုက္ခရောက်သွားဖို့ပဲ ရှိတယ်ကွ"

ဝတုတ်က ပြူးကြောင်ကြောင် မျက်လုံးများဖြင့် ငေးကြည့်နေမိသည်။

တီပါချင်းက ဟုန်ဟောအား ညွှန်ပြယင်း…

"သူဟာ ဖိန့်ဖိန့်တုန်ကျော်ကြားနေတဲ့ ရဲဒင်းဂိုဏ်းရဲ့ခေါင်းဆောင်ပဲကွ၊ မင်းရဲဒင်းဂိုဏ်းအကြောင်း မကြားဖူးဘူးလား"

ဟု ငေါက်လိုက်သည်။

ဝတုတ် ခေါင်းယမ်းကာ…

"ဘယ်ရဲဒင်းဂိုဏ်းလဲ၊ ကျုပ်မသိဘူး"

ဟု ပြောလိုက်သည်။

တီပါချင်းက ဟုန်ဟောအား ကြည့်လိုက်သည်။

ဟုန်ဟောက သူ့အား မျက်စောင်းထိုးကြည့်နေ၏။

တီပါချင်းက ဝတုတ်ထံ အကြည့်လွှဲကာ…

"ငါ့ဆရာဟာ အရမ်းကြောက်စရာကောင်းတာ၊ သူဒေါသထွက်အောင်လုပ်ယင် လူသတ်တော့တာပဲ၊ သူက သိုင်းတစ်ကွက်တည်းနဲ့ လူငါးယောက်လောက် သတ်ပစ်နိုင်တယ်"

ဝတုတ်က ဟုန်ဟောအား အထူးအဆန်းသဖွယ် ကြည့်လာသည်။

"အတော် ကြောက်စရာကောင်းပါလား"

ဟုလည်း ရေရွတ်လိုက်၏။

တီပါချင်း ခေါင်းညိတ်လိုက်၏။

"သိပ်ဟုတ်တာပေါ့၊ ဒါကြောင့် မင်းက စော်ကားမိတဲ့အတွက် အပြစ်ရှိနေပြီ"

ဝတုတ်က....

"ကျုပ်က အပြစ်ရှိတယ် ဟုတ်လား"

တီပါချင်းက...

"ဟုတ်တယ်"

"ဟာ..ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ ခွေးပစ်တဲ့တုတ်က ငါတို့စားပွဲကိုလာထိတဲ့အတွက် ငါ့ဆရာက နိမိတ်မကောင်းဘူးလို့ယူဆပြီး ဒေါသထွက်နေတယ်ကွ"

ဝတုတ်က ဟုန်ဟောအား ကြည့်လိုက်၏။

ဟုန်ဟောက ဒေါသထွက်ဟန်ဖြင့် စူးစိုက်ကြည့်လိုက်သည်။

ဝတုတ်က တီပါချင်းဘက် ပြန်လှည့်လိုက်၏။

တီပါချင်းက...

"ဒါပေမယ့် မင်းမပူပါနဲ့၊ ဆရာ့ကို ငါရအောင်စိတ်ဆိုးပြေသွားအောင် ပြောပေးပါ့မယ်၊ မင်းက ငွေအချို့သာ ငါ့ကိုပေးပါ"

ဝတုတ်မှာ 'ငွေ'ဟူသောစကားကြားလျှင် တွန့်ခနဲဖြစ်သွားလေသည်။

တီပါချင်းအား ပြူးကြည့်ကာ...

"ငွေပေးရမယ် ဟုတ်လား"

ဟု မေးလိုက်သည်။



တီပါချင်းက...

"ဟုတ်တယ်၊ မင်းတတ်နိုင်သလောက်ပေးပေါ့၊ ဒါဆို ငါ့ဆရာစိတ်ဆိုးပြေသွားလိမ့်မယ်"

သူ၏စကားဆုံးလျှင်...

"ဟား..ဟား..ဟား"

ဝတုတ်က သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

တီပါချင်းသာမက ဟုန်ဟောပါ နားမလည်နိုင်ဘဲ ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

တီပါချင်းက...

"မင်း ဘာရယ်တာလဲ၊ မလေးမစားလုပ်တာလား"

ဟုငေါက်လိုက်၏။

ဝတုတ်က ရယ်မောရာမှ ရပ်တန့်လိုက်၏။

"ခင်ဗျားတို့က တတ်လည်းတတ်နိုင်တဲ့လူတွေပဲကိုး၊ ကျုပ်ကိုခြိမ်းခြောက်ပြီး ငွေလုဖို့ကြံနေတာ မဟုတ်လား"

တီပါချင်းက ခပ်တည်တည်ဖြင့်...

"ရဲဒင်းဂိုဏ်းခေါင်းဆောင်ကို မင်းက ထီမထင်လုပ်တာ ဒုက္ခရောက်တော့မှာပဲ"

ဝတုတ်က အပြင်ဘက်သို့နှုန်ပြယင်း...

"ဘယ်သူက ဒုက္ခရောက်မှာလဲ၊ ကျုပ်မိတ်ဆွေတွေကိုလည်းကြည့်လိုက်ဦး"

ဟု ပြောလိုက်သည်။

ဝတုတ်၏စကားကြောင့် တီပါချင်းသာမက ဟုန်ဟောပါ

အပြင်ဘက်သို့ ကြည့်လိုက်၏။

ထိုအခါ....

လေလွင့်ခြံဝင်းမှ လူအယောက်နှစ်ဆယ်ကျော် အုပ်စုဖွဲ့ ရုံ နေသည်ကို တွေ့လိုက်ရ၏။

ယောက်ျား၊ မိန်းမ၊ ကလေး၊ အဘိုးအိုအားလုံး အရွယ် အစားစုံပင် ပါဝင်နေ၏။

ပထမက ထိတ်လန့်သွားသော်လည်း မြင်လိုက်ရသော အခြေအနေကြောင့် တီပါချင်း ပြုံးလိုက်သည်။

"ကောင်းပြီ..ရဲဒင်းဂိုဏ်းအကြောင်း သိချင်တော့လည်း ပြ ရသေးတာပေါ့"

စကားဆုံးလျှင် ခပ်တည်တည်ဖြင့် လှမ်းထွက်သွားတော့ သည်။

◆ ◆ ◆



## ပညာပေးခြင်း

ဝတုတ်ဆိုင်တွင် လူစိမ်းနှစ်ယောက် ပြဿနာရှာနေသည်ကိုသိရလျှင် တစ်ယောက်ပြီးတစ်ယောက် စုရုံးကာ ရောက်လာခြင်း ဖြစ်သည်။

အားလုံးသည် လှမ်းထွက်လာသော ဝတုတ်အား စူးစိုက် ကြည့်နေကြ၏။

တီပါချင်းက လူအုပ်ကြီးနှင့် ခြေဆယ်လှမ်းခန့်အကွာတွင် ရပ်တန့်လိုက်၏။

တီပါချင်းက ဟန်ပါပါဖြင့်...

"ရဲဒင်းဂိုဏ်းအကြောင်း မသိသေးဘူးထင်တယ်၊ အခုချက် ချင်း ထွက်သွားကြစမ်း"

ရဲဒင်းဂိုဏ်းနှင့် ကိုင်ပေါက်ကာ နှင်ထုတ်လိုက်၏။

အားလုံးက စူးစမ်းဟန်ဖြင့် ကြည့်လာကြသည်။

ထွက်သွားဖို့နေနေသာသာ ကုတ်ဝုတ်မျှပင် မလှုပ်ကြပါ ချေ။

တီပါချင်း ဒေါသထွက်လာသည်။

စိတ်ထဲလည်း အံ့ဩလာမိသည်။

"ဘယ်လိုလူစားတွေလဲ၊ ရဲဒင်းဂိုဏ်းကို ကြောက်ရွံ့ပုံမရပါ လား၊ ကြားကောကြားဖူးကြရဲ့လား မသိဘူး၊ ငါတော့ တွက်ကိန်းမှား သွားပြီ၊ အခုမှ နောက်ဆုတ်ဖို့လည်း မဖြစ်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ဟိတ်ဟန်တော့ ထုတ်ပြရမှာပဲ"

သူက စိတ်ထဲတွေးလိုက်၏။

တဆက်တည်းပင်...

"အကျီလက်အား ပင့်တင်လိုက်ပြီး...

"ရဲဒင်းဂိုဏ်းကို အံတုချင်တယ်ပေါ့၊ ကောင်းပြီ မှတ်လောက် သားလောက်အောင် ဆုံးမပစ်ရမယ်၊ သတ္တိရှိတဲ့တစ်ယောက် ထွက် ခဲ့စမ်း"

ဟု အော်ပြောလိုက်၏။

မရှေးမနှောင်းမှာပင်...

လူတစ်ယောက် လှမ်းထွက်လာသည်။

ထိုလူသည် တီပါချင်း၏ ခါးမျှသာရှိသော လူပုလေးတစ်ဦး ဖြစ်သည်။

တီပါချင်း ရယ်ချင်သွားမိသည်။

မျက်နှာချင်းဆိုင် ရပ်နေသော လူပုလေးအား မြူးကြည့် လိုက်ပြီး...



"ဟွန်း...ဇာစ်ချက်စာတောင် မရှိတဲ့ ဂျပုကများ ငါလုပ်လိုက် ရ"

ပြောပြောဆိုဆို လက်ရွယ်လိုက်၏။

သူက လက်ရွယ်ရုံသာ ရှိသေးသည်။

လူပုကလေးက လက်သီးဖြင့် ထိုးချလာပြီဖြစ်သည်။

"အွန့်"

တီပါချင်း ညည်းညူသံထွက်လာ၏။

အသက်ရှူမှားသွားကာ မျက်လုံးများပင် ပြာဝေသွားရ သည်။

သူသည် မဟန်နိုင်ဘဲ မြေပေါ်ဖင်ထိုင်ကျသွားတော့သည်။

◆ ◆ ◆

လူပုလေးက လူအုပ်ကြားထဲ ပြန်လည်ဝင်ရောက်သွားပြီ ဖြစ်သည်။

တီပါချင်း အသက်ကို မနည်းရှူယင်း ကုန်းကုန်းကွကွဖြင့် ထရပ်လာ၏။

လူပုသော်လည်း အလွန်ပြင်းသော လက်သီးချက်ပင်။

တီပါချင်းသည် အခြေအနေမဟန်မှန်း သဘောပေါက် လိုက်၏။

"မဖြစ်ဘူး၊ သူ့ထက်တော်တဲ့သူတွေ ထွက်လာယင် ငါအ သက်ထွက်သွားနိုင်တယ်"

စိတ်ထဲတွေးယင်း နောက်ဆုတ်လိုက်သည်။

ထိုအခါ...

လူအုပ်ကြီးက ရှေ့တိုးလာ၏။

တီပါချင်း ရင်ထိတ်သွားလေသည်။

ဤပုံအတိုင်းဆို အခြေအနေမဟန်ကြောင်း ရိပ်စားမိလိုက်လေသည်။

သူက စိုးရိမ်ပူပန်နေစဉ်မှာပင်...

"ရပ်လိုက်"

ဟန့်တားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။

◆ ◆ ◆

တီပါချင်းအဖြစ်အားမြင်ရလျှင် ဟုန်ဟော မနေနိုင်တော့ပါချေ။

ဟန့်တားယင်း အပြင်ဘက် လှမ်းထွက်လိုက်၏။

တီပါချင်းက အားကိုးတကြီးဖြင့် ကြည့်လာ၏။

လူအုပ်ကြီးမှာလည်း ဟုန်ဟောအား စူးစမ်းသောအကြည့်ဖြင့်ကြည့်ယင်း ခြေလှမ်းရပ်သွားကြသည်။

ဟုန်ဟောက တီပါချင်းရှေ့တွင်ရပ်ကာ မှင်သေသေဖြင့်...

"ရာရာစစ ငါ့လူကိုများ စော်ကားဝံ့တယ်၊ မင်းတို့ကို အပြစ်ပေးရမယ်"



ဟု ပြောလိုက်သည်။

လူအုပ်ကြီးက စူးစမ်းကြည့်နေကြဆဲပင်။

ဟုန်ဟောက...

"ကျုပ် အစွမ်းဘယ်လောက်ရှိသလဲ ပြရမှာပေါ့"

သူက လူအုပ်ထဲ တစ်ချက်ဝေ့ကြည့်လိုက်၏။

တဖန်...

သဘောကျဟန်ဖြင့်ပြုံးကာ ဟုန်တုန်ချည့်ချည့် အဘိုးအိုတစ်ဦးအား လက်ညှိုးထိုးယင်း...

"အဘိုးကြီး ခင်ဗျားထွက်ခဲ့စမ်း"

ဟု ခေါ်လိုက်၏။

အဘိုးအိုက တုန်တုန်ချည့်ချည့်ဖြင့် ထွက်လာသည်။

ဟုန်ဟောက...

"ခင်ဗျားက ကျုပ်တို့ရဲဒင်းဂိုဏ်းအကြောင်းမသိလို့ ကျုပ်ကိုအာခံချင်တာလား"

ဟု ပြောလိုက်၏။

အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာတွေပြောနေတာလဲ"

ပြောပြောဆိုဆို လက်သီးဖြင့် ထိုးချလိုက်၏။

ဟုန်ဟောက ခပ်တည်တည်ဖြင့် တောင့်ခံပေးလိုက်သည်။

"ဝုန်း"

"အွန့်"

ကျယ်လောင်သောအသံနှင့်အတူ ဟုန်ဟော၏ခန္ဓာကိုယ်

နောက်သို့ ယိမ်းယိုင်သွားသည်။

သူ၏နှုတ်ထမ်းထောင့်တွင် သွေးများပင် စီးကျလာ၏။

ပြင်းထန်သော ဝေဒနာကြောင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားရသည်။

သူက အဘိုးအိုအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်မိသည်။

အဘိုးအိုက ကျိုးနေသောသွားများပေါ်အောင်ပင် ပြုံးပြလာသည်။

ဟုန်ဟောက သွေးစများကို လက်ခုံဖြင့် သုတ်လိုက်က..

"ခင်ဗျား ဘာအလုပ်လုပ်လဲ"

ဟု မေးလိုက်သည်။ အဘိုးအိုက...

"ကျုပ်က ကြေးစား နပန်းသတ်ပြီး စီးပွားရှာခဲ့တာ၊ အနှစ်သုံးဆယ်ကျော်ပြီ၊ အခု ဘာအလုပ်မှမလုပ်တော့ဘဲ တရားထိုင်တယ်"

ဟုန်ဟော မျက်ဖြူလန်ချင်သလိုပင် ဖြစ်သွား၏။

သူက လေပူတစ်ချက် မှုတ်ထုတ်လိုက်ယင်း..

"ကောင်းတယ်..ခင်ဗျား ရှေ့ဆက် ပုတီးစိပ်တရားထိုင်တာပဲ ကောင်းတယ်"

အဘိုးအိုက ပြန်လည်ထွက်ခွာသွား၏။

ဟုန်ဟောက မျက်နှာထားတင်းတင်းဖြင့်...

"ကျုပ်က အသက်ကြီးတဲ့ အဘိုးအိုမို့ ညှာတာလိုက်တယ် မှတ်ပါ"



ဟု အော်ပြောလိုက်၏။

တဖန်...

လူအုပ်ထဲမှ ချိုင်းထောက်တစ်ဘက်နှင့် လူအား ညွှန်ပြကာ

"ခင်ဗျား ထွက်လာစမ်း"

ချိုင်းထောက်နှင့်လူက ချက်ချင်းပင် ထွက်လာ၏။

ထိုလူ၏လက်မောင်းသားကြီးများမှာ အဖုအထစ်များဖြင့် အလွန်ပင် ကြောက်စရာကောင်းနေ၏။

ဟုန်ဟော မျက်နှာပျက်သွားသည်။

ကပျာကယာ ခေါင်းယမ်းယင်း..

"ခင်ဗျားကို ကျုပ်ခေါ်တာ မဟုတ်ဘူး"

ချိုင်းထောက်နှင့် လူထွားကြီးက ချက်ချင်းပင် လူအုပ်ကြားထဲပြန်ဝင်သွား၏။

ဟုန်ဟောလက်ညှိုးက လူအုပ်ကြားထဲ ဝေ့ဝဲနေ၏။

နောက်ဆုံး ရှစ်နှစ်သားကလေးတစ်ဦးထံတွင် ရပ်တန့်သွားသည်။

ဟုန်ဟော ပြုံးလိုက်သည်။

"ဟုတ်ပြီ၊ မင်းထွက်ခဲ့၊ မင်းဟာ လူကြီးကို လူကြီးမှန်းနားမလည်ဘူး၊ မင်းကို ဆုံးမရမယ်"

ကလေးမိခင်က သားဖြစ်သူရှေ့တွင် ကပျာကယာ ကွယ်၍ရပ်နေလိုက်၏။

ဟုန်ဟောက...

"ဟဲ..ဟဲ..အခုတော့ ကြောက်နေပြီပေါ့၊ ဒါပဲလေ ရဲဒင်း

ဂိုဏ်းအရှိန်အဝါက သေးမှမသေးဘဲ”

သူက ဟိတ်ဟန်ထုတ်ကာ ပြောလိုက်၏။

ထိုစဉ်…

“ဘယ်က ကလေကချေက ငါ့ခြံဝင်းထဲလာပြီး ရုတ်ရုတ်သဲသဲလုပ်နေတာလဲ”

စူးရှ၍နားဝင်ဆိုးသော စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

“ဒေါ်စွာကျယ်လာပြီ”

“ဒေါ်ခြသေ့်လာပြီဟေ့”

လူအုပ်ကြီးလှုပ်လှုပ်ရွရွ ဖြစ်ကာ ဘေးသို့ရှဲသွားကြ၏။

ဟုန်ဟော မျက်မှောင်ကုပ်သွားသည်။

လူအုပ်ကြီး ရှဲသွားစေရန် ပြုမူနိုင်သည်မှာ တော်ရုံမလွယ်ပါချေ။

ရောက်ရှိလာသူသည် ထိပ်တန်းသိုင်းဖညာရှင်လောဟု တွေးကာ ထိတ်လန့်သွားသည်။

ထိုစဉ်…

မိန်းမကြီးတစ်ဦးသည် အိပွဲအိပွဲဖြင့် သူ့ထံလျှောက်လာသည်ကို တွေ့လိုက်ရ၏။

ဟုန်ဟောမှာ စည်ပိုင်းနှင့်တူသော မိန်းမကြီးအားကြည့်ကာ ရယ်မောလိုက်လေတော့သည်။

◆ ◆ ◆



## တကယ်မလွယ်တဲ့ ဒေါ်စွာကျယ်

“ဟား..ဟား..ဟား”

ဟုန်ဟော၏ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်နေ၏။

လေလွင့်ခြံဝင်း အရှင်သခင်ဒေါ်ကြီးရှန်း(ဝါ) ဒေါ်စွာကျယ်ကြီး ရောက်ရှိလာပြီဖြစ်သည်။

လူအုပ်ကြီးသည် ဟုန်ဟောအား တအံ့တသြဖြင့် ကြည့်နေမိကြသည်။

“ဒီဂျူ ရူးသွားပြီထင်တယ်”

“ဒေါ်စွာကျယ်ကြီးရှေ့မှာတောင် ရယ်နေသေးတယ်”

“ဒေါ်စွာကျယ်ကြီးအကြောင်း မသိသေးဘူးထင်တယ်”

“ဒီကောင် ဆုံးမခံရတော့မယ်”

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုလာကြ၏။

ဒေါ်ကြီးရှန်း မျက်မှောင်ကုပ်နေ၏။

ဟုန်ဟော ရယ်မောနေသည်ကိုကြည့်ယင်း ဒေါပွလာ၏။

“တိတ်စမ်း”

ငှက်ဆိုးထိုးသံပမာ ထွက်ပေါ်လာသော အော်ငေါက်သံကြောင့် ဟုန်ဟောမှာ ရယ်မောရာမှ ရပ်တန့်သွားရ၏။

သူက အဒေါ်ကြီးရှန်းအား မကျေမနပ်ကြည့်ကာ...

"ကျုပ်ဘာသာ ကျုပ်ရယ်တာ ဘာဖြစ်လဲ"

ဟု ခွန်းတုန့်ပြန်လိုက်၏။

အဒေါ်ကြီးရှန်း မျက်နှာမည်းမှောင်သွား၏။

"မင်းကများ ငါ့ကိုတစ်ခွန်းမခံ ပြောဝံ့တယ်၊ ငါ့ကို ဘယ်သူမှအာမခံဝံ့ဘူး"

ဟုန်ဟော ပခုံးတွန့်လိုက်၏။

"ခင်ဗျားကို သူများကသာ ကြောက်မယ်၊ ကျုပ်ကတော့ မကြောက်ဘူး"

"ဘာ"

အဒေါ်ကြီးရှန်း၏အသံ ဟိန်းထွက်လာသည်။

လက်တစ်ဘက်ကလည်း မြောက်တက်သွား၏။

"ဖြန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာ၏။

ဟုန်ဟော၏ပါးတစ်ဘက် ပူခနဲ ဖြစ်သွားသည်။

"ခင်ဗျား ဘာလုပ်.."

သူ၏စကားမဆုံးမီ...

"ဖြန်း"

နောက်ထပ် ပါးတစ်ဘက်ပူခနဲ ဖြစ်သွားပြန်သည်။

ဟုန်ဟော အနောက်ဆုတ်ကာ...



"ရဲဒင်းဂိုဏ်းက ငြိမ်နေမှာမဟုတ်ဘူး"

"ဖြန်း"

အဒေါ်ကြီးရှန်းက ရှေ့တိုးကာ ရိုက်ချလာပြန်သည်။

ဟုန်ဟောက ထပ်မံနောက်ဆုတ်ယင်း...

"ခင်ဗျားတို့ခြံဝင်း တစ်စစီဖြစ်ပြီသာမှတ်"

ရိုက်ချက်က ထပ်မံရောက်လာပြန်သည်။

ဟုန်ဟော၏မျက်နှာတစ်ခုလုံး နီရဲ၍ ယောင်ကိုင်းလာတော့သည်။

တီပါချင်း မနေနိုင်တော့ချေ။

ကပျာကယာ ပြေးလာပြီး..

"ခင်ဗျားတို့ အခုလိုစော်ကားဝံ့တဲ့အတွက် နောင်တရဖို့သာပြင်၊ ကျုပ် အခုချက်ချင်း အကူခေါ်လိုက်မယ်"

ပြောယင်း လမ်းဘေး၌တွေ့၍ကောက်ခဲ့မိသော မီးကျည်တစ်ခုအား ထုတ်ယူကာ ပစ်လွှတ်လိုက်သည်။

မီးကျည်အရှိန်ပြင်းစွာ ပြေးထွက်သွား၏။

ကောင်းကင်တွင် မပေါက်ဘဲ ခြံဝင်းအပြင်ဘက် တစ်နေရာသို့ကျပြီး ပေါက်ကွဲသွားသည်။

အဒေါ်ကြီးရှန်းက သူတို့အား မျက်မှောင်ကုပ်ကာ ကြည့်နေလေသည်။

ထိုစဉ်မှာပင်...

"ခြံဝင်းထဲသို့ လူတစ်စု လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူစုအား မြင်လျှင်…

"ဟင်"

"ဟာ"

တီပါချင်းနှင့်ဟုန်ပောတို့ မျက်လုံးအစုံပြူးကျယ်သွားရသည်။

ထိတ်လန့်မှုကြောင့်လည်း မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားကြရသည်။

အကြောင်းကား…

ရောက်ရှိလာသောလူစုမှာ ရဲဒင်းဂိုဏ်းမှလူများ ဖြစ်နေကြခြင်းကြောင့်ပင်။

တီပါချင်းနှင့်ဟုန်ပောတို့ ခြေဖျားလက်ဖျားများ အေးစက်လာပြီး တစ်ယောက်ကိုတစ်ယောက် ရှုံ့မဲ့သော မျက်နှာဖြင့် ကြည့်လိုက်မိကြလေတော့သည်။

◆ ◆ ◆



## ဆွမ်းခံရင်းငှက်သင့်

ရဲဒင်းဂိုဏ်း…။

ရဲဒင်းဂိုဏ်းမှ လူများသည် လေလွင့်ခြံဝင်းအတွင်း ရောက်ရှိလာကြပြီ ဖြစ်သည်။

တီပါချင်းနှင့်ဟုန်ပောတို့မှာ မျက်နှာငယ်လေးဖြင့် ရှိနေကြသည်။

သူတို့၏အဖြစ်ကား ဆွမ်းခံရင်းငှက်သင့်နေချေပြီ တကား။

လေလွင့်ခြံဝင်းမှလူများသည် ရဲဒင်းဂိုဏ်းသားများအား အားအဆန်းသဖွယ် ကြည့်ရှုနေကြ၏။

အဒေါ်ကြီးရှန်း မျက်မှောင်ကုပ်သွားသည်။

သူမ၏စိတ်ထဲ၌ တီပါချင်းက အချက်ပြမီးကျည်ဖောက်ခဲ့သြင့် အကူအညီများ ရောက်လာပြီဟု ထင်မှတ်သွားလေသည်။

ဤသည်ကိုလည်း တီပါချင်းနှင့်ဟုန်ပောတို့က တွေးမိသည်။

တီပါချင်းက အဒေါ်ကြီးရှန်အားကြည့်ကာ…

"ခင်ဗျားတော့ နာပြီ၊ ကျုပ်လူတွေရောက်လာတာ တွေ့တယ်မဟုတ်လား"

ဟု ခပ်တည်တည် ပြောလိုက်၏။

အဒေါ်ကြီးရှန်း ဘာမှမပြောပါ။

တစ်စုံတစ်ခုအား တွေးနေဟန်ဖြင့် ငြိမ်သက်နေ၏။

ရဲဒင်းဂိုဏ်းသားများသည် ဝါးတစ်ရိုက်ခန့်ကွာတွင် ရပ်တန့်သွားကြ၏။

ဦးဆောင်လာသူမှာ ဌာနမှူးတစ်ဦးဖြစ်သည်။

သူသည် ကျော်ကြားပါ၏ လက်ထောက်ဌာနမှူး 'ယုံထိ' ဆိုသူဖြစ်သည်။

ယုံထိ၏မျက်နှာ ရှုံ့မဲ့နေသည်။

သူ၏အင်္ကျီစတချို့ စုတ်ပြတ်ကာ ညှော်စော်နံနေ၏။

"ဘယ်သူလဲကွ၊ ငါ့ကို စော်ကားတာ"

အသံဝါကြီးဖြင့် ကြိမ်းမောင်းလာသည်။

မီးကျည်သည် ယုံထိထံကျကာ ပေါက်ကွဲသွားကြောင်း တီပါချင်း နားလည်လိုက်သည်။

ပြဿနာကား ရှင်း၍ရတော့မည် မဟုတ်ချေ။

သူက ဘဏ်နီဘဏ်နက်ထုတ်ကာ လျှပ်တပြက် စဉ်းစားလိုက်သည်။

ထို့နောက်…

ချက်ချင်းပင် ယုံထိထံ ပြေးသွား၏။



ယုံထိက စားမတတ်ဝါးတတ် စိုက်ကြည့်ကာ…

"မင်းလား ငါ့ကိုစော်ကားတာ"

အင်္ကျီစအား ဆွဲကာပြောလာသည်။

တီပါချင်း ကပျာကယာ လက်ကာပြယင်း…

"မ…မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့လက်ချက်လဲ"

"ကျွန်…ကျွန်တော် ပြောပြနိုင်ပါတယ်"

ယုံထိက ဆုပ်ကိုင်ထားသောအင်္ကျီအား လွှတ်ပေးယင်း…

"ပြောစမ်း"

တီပါချင်းက လည်ချောင်းတစ်ချက်ရှင်းယင်း…

"ဒီခြံဝင်းကလူတွေဟာ အတော်စည်းကမ်းမဲ့ပါတယ်၊ ရဲဒင်းဂိုဏ်းကို အထင်သေးစော်ကားတဲ့စကားမျိုး ပြောတယ်၊ ဂရုမစိုက်ဘူးလို့လည်း ပြောတယ်၊ ဒါကို ကျွန်တော်တို့က မခံနိုင်ဘဲ ရဲဒင်းဂိုဏ်းဘက်က ကာကွယ်ပြောဆိုတာပါ"

ယုံထိက သူ့အားကြည့်နေ၏။

တီပါချင်းက ဆက်ပြောလိုက်သည်။

"သူတို့က ကျွန်တော်တို့ကိုတောင် ရိုက်လားပုတ်လားလုပ်ပါတယ်၊ ဒါကြောင့် မီးကျည်လွှတ်ပြီး အကူအညီတောင်းလိုက်ရတာပါ"

ယုံထိက မျက်လုံးကျွတ်ကျမတတ် ကြည့်လာ၏။

"ဩော်…ဒီလိုကိုး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က ရဲဒင်းဂိုဏ်းဘက်က အ

တော်လေး မခံချိမခံသာ ဖြစ်မိတယ်ဗျ”

ဟုန်ဟောကလည်း အလျင်အမြန် ဝင်ရောက်ပြောကြားလိုက်သည်။

တီပါချင်းက အဒေါ်ကြီးရှန်းအား ညွှန်ပြယင်း...

“သူလည်း အတော်စွာတဲ့ အဘွားကြီးပါပဲ”

ယုံထိက သူတို့ဘက် ဒေါသမြားဦး လှည့်မလာမီ လေလွင့်ခြံဝင်းဘက် ဦးလှည့်ပေးလိုက်ခြင်းဖြစ်သည်။

ရဲဒင်းဂိုဏ်း၏ ဂုဏ်သိက္ခာ စော်ကားခံရသည်ကို ကြားသောအခါ ယုံထိ ရှူးရှူးရှားရှားဖြစ်သွား၏။

“မင်းတို့ကို နောက်မှစာရင်းရှင်းမယ်၊ လောလောဆယ် ဒီခြံဝင်းကလူတွေကို ဆုံးမရမယ်၊ ဟေ့ကောင်တွေ သူတို့နှစ်ယောက်ကိုဖမ်းထားစမ်း၊ ထွက်ပြေးမယ်ကြံယင် တစ်ခါတည်းသတ်ပစ်လိုက်”

ကြားရသောစကားကြောင့် တီပါချင်းနှင့် ဟုန်ဟော မျက်လုံးပြူးသွားကြသည်။

ကျားကြောက်၍ရှင်ကြီးကိုးပါမှ ပိုဆိုးရချေပြီ။

သူတို့နှစ်ဦးသည် ရဲဒင်းဂိုဏ်းသားများ လက်ထဲ ယက်ကန်ယက်ကန်ဖြစ်၍ ပါသွားရလေတော့သည်။

♦ ♦ ♦



## သူ့ဘက်ကိုယ့်ဘက်

ယုံထိသည် ထိမထင်သော မျက်နှာထားဖြင့် ရှိနေသည်။ သူ၏နောက်ဝယ် ရဲဒင်းဂိုဏ်းသား ဆယ်ယောက်ရှိနေ၏။ အားလုံး၏မျက်နှာသည် ရှုတည်တည်ဖြင့် ရှိနေကြလေသည်။

အဒေါ်ကြီးရှန်းက မျက်နှာချိုသွေးကာ ပြုံးပြလိုက်သည်။ ယုံထိက နှုတ်ခမ်းတွန့်ယင်း...

“ခင်ဗျားတို့က ရဲဒင်းဂိုဏ်းကို အထင်အမြင်သေးတယ်ပေါ့ ဟုတ်လား”

အဒေါ်ကြီးရှန်းက...

“မသေးပါဘူး”

“တိတ်စမ်း၊ ဒီခြံဝင်းထဲကလူတွေဟာ ရဲဒင်းဂိုဏ်းကို စော်ကားရဲအောင် အတော်အတင့်ရဲနေကြပါလား၊ ရဲဒင်းဂိုဏ်းကို စော်ကားတာ သည်းမခံနိုင်ဘူး”

အဒေါ်ကြီးရှန်းက လက်ကာပြယင်း....

"ကျုပ်က မိန်းမသားပါ၊ အသက်လည်းကြီးနေပါပြီ၊ အေးအေးဆေးဆေးပဲ နေချင်ပါတယ်၊ ပြီးတော့ ဒီကိစ္စဟာ ဂျုပ်နဲ့လည်း မဆိုင်ပါဘူး၊ ဒါကြောင့် ကျုပ်သွားတော့မယ်"

စကားဆုံးလျှင် ပြေးထွက်သွား၏။

အဒေါ်ကြီးရှန်းသည် ခန္ဓာကိုယ်ပင် အားမနာ လှစ်ခနဲပြေးလွှားပျောက်ကွယ်သွားတော့သည်။

"ဟား..ဟား..ဟား"

ယုံထိ သဘောကျစွာ ရယ်မောလိုက်သည်။

"ရဲဒင်းဂိုဏ်းဟာ ကြောက်စရာကောင်းမှန်းသိလို့ တစ်ယောက်တော့ ပြေးပြီ၊ ကဲ ဘယ်သူလဲ ရဲဒင်းဂိုဏ်းကို အထင်သေးစော်ကားတာ"

ကျယ်လောင်စွာ အော်ပြောလိုက်၏။

ခေါက်ဆွဲပြုတ်ရောင်းသော ဝတုတ် လှမ်းထွက်လာသည်။

သူက ယုံထိနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

"ကျုပ်ပြောတာ ဘာဖြစ်လဲ"

ရှုတည်တည်ဖြင့် ပြောလာ၏။

ယုံထိက အကဲခတ်ယင်း....

"ဩော် ဝက်ပေါက်လေးကိုး၊ မင်းက အတော်သတ္တိ ရှိနေတယ်ပေါ့ ဟုတ်လား"

ဟု ငေါက်ငမ်းလိုက်သည်။

ဝတုတ်က...



"ကျုပ်က ဘယ်သူ့မှ မကြောက်ဘူး"

ပြန်ပြောလိုက်၏။

ယုံထိ ဒေါပွသွား၏။

"ဘာကွ၊ မင်းက ရဲဒင်းဂိုဏ်းကို ကြောက်ရွံ့ရမယ်၊ ငါ့ကိုလဲ ရိုသေလေးစားရမယ်ကွ"

ဝတုတ်က...

"ခင်ဗျားက ဘာမို့လို့ ရိုသေလေးစားရမှာလဲ သွားစမ်းပါဗျာ"

စကားဆုံးလျှင် လက်သီးတစ်ချက် ထိုးသွင်းလိုက်၏။

သူ၏လက်သီးသည် ယုံထိ၏ဝမ်းဗိုက်တည့်တည့်သို့ ထိမှန်သွားလေသည်။

"ဝုန်း"

"အား"

ယုံထိမှာ ကျယ်လောင်စူးရှစွာ အော်ဟစ်ယင်း ဝါးတစ်ရိုက်အကွာသို့ လွင့်စဉ်သွားသည်။

"ဟင်"

"ဟာ"

ရဲဒင်းဂိုဏ်းသားများ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ဝတုတ်၏လျင်မြန် ပြင်းထန်လွန်းသော လက်သီးချက်ကြောင့် ယုံထိတစ်ယောက် မည်သို့မည်ပုံ လွင့်စဉ်သွားသည်ကိုပင် မသိလိုက်ကြချေ။

တအောင့်ကြာမှ စည်ပိုးတစ်ခုဝယ် စွပ်နေသော ယုံထိက ရှူးရှူးဝါးဝါး အော်လိုက်မှ သတိဝင်လာကြသည်။

ရဲဒင်းဂိုဏ်းသားများ ဒေါသထွက်သွားကြသည်။

"ဆရာယုံ ခံလိုက်ရပြီ"

"ဒီကောင့်ကို ချမ်းသာမပေးနဲ့"

အော်ယင်း ရဲဒင်းများ ဆွဲထုတ်လိုက်ကြ၏။

ထိုစဉ်...

"ဟေ့ကောင်တွေ နောက်မှတိုက်၊ အခု ငါ့ကို လာကူညီကြဦး"

ယုံထိ အသံ ထွက်ပေါ်လာသည်။

ရဲဒင်းဂိုဏ်းသားများ ချက်ချင်းပြေးသွားကြသည်။

ယုံထိအား ဖေးမကာ တိုင်တစ်လုံးတွင် ပေးမှီထားလိုက်လေသည်။ ယုံထိမှာ လှုပ်လှုပ်ရှားရှားပင် မလှုပ်နိုင်ချေ။

မျက်နှာကြီးရှုံ့မဲ့ကာ...

"ငါ့နံရိုးတွေတော့ ကျိုးကြေကုန်ပါပြီ"

ဟု ညည်းလိုက်သည်။

ရဲဒင်းဂိုဏ်းသားများက...

"ဆရာ ဒီကောင့်ကို ကျွန်တော်တို့ ဆုံးမလိုက်မယ်"

"ဒီကောင့်ကို ချမ်းသာပေးလို့ မဖြစ်ဘူး"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

အချို့က ပြေးသွားကာ တိုက်ခိုက်လိုက်ကြ၏။

ဝတုတ်က ပြန်လည်တိုက်ခိုက်လိုက်လျှင်...



"ဝုန်း"

"အား"

"အမယ်လေး"

ရဲဒင်းဂိုဏ်းသားများ လွင့်စဉ်ထွက်သွားကြ၏။

နောက်ထပ် အဖွဲ့သားများ ပြေးထွက်သွားပြန်သည်။

ထိုစဉ်...

"ဝှီး...ဝှီး"

လူအုပ်ထဲမှ ခဲများ၊ တုတ်များ၊ ခွက်များ ပလူပျံကာ ထွက်လာပြီး ရဲဒင်းဂိုဏ်းသားများအား ထိမှန်သွားလေသည်။

"အား"

"အမယ်လေး"

နာကျင်စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ရဲဒင်းဂိုဏ်းသားများသည် ပေါက်ပြဲ ဖူးယောင် ကွဲပြဲကာ လဲကျကုန်သည်။

ယုံထိက...

"ဒီကောင်တွေ အတော်စော်ကားတယ်၊ အရေးပေါ် အချက်ပေးလိုက်"

ဟု အမိန့်ပေးလိုက်သည်။ ထို့နောက်...

မျက်ဖြူလန်ကာ သတိလစ်မေ့မြောသွားတော့သည်။

နံဘေး၌ ရှိနေသော ရဲဒင်းဂိုဏ်းသားက မီးကျည်နှစ်ခု ထုတ်ယူကာ ပစ်ဖောက်လိုက်၏။

"ရှဲ"

"ဖောင်း..ဖောင်း"

မြည်သံနှင့်အတူ ကောင်းကင်ပေါ်ဝယ် အနီရောင်အလင်းတန်းနှင့် အစိမ်းရောင်အလင်းရောင်တန်းများ ဖြာထွက်လာလေတော့သည်။

တီပါချင်းနှင့် ဟုန်ဟောတို့ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားကြ၏။

ရဲဒင်းဂိုဏ်းသည် အရေးပေါ် အကူအညီ တောင်းလိုက်ပြီဖြစ်သည်။

အင်အားအလုံးအရင်းဖြင့် လေလွင့်ခြံဝင်းအား မွှေနှောက်ဖျက်ဆီးကြတော့မည် ဖြစ်သည်။

လေလွင့်ဂိုဏ်း၏ ကံကြမ္မာက တွေးဝံ့စရာ မရှိချေ။

ထို့အတူ...

မိမိတို့ ကံကြမ္မာသည်လည်း ဆိုးသည်ထက် ဆိုးသွားပြီဟု တီပါချင်းနှင့် ဟုန်ဟောတို့ ကောင်းကောင်းကြီး နားလည်လိုက်ကြသည်။

ကြောက်ရွံ့မှုသည် ခန္ဓာကိုယ်တစ်ခုလုံးအား ဖုံးလွှမ်းသွား၏။ တီပါချင်းက ငိုသံပါကြီးဖြင့်...

"ဒီတစ်ခါတော့ ကယ်သူဝေးပါပြီကွာ"

ငိုသံပါကြီးဖြင့် ပြောလိုက်၏။

ဟုန်ဟောက ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောပိုက်ကိုမျက်လုံးအား စုံမှိတ်ထားလိုက်လေတော့သည်။

◆ ◆ ◆



## ရဲဒင်းဟူသည်

လင်းထိန်နေသော ကောင်းကင်တစ်ခွင်လုံး ရုတ်တရက်မည်းမှောင်သွားသည်ဟု ထင်ရလေသည်။

လေတိုက်ခတ်ခြင်း မရှိတော့ပါ။

ဝန်းကျင်တစ်ခုလုံးလည်း ဟိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားသည်။

မုန်တိုင်းမတိုက်ခတ်မီ ပင်လယ်ပြင်၏ ငြိမ်သက်ခြင်းမျိုးနှင့်ပင် တူနေပါသည်။

ကောင်ကင်တစ်ခုလုံး မည်းမှောင်သွားရသည်မှာ လေလွင့်ခြံဝင်းအတွင်း အုပ်စုလိုက်အုပ်စုလိုက်ဖြင့် ဝင်ရောက်လာသောလူအများအပြားကြောင့်ပင် ဖြစ်သည်။

ထိုလူများသည် အနက်ရောင်အဝတ်အစား ဆင်တူဝတ်ဆင်ထားပြီး ရိုင်းစိုင်းကြမ်းတမ်းသော ရုပ်သွင်များ ကိုယ်စီ ရှိလေသည်။

လက်ထဲတွင်လည်း သေးငယ်ထက်မြက်သော ရဲဒင်းကိုယ်စီကိုင်ဆောင်ထားကြသည်။

ဆရာကြီးချန်းမင်းကိုယ်တိုင် ဦးဆောင်ကာ အင်အားတောင့်တင်းစွာဖြင့် ရောက်လာခဲ့ပြီ ဖြစ်လေတော့သည်။

♦ ♦ ♦

ချန်းမင်းက ယုံထိအား စမ်းသပ်ကြည့်လိုက်၏။

ယုံထိကား သတိလစ်မေ့မြောနေဆဲပင်။

ချန်းမင်းက အင်္ကျီဖုန်တစ်ချက်ခါယင်း...

"အနည်းဆုံး အရိုးငါးချောင်းထက် မနည်း ကျိုးသွားပုံရတယ်၊ ကုလည်း အသက်ရှင်ယင်တောင် ဒုက္ခိတ ဖြစ်ကျန်ခဲ့မှာပဲ"

တစ်ယောက်တည်း မှတ်ချက်ချသလိုဖြင့် ရေရွတ်လိုက်လေသည်။

ရဲဒင်းဂိုဏ်းသားများ တုတ်တုတ်မျှပင် မလှုပ်ချေ။

ကျောက်ရုပ်သကဲ့သို့ ရပ်နေကြယင်း ချန်းမင်းထံမှ အမိန့်သံကို နားစွင့်နေကြ၏။

ချန်းမင်းက လေ့လွင့်ခြံဝင်းတစ်ခုလုံး ဝေ့ကြည့်ယင်း...

"ဒါ ဘယ်သူ့လက်ချက်လဲ"

ဟု မေးလိုက်သည်။ မည်သည့် တုန့်ပြန်သံမျှ မကြားရချေ။

ဝတုတ်ကား အာစေးမိနေသူတစ်ယောက်ပမာ ကြက်သေသေနေလျက် ရှိသည်။

ချန်းမင်း၏မျက်နှာပေါ်ဝယ် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။



"ကောင်းပြီ၊ ဘယ်သူမှ မဖြေဘူးဆိုတော့ သင်ခန်းစာပေးရတော့မှာပေါ့"

စကားဆုံးလျှင် လက်ဝှေ့ယမ်းကာ...

"တရားခံ မဖြေမချင်း ရဲဒင်းဂိုဏ်းအကြောင်း ပြလိုက်ကြစမ်း"

အော်ဟစ်အမိန့်ပေးလိုက်သည်။ ထိုအခါ...

ကျောက်ရုပ်ကဲ့သို့ ရပ်နေကြသော ရဲဒင်းဂိုဏ်းသားများသည် ဆတ်ခနဲ လှုပ်ရှားလာကြသည်။

လက်ထဲမှ ရဲဒင်းကို မြှောက်ကိုင်လိုက်ကြပြီး...

"ယား"

"ကျား"

ကျယ်လောင်သော ညာသံများပေးကာ ပြေးထွက်သွားကြသည်။

ထို့နောက် မည်းမည်းမြင်ရာ တိုက်ခိုက်လိုက်ကြလေတော့သည်။

♦ ♦ ♦

"ဝုန်းဝုန်း"

"အား"

"အွန့်"

"အမယ်လေး"

နုးရှိသော အော်ဟစ်သံများ၊ ဆူညံကျယ်လောင်သော ပြီ လဲသံများ ထွက်ပေါ်လာသည်။

လေလွင့်ခြံဝင်းတစ်ခုလုံး ရေပွက်သည့်အလား ဖြစ်ပေါ်နေ သည်။

ရဲဒင်းဂိုဏ်းသားများသည် မြင်မြင်သမျှ ဖျက်ဆီးတိုက်ခိုက် နေကြသည်။

လဲပြိုအော်ဟစ်သူများ၊ အပျက်အစီးများဖြင့် ရစရာ မရှိ အောင် ဖြစ်နေသည်။

လေလွင့်ခြံဝင်းမှ လူများသည် များပြားလှသော ရဲဒင်းဂိုဏ်း ၏ တိုက်ခိုက်မှုကြောင့် အလဲလဲ အပြိုပြို ဖြစ်ကာ ထိခိုက်အနာတရ ဖြစ်နေကြလေသည်။

ဤမြင်ကွင်းကို ချန်းမင်းက အရသာခံကာ ကြည့်ရှုနေလေ သည်။

အတန်ကြာ တိုက်ခိုက်ဖျက်ဆီးသောင်းကျန်းပြီးမှ လက်ခုပ် တစ်ချက်တီးလိုက်၏။

ထိုအခါ...

ရဲဒင်းဂိုဏ်းသားများ၏ လှုပ်ရှားမှုဟူသမျှ ရပ်တန့်သွားလေ သည်။

ချန်းမင်းက...

"ဘယ်သူလုပ်တာလဲ"

အေးတိအေးစက် လေသံဖြင့် မေးလိုက်၏။

မည်သည့်အဖြေစကားမျှ ထွက်မလာချေ။



အဖြေပေးမည့် ဝတုတ်ကား သွေးအိုင်ထဲ လဲကျကာ အသက်ပျောက်နေပြီ ဖြစ်သည်။

လေလွင့်ခြံဝင်းမှ လူများသည် ရဲဒင်းဂိုဏ်း၏ ရက်စက်ကြမ်း ကြုတ်မှုအား မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရသည်မို့ တုန်လှုပ်ချောက် ချားနေကြသည်။

စုလိချန်းသည် လူအများနှင့် ရောနှောကာ ချန်းမင်းအား ခိုးကြည့်နေ၏။

သူ၏မျက်လုံးထဲဝယ် ထူးခြားသော အရောင်များ တဖျတ် ဖျတ် တောက်ပနေလေသည်။

ဤသည်ကို မည်သူမျှ သတိမပြုမိကြချေ။

◆ ◆ ◆

ချန်းမင်း၏မျက်နှာ ဒေါသကြောင့် တောက်ပြောင်နေသည် ဟု ထင်ရပေသည်။

သူ၏မေးခွန်းအား မည်သူမျှ အဖြေမပေးလျှင် ဒေါသထွက် လာလေလေပင် ဖြစ်သည်။

"ကောင်းပြီ၊ ဒီလောက်တောင် ခေါင်းမာတာ တွေ့ကြသေး တာပေါ့"

သူက ရဲဒင်းဂိုဏ်းသားတစ်ဦးအား တီးတိုးပြောလိုက်လေ သည်။

ရဲဒင်းဂိုဏ်းသားက အဖော်နှစ်ယောက်အား လက်ကုပ်ခေါ်

ကာ ထွက်သွား၏။

မကြာမီ...

လူအုပ်ကြားမှ ကလေးတစ်ဦးအား ဆွဲခေါ်လာ၏။

တစ်ယောက်က ခြေထောက်အား ကြိုးချည်လိုက်၏။

"မေမေရေ ကယ်ပါဦး"

ကလေးက အထိတ်တလန့် ငိုယိုအော်ဟစ်နေ၏။

"သား"

ကလေးမိခင်မှာ ချုပ်ကိုင်ထားသော ရဲဒင်းဂိုဏ်းသား ကြောင့် ရုန်းကန်၍ မရဘဲ ဖြစ်နေ၏။

ချန်းမင်းက...

"ဘယ်သူလုပ်တာလဲ၊ မဖြေယင် ဒီကလေးကို ကြိုးနဲ့ဆွဲပြီး ခြဝင်းအနှံ့ တရွတ်တိုက်ဆွဲပစ်မယ်"

ရဲဒင်းဂိုဏ်း၏ လူသန်ကြီးတစ်ဦးက ကြိုးစကို ကိုင်ကာ ရပ် နေ၏။

ချန်းမင်း အမိန့်ပေးသည်နှင့် တဟုန်ထိုး ပြေးထွက်ရန် ဟန် ပြင်ထားလေသည်။

အားလုံးသည် တုန်လှုပ်ချောက်ချားဟန်ဖြင့် ဝိုင်းကြည့်နေ ကြသည်။

ချန်းမင်းက...

"နောက်ဆုံးမေးမယ် ဘယ်သူလုပ်တာလဲ"

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်။

ယခုတစ်ကြိမ်...



"ကျုပ်လုပ်တာ"

လူအုပ်ကြားထဲမှ ဖြေကြားသံတစ်ချက် ထွက်ပေါ်လာ၏။

တဆက်တည်းပင် လူသန်ကြီးတစ်ဦး လှမ်းထွက်လာ၏။

ထိုလူအား မြင်လျှင် လေလွင့်ခြံဝင်းမှ လူများ အံ့အားသင့် သွားကြလေသည်။

အကြောင်းကား...

ထိုလူမှာ ကုန်ထမ်းသမား 'စုလီချန်း' ဖြစ်နေခြင်းကြောင့် ပင် ဖြစ်လေတော့သည်။

♦ ♦ ♦

## ကြောင်လက်သည်းဖုက်လိုလူစား

စုလိချန်း...

လေလွင့်ခြံဝင်းအတွင်းမှ အထမ်းသမားတစ်ဦး ဖြစ်ပါသည်။

ခွန်အားကြီးသော်လည်း မည်သူနှင့်မျှ ရန်မဖြစ်ဘူးချေ။

ယခု...

စုလိချန်းသည် အားလုံးအတွက် ငဲ့ကွက်ကာ ကိုယ့်ကိုယ်ကို တရားခံအဖြစ် ခံယူလိုက်ပြီ ဖြစ်သည်။

ရဲဒင်းဂိုဏ်း လက်တွင်း ကျရောက်တော့မည့် စုလိချန်း အဖြစ်ကား တွေးဝံ့စရာပင် မရှိချေ။

အားလုံးမှာ စုလိချန်းအတွက် စိတ်မကောင်း ဖြစ်နေကြရလေသည်။

သို့သော် မျှော်လင့်မထားသော အဖြစ်အပျက် အပြောင်းအလဲတစ်ခု နှင့် တွေ့ကြုံလိုက်ရသည့်အခါဝယ်...

◆ ◆ ◆



ချန်းမင်း၏မျက်နှာ အေးစက်တင်းမာနေသည်။

စုလိချန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးနောက်...

"လက်စသတ်တော့ မင်းပဲကိုး"

ဟု ရေရွတ်လိုက်သည်။

စုလိချန်းက ဘာမျှ မပြောပါ။

လက်နှစ်ဘက်အား ခန္ဓာကိုယ်နှင့် အနည်းငယ် ခွာထားကာ ရပ်နေ၏။

သူ၏မျက်လုံးများက ကြောက်ရွံ့ဟန်မပြဘဲ အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။

ချန်းမင်းက...

"ရဲဒင်းဂိုဏ်းကို ပမာမခန့် လုပ်ရဲတဲ့သတ္တိက မဆိုးဘူး၊ ဒါပေမယ့် အဲဒီအတွက် ကံဆိုးမှုကလည်း ကြီးမားတယ်ကွ"

ရယ်မောယင်း ပြောလာသည်။

စုလိချန်းက...

"ခင်ဗျားပြောစရာစကားကုန်ပြီလား"

ဟု မေးလိုက်သည်။

ချန်းမင်း စိတ်တိုသွားသည်။

"မင်းက ငါ့ကိုတောင် ပမာမခန့်နဲ့ လေသံမလျော့ဘဲ ပြောသေးတာကိုး၊ ကောင်းပြီ၊ မင်းကို အားလုံးရှေ့မှာ နမူနာထားပြီး ညာပေးရမှာပဲ"

သူက လက်တစ်ဖက်ဝှေ့ယမ်းကာ...

"ကဲ ဟေ့၊ ဒီကောင့်ကို မသေမရှင်နဲ့ နှိပ်စက်လိုက်ကြစမ်း"

အော်ဟစ်အမိန့်ပေးလိုက်သည်။

ထိုအခါ...

ရဲဒင်းဂိုဏ်းသားသုံးယောက်သည် စုလိချန်းထံ ပြေးဝင်သွားကြသည်။

သူတို့၏လက်ထဲမှ ရဲဒင်းများသည် အမဲဖျက်တော့မည့်ဟန်ဖြင့် တဝင်းဝင်း တလက်လက် တောက်ပနေလေသည်။

အားလုံးမှာ အထိတ်တလန့် ဖြစ်သွားကြသည်။

ထိုစဉ်...

မည်သူမျှ ထင်မှတ်မထားသည့် အပြောင်းအလဲတစ်ခုက ဖြစ်ပေါ်လာတော့သည်။

ရဲဒင်းဂိုဏ်းသားများ ပြေးဝင်လာပြီးနောက် စုလိချန်းက လက်နှစ်ဖက်အား ဆန့်ထုတ်ကာ ခြေတစ်ဖက်ဝိုက်၍ ဆန့်ထုတ်လိုက်သည်။

"ဝုန်း"

"အား"

"အမယ်လေး"

ဆူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရဲဒင်းဂိုဏ်းသားသုံးယောက် အဝေးသို့ လွင့်စဉ်သွားလေသည်။

လျင်မြန်လွန်းလှသော အဖြစ်အပျက်ကြောင့်...

"ဟင်"



"ဟာ"

"အို"

ရဲဒင်းဂိုဏ်းသာမက လေလွင့်ခြံဝင်းမှ လူများသည်ပင် တအံ့တသြနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

စုလိချန်းကား နေရာမှ တစ်လက်မပင် ရွေ့မသွားပါချေ။

ချန်းမင်းသည် မျက်လုံးအဝိုင်းသားဖြင့် စုလိချန်းအား ပြူးကြည့်နေသည်။

မြေပေါ်လဲကျ သတိလစ်မေ့မျောနေသော သူ၏လူသုံးဦးအား ကြည့်လိုက်ပြန်သည်။ ပြီးမှ သက်ပြင်းချကာ...

"လက်စသတ်တော့ မင်းဟာ သိုင်းပညာ လျှို့ထားတာကိုး၊ တွေ့ကြသေးတာပေါ့"

သွားကြားထဲမှ ထွက်သော လေသံဖြင့် ကြိမ်းဝါးပြောဆိုလိုက်လေသည်။

ထို့နောက် လက်တစ်ချက် ဝှေ့ယမ်းကာ...

"ဟေ့ကောင်တွေ ဝိုင်းတိုက်ကြစမ်း"

တပည့်များအား အော်ဟစ်အမိန့်ပေးလိုက်သည်။

"ယား"

"သေပေတော့"

ရဲဒင်းဂိုဏ်းသားများက ညာသံပေးကာ စုလိချန်းထံ ပြေးဝင်တိုက်ခိုက်လိုက်ကြတော့သည်။

◆ ◆ ◆

"ဝုန်း"

"အား"

"အမယ်လေး"

ရူးရှကျယ်လောင်သော အော်ဟစ်သံများ ဆက်တိုက်ပင် ထွက်ပေါ်လာသည်။

စုလိချုန်း အနားသို့ ရောက်ရှိသွားသူမှန်သမျှ လက်သီး ခြေကန်ချက် စသည်တို့ကြောင့် ပြန်လည်လွင့်စဉ် ထွက်သွားကြလေသည်။

စုလိချုန်းသည် ခြေလက်များအား ဟန်ချက်ညီညီ လှုပ်ရှားကာ တိုက်ခိုက်နေ၏။

သူ၏ပုံပန်းသဏ္ဌာန်သည် တိုက်ခိုက်နေသည်ထက် ခြေလက် လေ့ကျင့်ခန်း လုပ်နေသည်ဟုပင် ထင်မှတ်ရလေတော့သည်။

စုလိချုန်းအား ကြည့်ပြီး အံ့သြနေသူတစ်ဦးကား ရှိနေ၏။

ထိုသူကား ဂျုံဖြင့် မုန့်လုပ်ရောင်းချသူ အားကွေပင် ဖြစ်ပါသည်။

အားကွေသည် စုလိချုန်း၏လှုပ်ရှားမှုအား ကြည့်ယင်း မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

စုလိချုန်း၏ ခြေလက် အတိုးအဆုတ်ကို ကြည့်ပြီးနောက်…

"လက်နက်မဲ့"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

◆ ◆ ◆



"ဝုန်း"

"အား"

"အမယ်လေး"

ရဲဒင်းဂိုဏ်းသားများ ရူးရှစွာ အော်ဟစ်ယင်း တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်ထွက်နေ၏။

သို့တိုင်…

လူအင်အားဖြင့် ဆက်လက်တိုးဝင် တိုက်ခိုက်နေကြဆဲပင်။

ထို့ကြောင့်…

စုလိချုန်း၏သိုင်းပညာ မည်မျှပင် ထက်မြက်ပါစေ လူအများဖြင့် ဝိုင်းတိုက်ခြင်း ခံနေရသောကြောင့် ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ရရှိလာတော့သည်။

အခြေအနေ အကဲခတ်ကြည့်နေသော အားကွေ ခေါင်းယမ်းလိုက်သည်။

"ဒီအတိုင်းဆို စုလိချုန်း ကြာကြာထိန်းချုပ်နိုင်မယ် မထင်ဘူး၊ ငါ ဘာလုပ်ရမလဲ"

သူက အတွေးဖြင့် ငြိမ်သက်သွားသည်။

စိတ်ထဲဝယ် ဇဝေဇဝါဖြင့် ဝေခွဲမရဘဲ ဖြစ်နေမိလေသည်။

ထိုအချိန်လေးမှာပင်…

"ယား"

ညာသံပေးသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူက ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ထိုအခါ...

တစ်ပတ်နွမ်း အပေါစား အထည်ဆိုင်ပိုင်ရှင် ဆရာစိန်သည် ခုန်ထွက်လာပြီး ရဲဒင်းဂိုဏ်းသားများအား တိုက်ခိုက်လိုက်သည်ကို တွေ့လိုက်ရ၏။

"ဟင် ဆရာစိန်လဲ သိုင်းသမားတစ်ယောက်ကိုး"

သူ တအံ့တသြ ရေရွတ်ဆဲမှာပင် ရဲဒင်းဂိုဏ်းသားတစ်ဦးသည် အလစ်ချောင်းကာ တိုက်ခိုက်လာ၏။

ဆရာစိန်က ရှောင်တိမ်းမရသဖြင့် ညာဘက်လက်ဖြင့် ခုခံပေးလိုက်သည်။

"ဒုက္ခပဲ"

အားကျွေ လွှတ်ခနဲ ရေရွတ်လိုက်သည်။

ဆရာစိန်၏လက်အတွက် တွေးဝံ့စရာ မရှိချေ။

သို့သော်...

သူထင်ထားသည်အတိုင်း ဖြစ်မလာပါချေ။

အကြောင်းကား...

"ချွင်"

မြည်သံတစ်ချက် ထွက်ပေါ်လာသည်။

အင်္ကျီလက်မှာ ပြတ်ကျသွားပြီး ဝင်းလက်သော သံမဏိလက်ကောက် ထွက်ပေါ်လာသည်။

ပုဆိန်သွားသည် သံမဏိလက်ကောက်အား ထိမှန်သွားခြင်း ဖြစ်သည်။

"ဟင်"



ပုဆိန်ဂိုဏ်းသား ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူက တအံ့တသြ ငေးကြည့်နေစဉ်မှာပင် ဆရာစိန်က လက်ကောက်ဖြင့် ထုချလိုက်၏။

"ဝုန်း"

ရဲဒင်းဂိုဏ်းသား ပုံလျက်သား လဲကျသွားသည်။

ဆရာစိန်က ဝဲဘက်အင်္ကျီလက်အား ပင့်တင်လိုက်၏။

ထိုအခါ...

နောက်ထပ် သံမဏိလက်ကောက် ထွက်ပေါ်လာပြန်သည်။

ဆရာစိန်သည် သံမဏိလက်ကောက်များအား အသုံးပြုကာ ရဲဒင်းဂိုဏ်းသားများအား တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆

## ကန့်လန့်ကာနောက်ကွယ်မှမျိုးဆက်သစ်များ

"သံမဏိလက်ကောက်"

အားကွေ လွှတ်ခနဲ ရေရွတ်လိုက်သည်။

"လက်နက်မဲ့နဲ့ သံမဏိလက်ကောက် မထင်မှတ်ဘဲ ထွက်ပေါ်လာပြီ၊ မှော်လုံတံကကော ဘာကြောင့် ပုန်းကွယ်နေရဦးမှာလဲ"

သူ၏လေသံသည် အလွန်ပင် ထူးခြားနေ၏။

တွေဝေငေးငိုင်စေသော အတွေးများလည်း ပျောက်ကွယ်သွားချေပြီ။

မျက်လုံးအစုံက မလှမ်းမကမ်းရှိ တုတ်ရှည်တစ်ချောင်းထံသို့ ရောက်ရှိသွားသည်။

သူက တုတ်ရှည်အား ဆတ်ခနဲသွား၍ ကောက်ယူလိုက်လေသည်။

ထို့နောက်...

တုတ်ရှည်အား မြေပေါ်ထောက်၍ တိုက်ပွဲအတွင်းသို့ ဖျိုင်းတစ်ကောင်အလား ခုန်ဝင်သွားတော့သည်။

◆ ◆ ◆



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရဲဒင်းဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြသည်။

စုလီချန်း၊ ဆရာစိန် သာမက အားကွေပါ တိုက်ပွဲအတွင်း ရောက်ရှိလာပြီ ဖြစ်သည်။

သူ၏တုတ်ရှည်သည် ချားရဟတ်သဖွယ် လည်ပတ်နေပြီး ဝင်လာသမျှ ရဲဒင်းဂိုဏ်းသားများအား ရိုက်ထုတ်၍နေ၏။

ဆရာစိန်၏ သံမဏိလက်ကောက် အစွမ်းမှာလည်း မသေးလှချေ။ သံမဏိရောင် ဝင်းခနဲတစ်ချက် လက်သွားတိုင်း ရဲဒင်းဂိုဏ်းသားတစ်ဦး မြေပေါ်လဲကျရသည်ချည်းပင်။

သူတို့သုံးယောက်၏ သိုင်းပညာသည် ရဲဒင်းဂိုဏ်းဝင်များထက် အဆပေါင်းများစွာ ထက်မြက်လေသည်။

သုံးဦးတည်း ဖြစ်သော်လည်း ရဲဒင်းဂိုဏ်းမှာ မယှဉ်နိုင်ကြပါချေ။

အားကွေတို့ တိုက်ခိုက်မှုကြောင့်သာ ကစဉ့်ကလျား ဖြစ်နေရတော့သည်။

ချန်းမင်းသည် တုန်လှုပ်ချောက်ချားဟန်ဖြင့် ရှိနေသည်။

တကယ့် စုတ်ပြတ်မွဲတေသော လေလွင့်ခြံဝင်းအတွင်း ယခုလို ထိပ်တန်းသိုင်းသမားများ ရှိလိမ့်မည်ဟု အိမ်မက်ပင် မမက်ဖူးပါချေ။

တစ်နယ်လုံး ဩဇာလွှမ်းခဲ့သော ရဲဒင်းဂိုဏ်းသည် သူ၏ရှေ့မှောက်မှာပင် မရှုမလှ ရှုံးနိမ့်နေရပြီ ဖြစ်ပေသည်။

ချန်းမင်းသည် ဉာဏ်များကာ အကွက်မြင်သူ ဖြစ်သည်။

ဆက်လက်တိုက်ခိုက်နေပါကလည်း မိမိတို့ အင်အားသာ ယုတ်လျော့သွားရမည်ကို နားလည်ထားသည်။

ဤရန်သူသုံးဦးသည် သူ့လက်မှ မလွတ်နိုင်ဟုလည်း ခံယူထားသည်။

ထို့ကြောင့်…

လက်တလော ဆုတ်ခွာခြင်းသည်သာ အကောင်းဆုံး ဖြစ်သည်ဟု နားလည်လိုက်သည်။

"အားလုံးဆုတ်ကြမယ်"

သူက ကျယ်လောင်သော အသံဖြင့် အော်ပြောကာ ဆုတ်ခွာသွားသည်။

ရဲဒင်းဂိုဏ်းသားများလည်း တစ်ရွေ့ရွေ့ ဆုတ်ခွာသွားကြသည်။

မကြာမီ…

လေလွင့်ခြံဝင်းအတွင်းမှ ထွက်ခွာပျောက်ကွယ်သွားကြလေတော့သည်။

◆ ◆ ◆



## ပတ်သက်ရာ

ရဲဒင်းဂိုဏ်းဌာနချုပ်…

ချန်းမင်းသည် ခေါက်တုန့်ခေါက်ပြန် လျှောက်နေ၏။

သူ၏မျက်နှာပေါ်ဝယ် မည်သည့်ခံစားချက်မျှ ရှိမနေပါချေ။

လေလွင့်ခြံဝင်းအား ရှုံးနိမ့်သွားရခြင်းသည် ရဲဒင်းဂိုဏ်းအဖို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပေသည်။

ဂိုဏ်းအတွင်း ထိခိုက်ဒဏ်ရာရမှုများ ရှိသလို ဒုစရိုက် လောကထဲ၌လည်း ဂုဏ်သိက္ခာကျဆင်းခဲ့ရပေသည်။

မည်သည့်ရှုထောင့်မှကြည့်ကြည့် ရဲဒင်းဂိုဏ်းအဖို့ အရှုံးသက်သက်သာ ဖြစ်နေ၏။

သို့တိုင်…

ချန်းမင်းက သွေးဆူပေါက်ကွဲနေခြင်း မရှိပါ။

လေလွင့်ခြံဝင်းနှင့် ပတ်သက်၍ ခေါင်းထဲ၌ မရှိသလိုပင် ဟန်လုပ်ထားသည်။

စိတ်ထဲတွင်မူ ကြီးမားသော အကြံအစည်တစ်ခု ကြံစည်မည်ဆိုခြင်းကိုကား မည်သူမျှ မခန့်မှန်းတတ်ပါချေ။

ချန်းမင်းသည် ဉာဏ်များကာ စဉ်းလဲသူတစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။

သူက မပိုင်ဘဲနှင့် မည်သည့်အလုပ်မျိုးမှ မလုပ်တတ်ပါချေ။

ယခု အဖြစ်အပျက်၌ ငြိမ်နေခြင်းမှာ အကောင်းမဟုတ် ဆင်ကြံကြံနေခြင်း ဖြစ်ကြောင်း ရဲဒင်းဂိုဏ်းဝင်များ နားလည်ထားကြလေတော့သည်။

◆ ◆ ◆

ချန်းမင်း၏ခြေလှမ်းများ ရပ်တန့်သွားပြီ ဖြစ်သည်။

သူ၏မျက်လုံးအစုံသည် တစ်နေရာသို့ ရောက်ရှိသွားလေသည်။

ထိုနေရာကား စင်မြင့်တစ်ခု ဖြစ်သည်။

စင်မြင့်ပေါ်ဝယ် လူနှစ်ယောက်အား သံကြိုးဖြင့် တွဲလွဲချထားသည်။

လက်ကောက်ဝတ်အား သော့ခတ်ထားသော သံမဏိပြားကြီးဖြင့် ချုပ်ထားသည်။

ထိုလူနှစ်ယောက်ကား ဟုန်ဟောနှင့် တီပါချင်းတို့ပင် ဖြစ်သည်။



ဆုတ်ခွာလာသော ရဲဒင်းဂိုဏ်းသားများက သူတို့နှစ်ယောက်အား ခေါ်ဆောင်လာခြင်း ဖြစ်သည်။

တီပါချင်းနှင့် ဟုန်ဟောတို့သည် တကယ့် သားရဲတွင်းထဲ ရောက်ရှိနေသည်ဟု ခံစားလိုက်ရသည်။

တကယ့်တကယ့် အရေးကြုံချိန်ဝယ် ဟုန်ဟောတစ်ယောက် အလွန်တည်ငြိမ်စွာပင် ရှိနေသည်မှာ အံ့သြဖို့ပင် ကောင်းနေတော့သည်။

ချန်းမင်းက သူတို့နှစ်ယောက်အား တစ်ချက်စိုက်ကြည့်ယင်း ပြုံးလိုက်သည်။

"ပြဿနာ သူတို့က စတာ၊ ဒီကိစ္စ အရင်ကိုင်တွယ်ရမယ်"

သူက ဟုန်ဟောအား လက်ညှိုးညွှန်ပြလိုက်ပြီး...

"သူ့ကို ရှင်းပစ်လိုက်"

ဟု အမိန့်ပေးလိုက်၏။

ရဲဒင်းဂိုဏ်းသားတစ်ဦး ရှေ့သို့ လှမ်းထွက်လာသည်။

ထိုလူသည် ရဲဒင်းပညာ အလွန်တော်သူတစ်ဦး ဖြစ်သည်။

သူက လက်ထဲမှ ရဲဒင်းအား ချိန်ဆကာ ဟုန်ဟောထံ အရှိန်ပြင်းစွာဖြင့် ပစ်လွှတ်လိုက်တော့သည်။

ရဲဒင်းက အရှိန်ပြင်းစွာဖြင့် ပြေးထွက်သွားသည်။

ရဲဒင်းက ဟုန်ဟော၏ခန္ဓာကိုယ်အား ထိမှန်လုဆဲဆဲမှာပင်

"ဖုတ်"

ဟုန်ဟောသည် ချည်နှောင်ထားသော သံကြိုးမှ ပြုတ်ကာ ကြမ်းပေါ် ကျသွား၏။

ထို့ကြောင့် အသက်ဘေးမှ လွတ်မြောက်သွားလေသည်။

ချန်းမင်း အံ့သြသွားသည်။

"ဘယ်လိုဖြစ်တာလဲ"

သူက ဂိုဏ်းသားတစ်ဦးအား အခြေအနေ သွားကြည့်ခိုင်းလိုက်၏။

မကြာမီ ဂိုဏ်းသား ရောက်လာကာ အစီရင်ခံလိုက်၏။

"သူဟာ သံချောင်းတစ်ခု အသုံးပြုပြီး သော့ဖွင့်ထွက်သွားတာပါ"

ထိုစဉ်…

ကျောက်ပါက ချန်းမင်းနား တိုးကပ်လာပြီး…

"ဆရာချန်း၊ သူဟာ အင်မတန်တော်တဲ့ သော့ဝိဇ္ဇာတစ်ဦးပါ၊ ကျွန်တော်တောင် တစ်ခါခိုင်းခဲ့ဖူးတယ်၊ သူဟာ ရဲဒင်းဂိုဏ်းအတွက် အသုံးဝင်နိုင်တဲ့လူပါ၊ ဒါကြောင့် လွှတ်ပေးဖို့ အကြံပြုချင်ပါတယ်"

ချန်းမင်း မျက်မှောင်ကုပ်သွား၏။

"မင်းကတောင် ချီးကျူးနေရတယ်ဆိုတော့ သူ ဘယ်လောက်တော်မှန်း ငါရိပ်မိပါပြီ၊ ဒါပေမယ့် ငါက လက်တွေ့စမ်းသပ်ချင်သေးတယ်၊ ပြီးမှ လွှတ်ပေးသင့်ယင် လွှတ်ပေးတာပေါ့"

ကျောက်ပါ ဝမ်းသာသွားသည်။

"စိတ်ချ၊ ဆရာချန်း၊ သူ့အစွမ်းအစ အခု တွေ့စေရမယ်"

ကျောက်ပါက ဟုန်ပောထံ လှမ်းသွားလိုက်လေတော့၏။

◆ ◆ ◆



ဟုန်ပောက သူ့ထံ လျှောက်လာသော ကျောက်ပါအား မော့ကြည့်လိုက်သည်။

ကျောက်ပါက ဟုန်ပောအနီး ကျနေသော သံချောင်းကလေးအား တစ်ချက်ကြည့်ကာ ပြုံးလိုက်၏။

"မင်းရဲ့ပညာကို ငါ တကယ် ချီးကျူးမိတယ်၊ အခု မင်းအခွင့်အရေးရမယ်၊ တစ်ကနေ သုံးအထိ ရေမယ်၊ မင်းသူငယ်ချင်းကို ခတ်ထားတဲ့သော့ မင်းဖွင့်ပေးနိုင်ခဲ့ယင် မင်းတို့နှစ်ယောက်စလုံး အသက်ရှင်မယ်၊ သုံးအထိ ရေလို့ပြည့်သွားယင်တော့ မင်းတို့ကံကြမ္မာပဲ"

ဟုန်ပော အံ့သြသွား၏။

"တကယ် ပြောတာလား"

ကျောက်ပါက…

"ငါ မလိမ်ဘူး၊ မင်းသာ အချိန်မပြည့်ခင် ဖွင့်နိုင်ဖို့ အရေးကြီးတယ်"

ဟု ပြောလိုက်၏။

ဟုန်ပော စိတ်ဓာတ်တက်ကြွလာ၏။

"ကျုပ်လုပ်မယ်"

ကျောက်ပါ သဘောကျသွား၏။

"ကောင်းပြီ၊ မင်းကြိုးစားပေတော့"

ပြောယင်း ပြန်လှည့်သွားသည်။

ဟုန်ပောက သံချောင်းလေးအား ကပျာကယာ ကောက်ယူကာ အသင့်ပြင်ထားလိုက်၏။

ကျောက်ပါက…

"တစ်"

စတင်ရေတွက်လိုက်၏။

ဟုန်ဟောက တီပါချင်းထံ ပြေးကာ ခတ်ထားသော သော့အား ဖွင့်ရန် ကြိုးစားလိုက်၏။

"နှစ်"

ရေရွတ်သံ ဆက်လက်ထွက်ပေါ်လာသည်။

သော့ကား မပွင့်သေးပါ။

အခြေအနေအား ချန်းမင်းကိုယ်တိုင် စိတ်ဝင်တစားဖြင့် အကဲခတ်ကြည့်ရှုနေ၏။

"သုံး"

အမှတ်စဉ်သုံး ရေတွက်ပြီးသည်နှင့် ရဲဒင်းဂိုဏ်းသားသုံးဦးသည် ရဲဒင်းများအား ပစ်လွှင့်လိုက်ကြသည်။

ယင်းခဏမှာပင်...

"ချက်"

သော့ပွင့်သွားပြီး ဟုန်ဟောက တီပါချင်း၏ခန္ဓာကိုယ်အား ဆွဲကာ ကြမ်းပေါ် လှိမ့်ချလိုက်လေသည်။

ပြေးဝင်သွားသော ရဲဒင်းသုံးလက်သည် လေကိုသာထိုးခွဲသွားလေသည်။

ဟုန်ဟောတစ်ကိုယ်လုံး ချွေးများရွှဲနစ်သွား၏။

"ဖြောင်း..ဖြောင်း..ဖြောင်း"

ချန်းမင်း သဘောကျကာ လက်ခုပ်တီးလိုက်၏။

ထို့နောက်...



ကျောက်ပါအား ပြုံးပြုံယင်း...

"ဒီလောက်တော်တဲ့ သော့ဝိဇ္ဇာမျိုး နောက်ထပ်ရှိတော့မှာ မဟုတ်ဘူး"

ဟုရေရွတ်ကာ ဟုန်ဟောထံ လှမ်းသွားလိုက်၏။

ဟုန်ဟောနှင့် တီပါချင်း ထရပ်လာကြပြီ ဖြစ်သည်။

ချန်းမင်းက...

"မင်းရဲ့ပညာ တကယ်ကောင်းတာပဲ"

ဟု ချီးကျူးလိုက်၏။

ဟုန်ဟော ဦးညွှတ်ကာ...

"အခုလို ချီးကျူးတဲ့အတွက် ဆရာကြီးချန်းကို ကျေးဇူးတင်ပါတယ်"

ချန်းမင်းက...

"မင်းတို့ဟာ အစွမ်းအစရှိတဲ့ လူငယ်လူရွယ်တွေမို့လို့ မင်းတို့ကို အန္တရာယ်မပြုဘဲ လွှတ်ပေးဖို့ ငါဆုံးဖြတ်လိုက်ပြီ"

ဟု ပြောလိုက်သည်။

ရဲဒင်းခေါင်းဆောင်ကိုယ်တိုင် အာမခံချက်ပေးလာပြီမို့ တီပါချင်းနှင့်ဟုန်ဟောတို့ အလွန်ပင် ဝမ်းသာသွားကြလေသည်။

အကြိမ်ကြိမ် ဦးညွှတ်ကာ...

"ဆရာကြီးချန်းကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်ကြသည်။

ချန်းမင်းက...

"ကဲ..မင်းတို့ သွားကြပေတော့"

ဟု ပြောလိုက်သည်။

တီပါချင်းက သက်ပြင်းချကာ...

"တကယ်တမ်းဆိုယင် ကျွန်တော်တို့မှာ သွားစရာမရှိပါဘူး ခြေသလုံးအိမ်တိုင်သမားတွေပါ၊ ဒါကြောင့် သူများတွေ နှိပ်စက်အနိုင်ကျင့်စော်ကားတာလည်း ခံခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် ရဲဒင်းဂိုဏ်းထဲ ဝင်ပါရစေ"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ဟုန်ပော မျက်လုံးပြူးသွားသည်။

ချန်းမင်းလည်း အံ့ဩသွား၏။

သူတို့အား အကဲခတ်ကြည့်ကာ...

"ဘယ်လို မင်းတို့က ရဲဒင်းဂိုဏ်းထဲ ဝင်ချင်ကြတယ် ဟုတ်လား"

ဟု မေးလိုက်၏။

တီပါချင်းက...

"ဟုတ်ပါတယ်၊ ရဲဒင်းဂိုဏ်းဟာ ဂုဏ်ရှိန်ဝါကြီးမားပြီး အားလုံးရဲ့ရိုသေလေးစားမှုကို ခံနေရတဲ့ဂိုဏ်းပါ၊ ကျွန်တော်တို့ကိုယ်တိုင်လည်း ရဲဒင်းဂိုဏ်းထဲ ဝင်ချင်တာပါ"

ပြောယင်း ငေးငိုင်နေသော ဟုန်ပောအား တံတောင်ဖြင့် မသိမသာ တွက်လိုက်၏။

ချန်းမင်းကလည်း အကဲခတ်သည်မို့ ဟုန်ပောက ကမျာကယာ ထောက်ခံလိုက်၏။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်"



သူတို့၏စကားများ ကြားလျှင်...

"ဟား...ဟား...ဟား"

ချန်းမင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

တီပါချင်းက ဟုန်ပောအား မသိမသာ မျက်ရိပ်ပြလိုက်၏။

ရဲဒင်းဂိုဏ်းသည် စိတ်မထင်လျှင် မထင်သလို ရက်စက်သောဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ထို့ကြောင့်...

အလိုက်အထိုက် ဆက်ဆံမှ အခြေအနေကောင်းမည်ဖြစ်ကြောင်း ဟုန်ပော နားလည်သွားသည်။

အတန်ကြာမှ ချန်းမင်း ရယ်မောရာမှ ရပ်တန့်လိုက်၏။

တဖန်...

သူတို့နှစ်ဦးအား စေ့စေ့ကြည့်ကာ...

"ရဲဒင်းဂိုဏ်းထဲဝင်ဖို့ဆိုတာ လုယက်ရဲရတယ်၊ လူသတ်ရဲရတယ်၊ ဒီမှာရှိတဲ့ ရဲဒင်းဂိုဏ်းဝင်အကုန်လုံးဟာ လူသတ်ရဲတယ် မင်းတို့ကကော"

"ဒါက..."

တီပါချင်း မည်သို့ဖြေရမည်မသိ ဖြစ်သွား၏။

ထိုအခါ ဟုန်ပောက ခပ်တည်တည်ဖြင့်...

"ကျွန်တော်တို့ အခုပဲသွားပြီး လူသတ်ပါ့မယ်"

ဟု ပြောလိုက်သည်။ သူ၏စကားကြောင့်...

"ဟား...ဟား...ဟား"

ချန်းမင်းက ခွက်ထိုးခွက်လှန် ရယ်မောလိုက်လေသည်။

ရဲဒင်းဂိုဏ်းသားများလည်း ပြုံးစေ့စေ့ဖြစ်နေကြ၏။

ချန်းမင်းက အတန်ကြာအောင် ရယ်မောပြီးမှ…

"ကောင်းပြီ..မင်းတို့ လူသွားသတ်ပေတော့"

ဟု ပြောလိုက်သည်။ ဟုန်ပေါက ဦးညွတ်လိုက်၏။

ထို့နောက်…

တီပါချင်း၏လက်ကိုဆွဲကာ ထွက်ခွာသွားတော့သည်။

♦ ♦ ♦

ချန်းမင်း သက်ပြင်းချလိုက်သည်။

တီပါချင်းနှင့် ဟုန်ပေါတို့ ထွက်သွားကြပြီဖြစ်သည်။

ချန်းမင်းက ကျောက်ပါအားကြည့်ကာ…

"သူတို့နှစ်ယောက်ဟာ တစ်ချိန်မှာ ရဲဒင်းဂိုဏ်းကို အကျိုးပြုလာနိုင်တယ်"

ဟု ပြောလိုက်၏။ ကျောက်ပါ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာချန်းက ဘာကြောင့် ဂိုဏ်းဝင်အဖြစ်လက်မခံတာလဲ"

ချန်းမင်းက…

"သူတို့ဘာသာ အပြင်မှာ သွားလာလှုပ်ရှားတာက ငါတို့အတွက် ပိုပြီးအသုံးတည့်နိုင်တာပေါ့၊ နောက်ပြီးအရေးကြီးတဲ့အချက်တစ်ခုကြောင့်လည်းပါတယ်"

ကျောက်ပါက…



"ဘာများလဲ"

ချန်းမင်းက တည်ကြည်သော မျက်နှာထားဖြင့်…

"အခုအချိန်မှာ ရဲဒင်းဂိုဏ်းကို စော်ကားတဲ့လူတွေကို ဆုံးမဖို့ကလွဲယင် ကျန်တာ ဘာမှအရေးမကြီးသေးလို့ပဲ"

ဟု ပြောလိုက်သည်။

ကျောက်ပါ ပါးစပ်ပိတ်ထားလိုက်တော့သည်။

ချန်းမင်းက ကျောက်ပါအား ကျောခိုင်းကာ ထွက်လာ၏။

လေလွင့်ခြံဝင်းမှ လက်နက်မဲ့၊ သံမဏိလက်ကောက်နှင့် မှော်လုံတံတို့အား ဆုံးမရန် သူက နောက်ကွယ်မှအကူအညီအား တောင်းခံရတော့မည်။

သူက နောက်ကွယ်မှ လူနှစ်ယောက်နှင့်ပင် လုံလောက်မည်ဟု ယုံကြည်ထားသည်။ အကြောင်းကား..

ယင်းလူနှစ်ယောက်သည် 'တောင်ပင်လယ်မရဏတေးသံ' ချိုတောက်၏တပည့်ရင်းများ ဖြစ်ကြသော စိတ်ညို့စောင်းကျင်ရွှေနှင့်စောင်းတီးလက်သည်း တိတ်ချောင်းတို့ဖြစ်နေခြင်းကြောင့်ပင်။

ရဲဒင်းဂိုဏ်း၏နောက်ကွယ်တွင် ကူညီပေးမည့် လျှို့ဝှက်လူများမှာ တောင်ပင်လယ် မရဏတေးသံ၏တပည့်များဖြစ်ကြသည်ဟု မည်သူကမျှ ထင်မှတ်ထားကြမည် မဟုတ်ပါ။

ဤသည်ကား ချန်းမင်း၏ဝှက်ဖဲတစ်ချပ်သာ ဖြစ်နေတော့သည်။

♦ ♦ ♦

## ခံယူချက်

လေလွင့်ခြံဝင်း...။

လေလွင့်ခြံဝင်းအတွင်း ထူးခြားစွာ ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရချေပြီ။

ဆရာစိန်၊ အားကွေနှင့် စုလီချန်းတို့မှာ သိုင်းသမားများဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာသည်။

သိုင်းသမားပင်လျှင် တကယ့်ထိပ်တန်းသိုင်းသမားများသာ ဖြစ်ကြသည်။

ဆရာစိန်သည် နာမည်ကျော်သံမဏိလက်ကောက် ကျင်းတုထွေး၏ တပည့်ဖြစ်သလို အားကွေမှာလည်း ခေတ်ပြိုင်ကျော်ကြားခဲ့သော မှော်လုံတံဟွေ့လုံ၏ တပည့်ရင်းတစ်ယောက်သာ ဖြစ်သည်။

စုလီချန်းကား လက်နက်မဲ့ချောင်အိမ်း၏ တစ်ဦးတည်းသောတပည့် ဖြစ်နေပြန်သည်။

ယင်းကဲ့သို့ ထိပ်သီးသိုင်းဆရာကြီးများ၏ ထိပ်တန်းသိုင်း



ပညာရပ်များ အမွေရရှိထားသော အားကွေတို့သည် အဘယ်ကြောင့် မထင်မရှားလေလွင့်ခြံဝင်းထဲ၌ လာရောက်ဇာတ်မြှုပ်နေကြပါသနည်း။

အလွန်ပဟေဠိဆန်သော အဖြစ်မျိုးပင် ဖြစ်နေတော့၏။

◆ ◆ ◆

စုလီချန်း...။

သူသည် ကုန်မထမ်းတော့ပါ။

လှရှင်းသော သစ်ပင်တစ်ပင်အောက်တွင် ထိုင်ကာ ငေးငိုင်နေ၏။ သူ၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ရှိနေသည်။

သို့သော် သူက အမှုမထားပါ။

ယခု သူ၏ဇာတိရုပ်ပေါ်သွားခဲ့ချေပြီ။

သူက လေလွင့်ခြံဝင်းအတွင်း လာရောက်နေထိုင်ကာ ဇာတ်မြှုပ်နေရခြင်းအကြောင်းကို ပြန်လည်တွေးတော စဉ်းစားမိလေတော့သည်။

◆ ◆ ◆

ပန်းပွင့်စားသောက်ဆိုင်...။

ညပိုင်းမို့ လူစည်ကားနေ၏။

စုလီချန်းသည် အရက်တစ်အိုးကို ဗိမ်ခံသောက်ယင်း ဟင်း

လျာများအား စားသောက်နေ၏။

စားသောက်ယင်းမှ ရှေ့ဆက်ရမည့် အကြောင်းများအား စဉ်းစားနေ၏။

သူသည် ဆရာဖြစ်သူ ချောင်အိမ်းထံမှ 'လက်နက်မဲ့'သိုင်းပညာ အမွေအနှစ်ကို ရရှိထားခဲ့ပြီဖြစ်သည်။

ထိုသိုင်းပညာဖြင့်ပင် မတရားမှုများအား တွန်းလှန်တိုက်ဖျက်ခဲ့သည်။

ဒုစရိုက်မှုများကိုလည်း ကြုံလျှင်ကြုံသလို ခရီးသွားဟန်လွှဲ တိုက်ဖျက်ခဲ့သည်။

သူသည် ခြေဦးတည့်ရာ ကျက်စားယင်းမှ ဤနယ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဤမြို့သည် ခေါင်လွန်း၍ တည်းခိုခန်းမရှိပါ။

ထို့ကြောင့်...

သူက မြို့ပြင်ဇရပ်၌ အိပ်ရန် စဉ်းစားထားပြီးဖြစ်သည်။

အတန်ကြာပြီးနောက် စုလိချန်းသည် စားသောက်မှုကို လက်စသတ်လိုက်၏။

ဆိုင်လုလင်အားခေါ်ကာ စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်သည်။ ထို့နောက်...

စားပွဲပေါ်တင်ထားသော အထုပ်ကလေးအားဆွဲကာ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆



ည...။

ကောင်းကင်ပေါ်တွင် လမရှိပါ။

ကြယ်ကလေးများ၏ အလင်းရောင်သာ မှိတ်တုတ်မှိတ်တုတ်ဖြင့် ရှိနေသည်။

စုလိချန်းသည် မြို့ပြင်လမ်းအတိုင်း တစ်ကိုယ်တည်း လျှောက်လှမ်းလာနေ၏။

အတန်ကြာ လျှောက်လှမ်းလာပြီး သစ်ပင်တစ်ပင်အနီးသို့ ရောက်လာသောအခါ...

"ရပ်လိုက်"

ဟန့်တားသံ တစ်ချက်ထွက်ပေါ်လာသည်။

တဆက်တည်းပင် သစ်ပင်နောက်ကွယ်မှ ဓားကိုယ်စီကိုင်ဆောင်ထားသော လူသုံးဦး ထွက်ပေါ်လာသည်။

စုလိချန်း ခြေလှမ်းရပ်သွားသည်။

ထိုလူသုံးဦးအား စူးစမ်းဟန်ဖြင့် ကြည့်လိုက်သည်။

ထိုလူသုံးယောက်ထဲမှ ပိန်ရှည်ရှည်နှင့်လူက...

"ဟေ့လူ..ဒုက္ခမရောက်ချင်ယင် ပါသမျှ အကုန်ထုတ်ပေးစမ်း"

ခက်ထန်သောလေသံဖြင့် ပြောလာသည်။

စုလိချန်း ပြုံးလိုက်သည်။

ဒုစရိုက်သမားများနှင့် တွေ့ဆုံပြီဟု နားလည်မိသည်။

သူက မှတ်လောက်သားလောက်အောင် ဆုံးမရန် စဉ်းစားလိုက်၏။

ပိန်ရှည်ရှည်နှင့်လူအား ကြည့်ယင်း....

"ကျုပ်ဆီက လုယက်နေတာလား"

ဟု မေးလိုက်သည်။ ပိန်ရှည်ရှည်နှင့်လူက...

"ဟုတ်တယ်"

စုလီချန်းက ပြုံးယင်း....

"ဒါဖြင့် လာယူပါ"

"မင်း"

"ခင်ဗျားတို့က လုယက်မယ် မဟုတ်လား၊ လာယူလေ"

ပိန်ရှည်ရှည်နှင့်လူ ဒေါပွသွား၏။

"မင်းက မခန့်လေးစားလုပ်နေတာကိုး၊ တွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် အဖော်နှစ်ယောက်အား မေးဆတ်ပြလိုက်သည်။ အဖော်နှစ်ယောက်က စုလီချန်းထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်ကြလေသည်။

သူတို့ တိုက်ခိုက်ပုံကို ကြည့်ပြီး စုလီချန်း မျက်မှောင်ကုပ်သွားလေသည်။

"ဟင်"

"ဟာ"

ထိုလူနှစ်ဦး ပြူးပြူးပျာပျာ ဖြစ်သွားကြသည်။

အထိတ်တလန့်ဖြင့်လည်း နောက်ဆုတ်သွားကြသည်။

ပိန်ရှည်ရှည်နှင့်လူက...

"သြော် မင်းက ဒီလိုလား"



ဓားဝှေ့ယမ်းကာ ခုန်ဝင်လာသည်။

စုလီချန်းက ထိုလူ၏လက်ထဲမှ ဓားအား ဖျတ်ခနဲ လုယူလိုက်၏။

တဆက်တည်းပင် ဇက်ပိုးအား ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်၏။

"ဖြန်း"

"အမယ်လေးဗျ"

ပိန်ရှည်ရှည်နှင့်လူ ရှေ့သို့ ငိုက်ကာ လွတ်ခနဲ အော်လိုက်၏။

စုလီချန်းက သူ၏အင်္ကျီစအား ဆွဲကာ အပေါ်မြှောက်တင်လိုက်၏။

ပိန်ရှည်ရှည်နှင့်လူမှာ လေထဲ ယက်ကန်ယက်ကန်ဖြင့် မြောက်ပါလာ၏။

"အမယ်လေး ကြောက်ပါပြီဗျ"

ပိန်ရှည်ရှည်နှင့်လူ ကြောက်လန့်တကြား အော်ဟစ်နေ၏။

သူ၏အဖော်နှစ်ယောက်မှာလည်း ဒူးများတဆတ်ဆတ်တုန်ကာ ထွက်ပြေးဝံ့ကြပါချေ။ စုလီချန်းက...

"ကျုပ်ဆီက လုယူချင်သေးလား"

"မ..မယူဝံ့တော့ပါဘူးဗျာ"

စုလီချန်းက အင်္ကျီစအား လွှတ်ပေးလိုက်၏။

ပိန်ရှည်ရှည်နှင့်လူ မြေပေါ် ခွေခွေလေး ကျသွားသည်။

စုလီချန်းက ဓားများကို လွှင့်ပစ်လိုက်ယင်း...

"ပြောစမ်း၊ ဘာကြောင့် လုယက်ချင်ရတာလဲ"

လေသံမာမာဖြင့် မေးလိုက်သည်။

ပိန်ရှည်ရှည်နှင့်လူက လူးလဲထယင်း...

"ကျုပ်..ကျုပ်တို့မှာ စားသောက်ဖို့ ငွေမရှိလို့ပါဗျာ"

"ဘာဗျ"

စုလိချုန်း၏အသံ ဟိန်းထွက်လာသည်။

ပိန်ရှည်ရှည်နှင့်လူအား စိုက်ကြည့်ယင်း...

"ရှာဖွေလုပ်ကိုင်စားပါလား"

ပိန်ပိန်ရှည်ရှည်နှင့်လူက ငိုသံပါကြီးဖြင့်...

"အစက ကျုပ်တို့ဟာ ငွေကြေးချောင်လည်ကြပါတယ်၊ လောင်းကစားဖက်မိတဲ့ အချိန်ကစပြီး နေစရာအိမ်တောင် မရှိအောင် ချွတ်ခြုံကျသွားတာပါ၊ ကျုပ်တင် မဟုတ်ပါဘူး၊ အခြားလောင်းကစားတဲ့သူတိုင်း မွဲတေသွားရတာချည်းပါပဲ၊ ဒါကြောင့် ဒုစရိုက်မှုတွေ မလုပ်ချင်ဘဲ လုပ်နေရတာပါ"

စုလိချုန်း စိတ်ဝင်စားသွားသည်။

"လောင်းကစားဝိုင်းတွေက တမင် ကလိန်ကျ လှည့်စားနေတယ်ဆိုတာ ထင်ရှားနေတာပဲ"

ပိန်ရှည်ရှည်နှင့်လူ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဘယ်သူမှ မပြောရဲကြဘူး"

စုလိချုန်း မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"လောင်းကစားဝိုင်းတွေ၊ တခြားမကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကို အားပေးအားမြှောက်ပြုပြီး နောက်ကွယ်က ဒုစရိုက်



ဂိုဏ်းကြီးတစ်ခုက ကြိုးကိုင်နေလို့ပါပဲ"

စုလိချုန်းက...

"ကျုပ်ကို ရှင်းအောင် ပြောစမ်းပါ"

ပိန်ရှည်ရှည်နှင့်လူက သက်ပြင်းတစ်ချက်ချကာ...

"ယောင်ကျန်းနယ်မှာ ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်း ရှိတယ်၊ အဲဒီ ဂိုဏ်းကြီးက ကြိုးကိုင်နေတယ်လို့ သိရပါတယ်၊ ဒီထက် ပိုပြီး ကျုပ်လဲ မသိတော့ဘူး"

ဟု ပြောလိုက်သည်။ စုလိချုန်း ပင့်သက်ရှိုက်ဖိုက်သည်။

ဒုစရိုက်မှု အားပေးအားမြှောက်သူများ ရှိနေသရွေ့ မကောင်းမှု သံသရာသည် လည်ပတ်၍ ဆုံးတော့မည် မဟုတ်ချေ။

စုလိချုန်းက ငွေတုံးတစ်တုံး ပစ်ပေးယင်း...

"ခင်ဗျားတို့နောက်ကို လုယက်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့တော့"

"ဟုတ်..ဟုတ်ကဲ့၊ ကျုပ်တို့ ဆင်ခြင်ပါ့မယ်"

"ကဲ..ကဲ၊ သွားတော့"

ပိန်ရှည်ရှည်နှင့်လူသည် ငွေတုံးလေးအား ကောက်ယူလိုက်၏။

ထို့နောက် အဖော်နှစ်ယောက်အား ခေါ်ကာ သုတ်ခြေတင်၍ ထွက်ခွာ သွားကြလေသည်။

စုလိချုန်းသည် မျက်စိတစ်ဆုံး ငေးကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆

ယောင်ကျန်းနယ်…

ဒုစရိုက်မှု အလွန်များသော နယ်ကြီးပင် ဖြစ်သည်။

စုလီချန်းသည် ယောင်ကျန်းနယ်ထဲ ရောက်ရှိလာသည်။

သူသည် တကယ့် ဒုစရိုက်ဂိုဏ်း ပင်မ,အား ဖြိုခွဲနိုင်မှ အခြားသော ဒုစရိုက်မှုများ ဆိတ်သုဉ်းသွားမည်ဟု နားလည်မိသည်။

ထို့အတွက် သေသေချာချာ စုံစမ်းထောက်လှမ်းရန် အချိန်လိုအပ်ပေသည်။

သူက မည်သည့်နေရာတွင် စတည်းချရမည်ကို ဦးစွာ စဉ်းစားလာမိသည်။

ဤတွင် လေလွင့်များ စုဝေးရာ ခြသေ့်ခြံဝင်းအကြောင်း စုံစမ်းမိခဲ့သည်။

ခြသေ့်ခြံဝင်း(ဝါ)လေလွင့်ခြံဝင်းသည် သူ့အတွက် ကိုယ်ရောင်ဖျောက်၍ အကောင်းဆုံးနေရာ ဖြစ်သည်ဟု လက်ခံထားသည်။

ထို့ကြောင့် သူက ကုန်ထမ်းသမားအဖြစ် ဟန်ဆောင်ကာ လေလွင့်ခြံဝင်းအတွင်း ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်တော့သည်။

◆ ◆ ◆

စုလီချန်း သက်ပြင်းချလိုက်သည်။

ယောင်ကျန်းနယ် ဒုစရိုက်မှုများအား ကြိုးကိုင်သည်မှာ ရဲဒင်းဂိုဏ်း ဖြစ်မှန်း သူက သိရှိခဲ့ရပြီ ဖြစ်သည်။



လေလွင့်ခြံဝင်းအတွင်း ဆက်လက်နေထိုင်သည်ဖြစ်စေ၊ ထွက်ခွာသွားသည်ဖြစ်စေ ရဲဒင်းဂိုဏ်းအား ကြိုးစား၍ ဖြိုခွဲပေတော့မည်။

ရုတ်တရက်…

သူ၏မျက်လုံးထဲ အားကွေနှင့် ဆရာစိန်တို့ မျက်နှာများအား မြင်ယောင်လာမိသည်။

အားကွေနှင့် ဆရာစိန်တို့သည် သူ၏ဆရာနှင့်အတူ ခေတ်ပြိုင်ကျော်ကြားခဲ့သော သံမဏိလက်ကောက်ကျင်းတုတွေးနှင့် မှော်လုံတံဟွေ့လုံတို့၏ တပည့်များ ဖြစ်ကြောင်း သိရှိခဲ့ပေပြီ။

သူတို့နှစ်ယောက်သည်လည်း မည်သည့်ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာပါသနည်း။

လေလွင့်ခြံဝင်းအတွင်း သူကဲ့သို့ပင် ဒုက္ခခံ နေထိုင်ခဲ့သော အားကွေနှင့် ဆရာစိန်တို့ထံတွင်လည်း အကြံအစည်များ ရှိနေမည်ဟု သူက ခန့်မှန်းမိပေသည်။

မည်သို့သော အကြံအစည်ဟူသည်ကိုကား သူက မစဉ်းစားတတ်ပါတော့ချေ။

◆ ◆ ◆

အားကွေသည် ဂျုံများနယ်ရန်ပင် မေ့လျော့နေ၏။

ခါတိုင်းဆိုလျှင် သူက ဂျုံများ စတင်နယ်နေပြီ ဖြစ်သည်။

ယခုမူ...

သူက ပြတင်းပေါက်အနီး၌ ရပ်ကာ အပြင်ဘက်သို့ ငေး ကြည့်နေလေသည်။

ငေးကြည့်နေယင်းမှ သိုင်းလောကဝယ် နာမည်ကြီးခဲ့သော ဆရာဖြစ်သူ မော်လုံတံဟွေ့လုံ၏ မျက်နှာအား ပြန်လည်မြင်ယောင် လာမိသည်။

သူသည် ဆရာဖြစ်သူ၏ အမှာစကားအား နားထောင်ယင်းမှ ဤနေရာသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

သို့မဟုတ်ပါက သူ့အနေဖြင့် လေလွင့်ခြိဝင်းအတွင်း ရောက်လာစရာ မလိုပါချေ။

အားကွေသည် ဆရာဖြစ်သူ၏ နောက်ဆုံးချိန်နှင့် အမှာစကားကို ပြန်လည်၍ မြင်ယောင်ကြားယောင်လာမိလေတော့သည်။

◆ ◆ ◆



## အမှာစကား

"အဟွပ်..အဟွပ်"

ချောင်းဆိုးသံများ အဆက်မပြတ် ထွက်ပေါ်နေ၏။

အားကွေသည် ဆေးခွက်နှင့် ဆန်ပြုတ်ပန်းကန်အား ကိုင်ကာ အခန်းအတွင်း ခပ်သွက်သွက် ဝင်ရောက်သွားသည်။

အခန်းတွင်း၌ ကွပ်ပျစ်တစ်လုံး ရှိနေ၏။

ကွပ်ပျစ်ပေါ်ဝယ် အရိုးပေါ် အရေတင်ကာ ပိန်ချုံးချည့်နဲ့ နေသည့် လူမမာအဘိုးအိုတစ်ယောက် လဲလျောင်းနေသည်။

အဘိုးအို၏မျက်လုံးများသည် အတွင်းဘက် ရောက်ရှိနေကာ အရောင်မှေးမှိန်ပျောက်ကွယ်လုဆဲဆဲ ရှိနေ၏။

ဇရာ၏ဖိထောင်းနှိပ်စက်မှုအား အလူးအလဲ ခံနေရပြီး ကျန်းမာရေး ချို့ယွင်းနေသည့် လူမမာအဘိုးအိုသည် သိုင်းလောကဝယ် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် မော်လုံတံဟွေ့လုံဆိုပါက မည်သူမျှ ယုံကြည်နိုင်ကြလိမ့်မည် မဟုတ်ပါချေ။

မှော်လုံတံဟွေ့လုံသည် မည်မျှပင် အောင်မြင်ကျော်ကြားခဲ့စေကာမူ အသက်အရွယ် ကြီးရင့်၍ ကျန်းမာရေး ချွတ်ယွင်းသော ဇရာကိုကား မလွန်ဆန်နိုင်ခဲ့ပါ။

အားကွေသည် တစ်နေ့တစ်ခြား ကျန်းမာရေးဆိုးရွားလာသော ဆရာဖြစ်သူအား ကြည့်ကာ စိတ်မကောင်း ဖြစ်နေမိသည်။

သူက ဆန်ပြုတ်ပန်းကန်နှင့် ဆေးခွက်အား ကွပ်ပျစ်ဘေးရှိ ခုံပေါ်တွင် တင်ယင်း...

"ဆရာ ချောင်းဆိုးလာပြန်ပြီလား၊ ဆေးသောက်ရအောင်၊ ကျွန်တော် ဆန်ပြုတ်လဲ ယူလာခဲ့တယ်"

ပြောယင်း ဆရာဖြစ်သူအား နေသာထိုင်သာ ရှိစေရန် ပြုလုပ်ပေးလိုက်၏။

ဟွေ့လုံက ချောင်းတစ်ချက်ဆိုးယင်း...

"အားကွေ၊ ငါ့အတွက် ဒုက္ခမရှာနဲ့တော့၊ ငါ့ကြောင့် မင်းရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ ပွဲကုန်ပြီ"

အားကွေက...

"ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်၊ ဆရာဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံးပါပဲ၊ ကျန်တာတွေ ကျွန်တော်ခေါင်းထဲ ထည့်မထားပါဘူး"

ဟွေ့လုံ သက်ပြင်းချလိုက်သည်။

"ငါက အသက်ကြီးနေပြီ၊ ငါ့အတွက် အရာအားလုံးဟာ မတည်မြဲတော့ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းကို ပညာကုန်ပေးနိုင်ခဲ့တဲ့အတွက် ငါကျေနပ်တယ်၊ ဒီပညာတွေနဲ့ မင်းဟာ အများအကျိုး



သယ်ပိုးဆောင်ရွက်ရမယ်၊ ငါမလုပ်နိုင်ပေမယ့် မင်းက ငါ့ကိုယ်စား ဆက်လုပ်သွားရမယ်"

"ဆရာ ပြီးမှပဲ စကားပြောပါ၊ အခု ဆေးသောက်ရအောင်"

ဟွေ့လုံ မချိပြုံးပြုံးလိုက်သည်။

"ဆေးသောက်လဲ ငါ့အခြေအနေ ကောင်းလာမှာ မဟုတ်ဘူးဆိုတာ ငါသိထားပါတယ်"

"ဆရာ"

"အားကွေ၊ ငါပြောချင်တာတွေ၊ ငါမှာချင်တာတွေ မင်းနားထောင်ပါ"

အားကွေ စိတ်လျှော့လိုက်၏။

"ဟုတ်ကဲ့ပါ ဆရာ"

ဟွေ့လုံက သက်ပြင်းချယင်း...

"ဒုစရိုက် မကောင်းမှုဆိုတာ နေရာအနှံ့မှာ ရှိတယ်၊ ကြီးတာ၊ သေးတာ၊ အမိကကျတာ၊ မကျတာ၊ ဒါတွေပဲ ကွာတယ်၊ ငါ မင်းကို တစ်ခုမှာခဲ့ချင်တယ်"

အားကွေ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

ဟွေ့လုံက တည်ကြည်သော မျက်နှာထားဖြင့်...

"ယောင်ကျန်းနယ်ထဲမှာ ဒုစရိုက်ဂိုဏ်းကြီးတစ်ခု ရှိတယ်၊ အင်အားကောင်းသလို ကျောထောက်နောက်ခံလဲ ကောင်းတယ်၊ ဒါကို မင်းစုံစမ်းဖော်ထုတ်ပြီး ချေမှုန်းပစ်ရမယ်ဆိုတာ သေသေချာချာ မှတ်ထားပါ၊ ငါသေသွားလို့ ရှိယင်မင်း ယောင်ကျန်းနယ်ကို

သွားပြီး ငါမှာခဲ့တဲ့အတိုင်း ဆောင်ရွက်ရမယ်"

"ဆရာ"

"နေဦး၊ မင်း ငါ့ကို ကတိပေးနိုင်မလား"

အားကွေ ခေါင်းညိတ်လိုက်၏။

"ကတိပေးပါတယ် ဆရာ"

သူ၏ကတိစကား ကြားရလျှင် ပှေ့လုံ ကျေနပ်သွားမိလေသည်။ အားကွေက...

"ဆရာ ဆေးသောက်လိုက်ပါဦး"

ယခုတစ်ကြိမ် ပှေ့လုံက မငြင်းပါ။

အားကွေက ဆေးနှင့်အတူ ဆန်ပြုတ်ကိုပါ တိုက်လိုက်၏။

ထို့နောက်...

ဆရာဖြစ်သူအား သက်သောင့်သက်သာ လဲလျောင်းစေရန် ပြုလုပ်ပေးလိုက်သည်။

နောက်နေ့များတွင်လည်း သူက ဂရုတစိုက် ပြုစုခဲ့၏။

သို့သော် ပှေ့လုံ အခြေအနေမှာ တစ်နေ့တစ်ခြား ဆိုးရွားလာသည်။

နောက်ဆုံး ရောဂါဖောက်ကာ သေဆုံးသွားခဲ့လေသည်။

အားကွေသည် ဆရာဖြစ်သူ၏ အမှာစကားအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့တော့သည်။

◆ ◆ ◆



အပြင်ကို ငေးကြည့်နေသော အားကွေထံမှ သက်ပြင်းချသံ သဲ့သဲ့ ထွက်ပေါ်လာသည်။

သူသည် ဆရာဖြစ်သူ သေဆုံးသွားပြီး နောက်ပိုင်း ယောင်ကျန်းနယ်သို့ ရောက်လာခဲ့၏။

လေလွင့်ခြံဝင်း၌ ဓာတ်မြှုပ်ကာ ဒုစရိုက်ဂိုဏ်းများ အကြောင်း စုံစမ်းခဲ့သည်။

ရဲဒင်းဂိုဏ်းသည် အင်အားကြီးမားပြီး နောက်ကွယ်တွင် ကျောထောက်နောက်ခံများ ရှိနေ၍ ဆိုးမိုက်နေခြင်း ဖြစ်ကြောင်း သိရှိခဲ့၏။

သူက စုံစမ်းနေဆဲမှာပင် ရဲဒင်းဂိုဏ်းနှင့် ရင်ဆိုင်မိခဲ့ခြင်းပင် ဖြစ်သည်။

"စုလီချန်းဟာ လက်နက်မဲ့ရဲ့တပည့်ပဲ၊ သူက ဘာကြောင့် ဒီကို ရောက်နေရတာလဲ၊ ဆရာစိန်ကကော သူတို့တွေ ရောက်လာတာဟာလဲ ရဲဒင်းဂိုဏ်းနဲ့ ပတ်သက်နေလို့များလား"

အားကွေက စုလီချန်းနှင့် ဆရာစိန်တို့ အကြောင်းကိုလည်း တဆက်တည်း တွေးကာ စဉ်းစားလိုက်မိ၏။

သူက လက်နက်မဲ့သိုင်းနှင့် သံမဏိလက်ကောက် သိုင်းပညာအား လေ့လာကြည့်ရန်လည်း စဉ်းစားမိသည်။

"အခြေအနေပေးယင် စုလီချန်းနဲ့ ဆရာစိန်တို့ရဲ့ သိုင်းပညာကို ဖလှယ်ကြည့်ရမယ်"

◆ ◆ ◆

သူတို့နှစ်ဦး တွေးနေသလိုပင် ဆရာစိန်သည်လည်း အတွေးနယ်ချဲ့နေမိသည်။

သူက လေလွင့်ခြံဝင်းအတွင်း လက်နက်မဲ့နှင့် မှော်လုံးတံတို့၏ တပည့်များ ရှိနေသည်ကို မသိခဲ့ပါချေ။

ဆရာစိန် တစ်ချက်ပြုံးလိုက်၏။

"ငါက ကိုယ့်ကိုယ်ကို အတော်ပိရိတယ်လို့ ထင်နေတာ၊ သူတို့နှစ်ယောက်ကလဲ အတော်ပိရိတာပါပဲလား"

ရုတ်တရက် ကျီးငှက်တစ်ကောင်သည် တအားအားအော်ယင်း သူ၏မြင်ကွင်းရှေ့မှ ဖြတ်၍ ပျံသန်းသွားသည်။

ကျီးကန်းအား ကြည့်ယင်း ဆရာစိန် မျက်မှောင်ကုပ်သွားမိသည်။

"ကျီးကန်း"

ဟုလည်း ရေရွတ်လိုက်မိသည်။

သူရေရွတ်သော ကျီးကန်းသည် လူတစ်ယောက်၏အမည်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့်...

အလွှ်ရက်စက်ကြမ်းကြုတ်သည့် တစ်ကိုယ်တော်လူဆိုး 'ကျီးကန်း'ဆိုသူ ဖြစ်သည်။

ကျီးကန်းကြောင့်လည်း လေလွင့်ခြံဝင်းအတွင်း နေထိုင်ရန် အကြောင်းဖန်လာခဲ့သည် မဟုတ်ပါလား။

သူ၏အတွေးများက ကျီးကန်းနှင့် ဆုံတွေ့ခဲ့ရသည့် အချိန်သို့ ရောက်ရှိသွားလေတော့သည်။

◆ ◆ ◆



## ကျီးကန်းနှင့်ပြိုင်ဘက်လမ်းညွှန်

"ဂစ်"

ညဥ့်ငှက်တစ်ကောင်၏ အော်မြည်သံ ထွက်ပေါ်လာသည်။

အမှောင်ထုအောက်ဝယ် ဇရပ်ပျက်မှာ ထီးထီးကြီး ရှိနေပါသည်။

လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာ၏။

လေနှင့်အတူ မည်းမည်းသဏ္ဍာန် လူရိပ်တစ်ခုသည် ရွေ့လျားလာ၏။

လူရိပ်သည် ဇရပ်ပျက်ဆီသို့ ဦးတည်လာနေခြင်း ဖြစ်သည်။

မကြာမီ...

ဇရပ်ပျက်ပေါ်သို့ ရောက်ရှိလာ၏။

ထိုလူသည် မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ဦး ဖြစ်သည်။

သူက ဇရပ်ပေါ်သို့ ရောက်လျှင် ဟိုဟိုသည်သည် လှည့်ပတ်ရှာဖွေယင်း...

"သူ မရောက်သေးဘူး ထင်တယ်"

ဟု ရေရွတ်လိုက်၏။

ယင်းခဏမှာပင်...

"မင်းက ငါ့ကို ရှာနေတာလား"

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာပြီး တုတ်တန်းပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်။

ထိုလူကား ဆရာစိန်ပင် ဖြစ်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက...

"ခင်ဗျားရောက်နေပြီကိုး"

ဆရာစိန်က တစ်ချက်ရယ်ယင်း...

"ကျုပ်က မင်းကို စောင့်ယင်း အိပ်တောင်ပျော်သွားတယ်"

ဟု ပြောလိုက်၏။

မီးခိုးရောင်ဝတ်ဆင်ထားသူက...

"ကျုပ်က သတင်းအတိအကျရဖို့ နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းနေရလို့ နည်းနည်းလေး နောက်ကျသွားတာပါ"

ဆရာစိန် လက်ကာပြလိုက်၏။

"ထားလိုက်ပါတော့၊ အခု ငါစုံစမ်းခိုင်းထားတဲ့သတင်း ရခဲ့တယ်ပေါ့"

မီးခိုးရောင်ဝတ်ဆင်ထားသူက ပြုံးယင်း...

"ကျုပ်က မြေကြွက်လို့ နာမည်တွင်တာ ဘာကြောင့်လဲ



ခင်ဗျား မမေးတော့ဘူးလား"

မြေကြွက်...

မြေကြွက်သည် မြေအောက်လောကသားတစ်ဦး ဖြစ်ပြီး သတင်းရောင်းဝယ်သူတစ်ဦးလည်း ဖြစ်သည်။

အခကြေးငွေ များပြားသလို သူ့ထံမှရရှိသော သတင်းတိုင်းသည် ဆံချည်မျှင်မျှပင် မလွဲပါချေ။

ဆရာစိန် သက်ပြင်းချလိုက်၏။

"မင်းကို ငါယုံပါတယ်၊ ဒါကြောင့်လဲ မင်းတောင်းတဲ့ ဈေးထက် ပိုပေးခဲ့တာပေါ့"

မီးခိုးရောင်ဝတ်ဆင်ထားသူ(ဝါ)မြေကြွက်က...

"ဒါကြောင့်လဲ ဘယ်သူမှ မစုံစမ်းရဲတဲ့ ကျီးကန်းရဲ့ သတင်းကို ကျုပ်က စုံစမ်းပေးဖို့ သဘောတူခဲ့တာပေါ့ဗျာ"

ဆရာစိန်က...

"ကဲပါ၊ လိုရင်းပြောကြရအောင်"

မြေကြွက် ခေါင်းညိတ်လိုက်သည်။

"ကျီးကန်းဟာ လပြည့်နေ့မှာ ထင်းရှူးတောင်ပေါ်မှာ ရှိနေလိမ့်မယ်၊ ကြိုက်တဲ့အချိန် ခင်ဗျားသွားတွေ့နိုင်တယ်"

ဆရာစိန် မျက်မှောင်ကုပ်သွား၏။

"မင်းဟာက တိကျလွန်းလှချည်လား၊ သေကောသေချာရဲ့လား"

မြေကြွက်က...

"သိပ်သေချာတာပေါ့၊ ဘာကြောင့်လဲဆိုယင် ကျီးကန်းဟာ

လပြည့်နေ့တိုင်း ထင်းရှူးတောင်ပေါ်မှာ သိုင်းပညာတစ်မျိုး တိတ်တဆိတ် လေ့ကျင့်နေတတ်လို့ပဲ"

ဆရာစိန် သဘောကျစွာ ပြုံးလိုက်၏။

"မင်းရဲ့သတင်းကို ကျုပ်ယုံကြည်ပါတယ်"

ပြောယင်း ငွေထုပ်လေးအား ပစ်ပေးလိုက်၏။

"ဒါက‥"

ဆရာစိန်က အေးတိအေးစက်ဖြင့်…

"မင်းအတွက် စုံစမ်းခအပြင် အပိုဆုပေးတာပါ၊ နောက်တစ်ခါ ငါတို့ ပတ်သက်စရာ မလိုတော့ဘူးလို့ မြဲမြဲမှတ်ထားပါ"

မြေကြွက်က ငွေထုပ်လေးအား သိမ်းဆည်းလိုက်ပြီ….

"ဒါတော့ စိတ်ချ၊ ကျုပ်ကလဲ ခင်ဗျားနဲ့ ထပ်မဆုံချင်တော့ဘူး၊ ဘာကြောင့်လဲဆိုယင် ခင်ဗျားဟာ ကျီးကန်းထက် ပိုပြီး ကြောက်စရာကောင်းမှန်း ကျုပ်က အလိုလို နားလည်ထားလို့ပါပဲ"

စကားဆုံးလျှင် နှုတ်မဆက်ဘဲ ထွက်ခွာသွားသည်။

ဆရာစိန်ကလည်း ဟန့်တားခြင်း မရှိခဲ့ပါချေ။

◆ ◆ ◆



ကျီးကန်း….

အလွန်ဆိုးသွမ်းရက်စက်သော တစ်ကိုယ်တော် လူဆိုးကြီး တစ်ဦး ဖြစ်သည်။

သိုင်းပညာတော်သလို လျှို့ဝှက်စွာ နေထိုင်တတ်၏။

ထို့ကြောင့်…

ဆုံးမလိုသူများသည် ကျီးကန်းအား ခြေရာခံမရဘဲ ရှိနေ၏။

ယခု ဆရာစိန်သည် ကျီးကန်းအား ခြေရာခံမိသွားပြီ ဖြစ်သည်။

ဆရာစိန်သည်လည်း ကျီးကန်းအား ဆုံးမလိုသူတစ်ဦးပင် ဖြစ်သည်။

ကျီးကန်း ကံကောင်းနိုင်ပါမည်လော။

◆ ◆ ◆

လပြည့်ည…

ကောင်းကင်ပေါ်ဝယ် လဝန်းထိန်ထိန်သာနေ၏။

ထင်းရှူးတောင်တစ်ခုလုံး လရောင်ခြုံလွှမ်းထားသည်။

တောင်ထိပ်မြေကွက်လပ်ဝယ် လူတစ်ယောက်သည် သိုင်းလေ့ကျင့်နေ၏။

ထိုလူ၏တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံ ခြုံလွှမ်းထားသည်။

လှုပ်ရှားလိုက်တိုင်း ဝတ်ရုံဖားဖားကြီးမှာ လေနှင့်အတူ လွင့်ပျံ့နေ၏။

ထိုလူကား အနက်ရောင်လူဆိုး 'ကျီးကန်း'ပင် ဖြစ်သည်။

ကျီးကန်းသည် လပြည့်ည 'ဝံပုလွေ' သိုင်းပညာအား လျှို့ဝှက်စွာ လေ့ကျင့်နေခြင်း ဖြစ်သည်။

သူ၏သိုင်းပညာသည် တဆင့်ထက်တဆင့် တိုး၍ အောင်မြင်လာခဲ့ပြီ ဖြစ်သည်။

ကျီးကန်းသည် အဆက်မပြတ် လှုပ်ရှားနေရာမှ ရုတ်ခြည်းပင် ရပ်တန့်သွားသည်။

နောက်သို့လည်း ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ…

လက်နှစ်ဖက် နောက်ပစ်၍ ရပ်နေသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ကျီးကန်း ရင်ထိတ်သွားသည်။

ထိုလူ မည်သည့်အချိန်ကတည်းက ရောက်ရှိနေမှန်း သူမသိပါ။ မသိစိတ်၏ လှုံ့ဆော်မှုကြောင့်သာ နောက်သို့ လှည့်ကြည့်မိရာမှ တွေ့လိုက်ရခြင်း ဖြစ်သည်။



"ခင်ဗျား ဘယ်သူလဲ"

ကျီးကန်းက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ကာ မေးလိုက်၏။

ထိုလူက ပြုံးယင်း…

"ဆရာစိန်လို့တော့ ခေါ်ကြတာပဲ"

ဟု ဖြေလိုက်၏။ မှန်ပေသည်။

ထိုလူကား ကျီးကန်းအား ဆုံးမရန် ရောက်ရှိလာသော ဆရာစိန်ပင် ဖြစ်သည်။

ကျီးကန်းက ခက်ထန်သော လေသံဖြင့်…

"ခင်ဗျား ဘာလာလုပ်တာလဲ သေချင်လို့လား"

ဆရာစိန် ခေါင်းယမ်းလိုက်သည်။

"ကျုပ် မသေချင်သေးပါဘူး၊ ဘာကြောင့်လဲဆိုယင် ကျုပ်က မင်းကို ဆုံးမဖို့ လာခဲ့တာမို့ပါ"

"ဘာဗျ"

ကျီးကန်း ရှူးရှူးရှားရှား ဖြစ်သွားသည်။

ရက်စက်ကြမ်းကြုတ်သူပီပီ ဆရာစိန်အား သုတ်သင်ရှင်းလင်းပစ်လိုစိတ်များလည်း ဖြစ်ပေါ်လာသည်။

သူက တစ်ချက်ရယ်မောယင်း…

"ကောင်းတယ်၊ ကျုပ်ကလဲ အခု လေ့ကျင့်နေတဲ့ သိုင်းပညာကို စမ်းသပ်ချင်တာနဲ့ အတော်ပဲ ဖြစ်သွားတာပေါ့ဗျာ၊ ကဲ လာပါ"

သူက မြေကွက်လပ်သို့ ဖိတ်ခေါ်လိုက်၏။

ဆရာစိန်က မငြင်းပါ။

ခြေလှမ်းမှန်မှန်ဖြင့်ပင် မြေကွက်လပ်ထဲ လှမ်းဝင်လိုက်လေသည်။

ကျီးကန်းက သူ့အား စေ့စေ့ကြည့်ယင်း...

"ခင်ဗျား စမလား ကျုပ် စရမလား"

ဆရာစိန်က...

"မင်း အရင်စပါ"

"ကောင်းပြီ၊ သတိထားပေတော့"

ကျီးကန်းက အော်ဟစ်သတိပေးယင်း စတင်တိုက်ခိုက်လာ၏။

သူက လက်ငါးချောင်းကို အသုံးပြုကာ တိုက်ခိုက်လာခြင်းဖြစ်၏။

သူ၏တိုက်ခိုက်မှုသည် အလွန်ပင် ရက်စက်ကြမ်းကြုတ်လှပေသည်။

ဆရာစိန်၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွား၏။

သူက လက်နှစ်ဖက်အား လှုပ်ခါလိုက်လျှင် သံမဏိလက်ကောက်များ ထွက်ပေါ်လာသည်။

သံမဏိလက်ကောက်များ အသုံးပြုကာ ကျီးကန်းအား ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆



လေဝေ့ယမ်း တိုက်ခတ်လာသည်။

ထင်းရှူးတောင်ပေါ်၌ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

ကျီးကန်းသည် မြေကွက်လပ်ထဲ၌ လဲကျနေ၏။

သူ၏ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်း နီရဲနေပေသည်။

ဆရာစိန်သည် ကျီးကန်းအား စိုက်ကြည့်နေသည်။

ကျီးကန်းသည် အသက်ကို ခဲယဉ်းစွာ ရှုလိုက်ပြီးနောက်...

"ခင်ဗျားဟာ သံမဏိလက်ကောက် သိုင်းပညာတတ်နေမှတော့ ကျုပ်ကို အနိုင်ရလဲ ဘာအရေးလဲ၊ ခင်ဗျားသာ ရဲဒင်းဂိုဏ်းချုပ်ရဲ့ ဆရာနဲ့ ယှဉ်ယင် မရှုမလှ ရှုံးသွားမယ်လို့ ကျုပ်ပြောရဲတယ်"

ဆရာစိန်မှာ သံမဏိလက်ကောက်ပညာ အစွမ်းထက်မြက်သည်ကို နားလည်ထားရကား မခံချင်ဘဲ ဖြစ်သွား၏။

"စိတ်ချ၊ ကျုပ်က သွားပြီး ဆုံးမဦးမယ်"

"ခင်ဗျားဒုက္ခရောက်မှာ မြင်ယောင်သေးတယ်"

ကျီးကန်းက ပြောယင်း သွေးများ အန်ထုတ်ကာ သေဆုံးသွားလေတော့သည်။

◆ ◆ ◆

ဆရာစိန် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ကျိုးကန်း၏စကားအတိုင်း မခံချင်ဖြစ်ကာ ရဲဒင်းဂိုဏ်းချုပ်၏ဆရာနှင့် တွေ့ဆုံရန် ထွက်လာခဲ့သည်။

သို့သော် ရဲဒင်းဂိုဏ်းချုပ် ချန်းမင်းအကြောင်းသာ စုံစမ်းသိရှိခဲ့သည်။

နောက်ကွယ်တွင် ကြိုးကိုင်နေသည်ဟု ထင်ရသော ချန်းမင်း၏ဆရာအကြောင်း စုံစမ်းမရဘဲ ဖြစ်နေ၏။

ထို့ကြောင့် လေလွင့်ခြဝင်း၌ သာမန်လူတစ်ဦးကဲ့သို့ နေထိုင်ကာ ချန်းမင်း၏ဆရာ ပေါ်ထွက်အောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ကြံစည်နေခဲ့သည်။

ယခု ရဲဒင်းဂိုဏ်းနှင့် ပြဿနာ တက်ခဲ့ချေပြီ။

နောက်ဆုံး၌ ရဲဒင်းဂိုဏ်းအား ချေမှုန်းလိုက်ပါက ချန်းမင်း၏ဆရာ ထွက်လာနိုင်သည်ဟု သူက တွေးလိုက်မိလေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။